# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၃၅၈)


## ဆက်လက်ဆောင်ရွက်မည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ

❖ ရန်ကုန်မြို့ကြီး၏ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေကို အမြန်ဆုံးကုစားပေးနိုင်ရန်အတွက် ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ကမ္ဘာ့ဘဏ်လက်အောက်ခံ IFC နှင့် ညှိနှိုင်းခဲ့ပြီး လာမည့် ၂၀၁၉ ခုနှစ်ထဲတွင် စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေပါသည်။ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရုံမက အလုပ်အကိုင်အခွင့်အလမ်းများ အမြောက်အမြားပေါ်ထွက်လာရန်လည်း မျှော်မှန်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

❖ (၂)နှစ်ခွဲတာကာလအတွင်းတွင် PPP စနစ်နှင့် အခန်း ၄၀၀၀ ကျော်၊ ကုမ္ပဏီများအနေနှင့် အခန်း ၆၀၀၀ ကျော် စုစုပေါင်း အခန်းပေါင်း (၁)သောင်းကျော် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

❖ တစ်နိုင်ငံလုံးတွင်ရှိသည့် မြို့ပေါင်း ၃၃ မြို့၏ မြို့ပြစီမံကိန်းများကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်ပူးပေါင်းပြီး မြို့ပြစီမံကိန်းများ ပြန်လည်ရေးဆွဲနေပါသည်။

❖ မြို့ပြနှင့် အိမ်ရာများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လာမည့် (၃) နှစ်တာကာလအတွင်း ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် မြို့ပြစီမံကိန်းနှင့် စက်မှုမြို့တော်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mrs. Dorothee Janetzke -Wenzel အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျာမနီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mrs. Dorothee Janetzke -Wenzel အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေး စင်တာ ကျောင်းတိုက်၏ ဆရာတော်အား အိန္ဒိယနိုင်ငံ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံမှ World Outstanding Buddhist Leader Award နှင့် Dr.B.R.Ambedkar International Buddhist Award ဆုများအား ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ နတ်(ဂ)ပူးမြို့တွင် စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသော International Buddhist Youth Conference အခမ်းအနား၌ စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သောဘိတ အား World Outstanding Buddhist Leader Award ဆုနှင့် နတ်(ဂ)ပူးမြို့၏ အကြီးကျယ်ဆုံးဆုဖြစ်သော Dr.B.R. Ambedkar International Buddhist Award ဆုတို့ကို ယနေ့ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆရာတော်သည် မကြာသေးမီကပင် ဆွီဒင်နိုင်ငံမှ ချီးမြှင့်သော ကမ္ဘာ့ဗုဒ္ဓငြိမ်းချမ်းရေးဆုကို လက်ခံရရှိထားပြီးဖြစ်ကာ ယခုအခမ်းအနားကို နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ဘာသာရေးခေါင်းဆောင်များ၊ ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၁၀၀၀ ဝန်းကျင်ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်ဆု ငါးဆု (World Outstanding Buddhist Leader Award) နှင့် နတ်(ဂ)ပူးမြို့၏ အကြီးကျယ်ဆုံးဆု ဖြစ်သော Dr. B.R. Ambedkar International Buddhist Award ဆု ငါးဆုတို့အား ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေးကိစ္စများ၊ လူသားအကျိုးပြုလုပ်ငန်းများတွင် ကြိုးစားဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ခန့်အပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ✤





မြန်မာ့အလင်း

# တရားဝင်ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းဖြင့် ကာကွယ်စောင့်ရှောက်မှုကို အပြည့်အဝရယူ

ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများတွင် MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်မှု စတင်ပြီဖြစ်ကြောင်း သိရသည်။ ယင်းသို့ စေလွှတ်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာရေလုပ်သားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံမှ အာမခံချက်များပေးမှုကို ရယူနိုင်ရန် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာရေလုပ်သားများ စုစုပေါင်း ၄၀၀၀၀ ကျော်၊ ရေလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများတွင် မြန်မာလုပ်သား ၄၅၀၀၀ ကျော်၊ ရေထွက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများတွင် မြန်မာရေလုပ်သား ၅၁၀၀၀ ကျော်ရှိကြောင်း ထိုင်းဘက်မှ စာရင်းများက ဖော်ပြထားကြောင်း သိရသည်။

ထိုင်းသို့ မြန်မာရေလုပ်သားများ တရားဝင်စေလွှတ်ရာတွင် ရေလုပ်ငန်းနှင့် ရေလုပ်သားများသည် ထိခိုက်လွယ်သည့် အလုပ်အမျိုးအစားတွင် ပါဝင်သည့်အတွက် အထူးဂရုပြု ဆောင်ရွက်ပေးရန်လိုကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သတိပေးပြောကြားထားသည်။ ထိုင်းနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းသည် နောက်ခံသမိုင်းကြောင်းအရ လူကုန်ကူးမှုနှင့် အချို့သော ဖြစ်ရပ်များတွင် ခေတ်သစ်ကျေးကျွန်ပြုသည့် ပုံစံမျိုးအထိ နာမည်ဆိုးထွက်ခဲ့ပြီး ကမ္ဘာက စောင့်ကြည့်ခဲ့ရသည့် အခြေအနေအထိ ရောက်ခဲ့သော သာဓကများ ရှိထားခြင်းကြောင့်လည်း ပြည်ထောင်စုဝန်ကြီးက ယင်းကဲ့သို့ သတိပေးခဲ့ခြင်းဖြစ်သည်ဟု ယူဆမိသည်။ လူပွဲစားများ၊ တစ်ဆင့်ခံ ကန်ထရိုက်တာများဖြင့် တရားမဝင် လူစုဆောင်းခြင်း၊ လုပ်ငန်းခွင်အခြေအနေနှင့် လုပ်ခလစာများ ထင်သာမြင်သာ ပွင့်ပွင့်လင်းလင်းမရှိခြင်း၊ လူကုန်ကူးသူများက အလုပ်သမားများတွင် ပါလာသည့် မှတ်ပုံတင်၊ ခရီးသွားလက်မှတ် အပါအဝင် အထောက်အထားများကို အကြောင်းပြချက်အမျိုးမျိုးဖြင့် သိမ်းဆည်းကာ အလုပ်လုပ်ခွင့်ပါမစ်အတုများ ထုတ်ပေးထားခြင်း စသည်တို့ကို တရားမဝင် ရွှေ့ပြောင်းလုပ်သားများ တွေ့ကြုံခံစားကြရပြီး ရေလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရသည့် ရေလုပ်သားများ၏ အခြေအနေမှာ အဆိုးရွားဆုံးဖြစ်ကြောင်း နိုင်ငံတကာအဖွဲ့အစည်းများက လေ့လာဖော်ထုတ်ထားသည်။

ယခု MoU စနစ်ဖြင့် တရားဝင်သွားရောက်ရာတွင်မူ အခွင့်အရေးချိုးဖောက်မှု၊ မတရားနှိပ်စက်ညှဉ်းပန်းမှု၊ ခွဲခြားဆက်ဆံမှုများ ကဲ့သို့သော အလုပ်သမားများအပေါ် ကျူးလွန်မှုများ ပေါ်ပေါက်လာပါက ကာကွယ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး နစ်နာဆုံးရှုံးမှုများ ရှိလာပါကလည်း ပြန်လည်ရရှိအောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီများသည် မိမိတို့လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့ အကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ မိမိနိုင်ငံသား အလုပ်သမားများ၏ အကျိုးစီးပွားကို လည်း အလေးထားပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြခြင်း၊ ကျင့်ဝတ်ကို စောင့်ထိန်းခြင်းတို့ဖြင့် ရေရှည်ရပ်တည်သွားကြရန် လိုမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် နိုင်ငံရပ်ခြားတွင် သွားရောက်ကာ ဝမ်းစာရှာဖွေကြမည့်သူများသည် မိမိတို့တွင် တာဝန်ဝတ္တရားများရှိသလို အခွင့်အရေးများ ရှိနေသည်ကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ကြရန်လိုအပ်ပြီး မိမိတို့၏ အခွင့်အရေးများကို ရယူကာကွယ်နိုင်ကြရမည် ဖြစ်သလို မိမိတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ကျေပွန်စွာ ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ အရေးကြီးဆုံးအချက်တစ်ရပ်မှာ မိမိတို့ ပရိယေသနဝမ်းစာရှာဖွေရန် ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်ရာ နိုင်ငံ၏ တရားဥပဒေများကို လေးစားလိုက်နာကြရန်ဖြစ်ပြီး မိမိတို့ ပင်ပင်ပန်းပန်း လုပ်ကိုင်၍ ရရှိလာသော လုပ်ခလစာတို့ကို မိမိတို့၏ မိသားစုဘဝ မြင့်မားလာရေးအတွက် အကျိုးရှိစွာ စုဆောင်းသုံးစွဲနိုင်ကြရန် ဖြစ်သည်ဟု အကြံပြုလိုပါကြောင်း။ ။




## စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရကျောင်းသားဟောင်းများအသင်း၏ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအသင်း (AUAA) ရန်ကုန်ရုံးခွဲ ကစီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို "ဥပဒေရှိတဲ့ ပိုးသတ်ဆေးအကြောင်း" ခေါင်းစဉ် ဖြင့် စက်တင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲ ကြို့ကုန်း-ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဦးအောင်ကျော်ဦး (ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ)၊ ဒေါ်ခင်မိုးခိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဥယျာဉ်/ဇီဝ)၊ ဦးခင်မောင်လင်း (တောင်သူ)၊ Mr. Bae Do Chan Agriculture Specialist- KOICA၊ ဒေါ်ခင်သက်ရီ (Regulatory Manager, Bayer Co.,Ltd.)တို့က ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ **သတင်းစဉ်**

## အာဆီယံဆု (ASEAN Prize) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဆုံးအကြိမ် အာဆီယံဆု (ASEAN Prize) ကို ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့အား လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း အာဆီယံနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ပြသနိုင်ရမည် ဖြစ်ပါသည်။ ထို့အပြင် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်း ဖော်ပြနိုင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ နိုင်ငံသား/အဖွဲ့အစည်းအနေဖြင့် လျှောက်ထားသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းသည် မိမိ (သို့မဟုတ်) အဖွဲ့အစည်းနှင့် ပတ်သက်သည့် အချက်အလက်နှင့် မိမိ (သို့မဟုတ်) အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတင်သွင်းရန်အတွက် နောက်ဆုံးရက်မှာ ၂၇-၉-၂၀၁၈ ရက်နေ့ဖြစ်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com အား လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အဆိုပါဆုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက http://asean.org/?static post =asean-prize-2018 တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

## အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးသစ်တောမြေအား မြေကွက်ဖော်နေခြင်းကို တားဆီးပေးရန် မလှိုင်မြို့ ဒေသခံပြည်သူများ လိုလားနေ

**မလှိုင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြင်းတွင်းအုပ်စု မြင်းတွင်းကျေးရွာအနောက်ကွင်းအမှတ်(၁၂၀) ညောင်ကန်မြောက် ကွင်းအမှတ်(၁၂၁) နှင့် မြောက်လည်ကျေးရွာအုပ်စု မြောက်လည် မြောက်ကွင်းအမှတ်(၁၁၃)တို့ရှိ သစ်တောဧက ၇၀၀ ကျော်ခန့်အတွင်း၌ မြေကွက်ဖော် လုပ်ဆောင်နေခြင်းကို တားဆီးပေးရန် ဒေသခံပြည်သူများမှ မျှော်လင့်နေကြောင်း သိရသည်။

အဆိုပါ ကြိုးပြင်ကာကွယ်တောမှာ ၁၉၈၁ ခုနှစ်တွင် စတင်၍ တည်ထောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှစ၍ စိမ်း/စို ဦးစီးဌာနမှ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်နောက်ပိုင်းတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပြင်ကာကွယ်တောအဖြစ် သစ်တောဦးစီးဌာနက တာဝန်ယူခဲ့ကြောင်း၊ ကြိုးပြင်ကာကွယ်တော နယ်နိမိတ်အနေဖြင့် ကျောက်ပုံပုံသတ်မှတ်ခြင်း၊ အပူပိုင်းဒေသနှင့် ကိုက်ညီသော သစ်ပင်စိုက်ပျိုးခြင်းများကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လုပ်ဆောင်ခဲ့ကြောင်းကို သစ်တောစောင့်အဖြစ် လုပ်ဆောင်ခဲ့သူ ကျေးရွာနေ ဦးစိန်ဝင်း ထံမှ သိရသည်။

ဦးစိန်ဝင်း က"ကျွန်တော် ဒီသစ်တောကို စတင်စောင့်ရှောက်ခဲ့တာ လစာမပေးဘဲ တစ်လ ဆန်တစ်အိတ်ပေးတဲ့ အချိန်ကတည်းကပါ။ အဲဒီ နောက်ပိုင်းမှာ တစ်လငွေကျပ် ၅၂၀ ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်စိုက်ပျိုး စောင့်ရှောက်ခဲ့တာပါ။ ခုလို စက်ယန္တရားတွေနဲ့ ထိုးတဲ့အတွက် အင်မတန်ဝမ်းနည်းရတယ်။ သစ်တောအတိုင်း ရှိနေစေချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်တို့ဒေသက အပူပိုင်းဒေသပါ။ သစ်တောပြုန်းတီးတာ ကျွန်တော်တို့ ဒေသမှာရှိတဲ့ ဒေသခံတောင်သူတွေအတွက် စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ ထိခိုက်စေပါတယ်။ ဒီသစ်တောကို ကျွန်တော်တို့ ဒေသခံတွေ ထိန်းသိမ်းစောင့်ရှောက်တာ ကျွန်တော် မီသလောက်တင် နှစ် ၂၀ ကျော်ပါပြီ။ ဒီသစ်တောကို ခုလို အကွက်ဖော်ပြီး စက်တွေနဲ့သစ်တောတွေ ထိုးပစ်တော့ ရာသီဥတုပူပြင်းလာပြီး ဒေသခံပြည်သူတွေရဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အများကြီးထိခိုက်လာပါတယ်။ ကြိုးပြင်ကာကွယ်တောကို မပျက်စီးစေချင်ပါဘူး" ဟု ဒေသခံတောင်သူ ဦးဇော်ဦး က ပြောသည်။

"၂၀၁၆ ခုနှစ်က စလုပ်တာ။ သက်ဆိုင်ရာကို တင်ပြပြီးတားတော့ ဆက်မလုပ်ဖို့ တားပါတယ်။ ခုပြန်လုပ်တာပါ။ သူတို့မှာ ခွင့်ပြုလက်မှတ်တစ်ခုရှိတယ်ပြောတယ်။ ကျွန်တော်တို့လည်း လွှတ်တော်အမတ်တွေ တင်ပြတော့ လွှတ်တော်အမတ် ဦးချစ်မင်းသိန်းကနေ တစ်ဆင့် မိတ္တူရပါတယ်။ လူ ခုနစ်ဦး မြေယာပိုင်ဆိုင်ခွင့် ပြုထားတာပါ။ မန္တလေးတိုင်းဒေသကြီး လုပ်ငန်းအဖွဲ့လို့ ပါပါတယ်။ အတွင်းရေးမှူးဆိုတဲ့ လက်မှတ်ပါတယ်၊ နာမည်မပါဘူး။ လုပ်ငန်းအဖွဲ့လို့ပါတယ်၊ ဘယ်လုပ်ငန်းအဖွဲ့လို့မပါဘူး။ သက်သေခံ မြေပုံအတိုင်းလို့ပါတယ်၊ မြေပုံမပါဘူး။ ဒီကိစ္စတွေကို သိချင်ပါတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူတွေအနေနဲ့ မြင်းတွင်းရွာက နှစ်ယောက်ပါတယ်။ ကျန်ငါးဦးက ကျွန်တော်တို့ ရွာက မဟုတ်ပါဘူး။ ဒါပေမယ့် မြင်းတွင်းကျေးရွာ လိပ်စာတပ်ထားတယ်။ မြေလွတ်မြေရိုင်းကို လုပ်ပိုင်ခွင့်ပေးတာ လိပ်စာမမှန် ရုံမကဘူး။ နိုင်ငံသားမှတ်ပုံတင်အမှတ်လည်း မပါဘူး။ ဒီလိုပေးလို့ ရလားဆိုတာ ရှင်းရှင်းလင်းလင်း သိချင်ပါတယ်" ဟု မြင်းတွင်းရွာနေ ဦးကျော်လင်းစိုး က ပြောကြားသည်။

အဆိုပါ သစ်တောအား အပူပိုင်းဒေသ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတောအဖြစ် မလှိုင်မြို့နယ် သစ်တောဦးစီးဌာနက ၁၉၉၀ ပြည့်နှစ်တွင် သတ်မှတ်ဖော်ဆောင်ခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ကာကွယ်စောင့်ရှောက်မှု အားနည်းလာသဖြင့် လူခုနစ်ဦးက မြေကွက်ဖော်ခြင်း၊ ကြိုးဝိုင်းအတွင်း သက်တမ်းနှစ် ၃၀ ကျော်ရှိ အော်ရီးရှားအပင်များ၊ သဘာဝပေါက်ပင်များနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသော အပင်များကို စက်ယန္တရားများနှင့်ထိုးခြင်းများ ပြုလုပ်၍ မလှိုင်မြို့နယ် မြင်းတွင်းကျေးရွာနေ ဦးကျော်လင်းစိုး၊ ဦးဇော်ဦးနှင့် ဦးကျော်စွာတို့က ဦးဆောင်ပြီး မြေယာလုပ်ပိုင်ခွင့်ရရှိသူ ခုနစ်ဦးအား မြေယာထုတ်ပေးမှုအပေါ် ပွင့်လင်းမြင်သာမှုမရှိခြင်းကို စက်တင်ဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် မြင်းတွင်းကျေးရွာအုပ်စု မြင်းတွင်း (တောင်) ကျောင်းဓမ္မာရုံတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ **ဘိုဘို(မလှိုင်)**



# မြန်မာနိုင်ငံအမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၄

**မြန်မာနိုင်ငံ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေး ဒုတိယအကြိမ်အစည်းအဝေးကို နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။** (အောက်ပုံ)

အဆိုပါ အစည်းအဝေးသို့မြန်မာနိုင်ငံအမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဗဟိုအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ(မူကြမ်း)အား ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးအကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ထားသည်များ၊ ယခုအပြီးသတ်မူကြမ်းအပေါ် ထပ်မံဖြည့်စွက်သင့်သည်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

မှုခင်းကြိုတင်ကာကွယ်ရေးသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရေရှည်မျှော်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ အတည်ပြုပြဋ္ဌာန်းပြီးပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့မှ မဟာဗျူဟာမျှော်မှန်းချက်များနှင့်အညီ ဒေသအခြေအနေနှင့်ကိုက်ညီပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော မှုခင်းကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား လယ်ယာကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mrs. Dorothee Janetzke - Wenzel နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား လယ်ယာကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဘာလင်မြို့တွင်ကျင်းပမည့် (၁၁)ကြိမ်မြောက် Global Forum for Food and Agriculture (GFFA) သို့ တက်ရောက်ဆွေးနွေးရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု တိုးတက်ရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငါးမွေးမြူရေးအစီအစဉ် (MYSAP) စီမံကိန်းအား လက်မှတ်ရေးထိုးအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ မဟာဓာတ်အားလိုင်း ပြင်ပလျှပ်စစ်မီးလင်းရေး လုပ်ငန်းများအား ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဂျာမနီနိုင်ငံသို့ တိရစ္ဆာန် မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ကာလတိုသင်တန်းနှင့် ဘွဲ့လွန်သင်တန်းများ စေလွှတ်သင်ကြားနိုင်ရေး ကိစ္စရပ်များ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထုတ်ကုန်ပစ္စည်းများ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**





**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံခြားရေးကော်မတီ၏ဖိတ်ကြားမှုဖြင့် အမျိုးသားလွှတ်တော် မြန်မာ -တရုတ် လွှတ်တော်ချင်း ရင်းနှီးချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြသောင်းနှင့် အဖွဲ့ဝင် ၁၀ ဦးတို့ စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

သတင်းစဉ်

# မြန်မာ့စာတိုက်ကြီး၌ စာပို့သင်္ကေတ အသိပညာဝေမျှခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးသုံးခုအတွက် စာပို့သင်္ကေတ အသိပညာဝေမျှခြင်း အခမ်းအနားနှင့် မိုရီဆာကီဝင်းအား စာပို့သင်္ကေတ သံအမတ်အဖြစ် ခန့်အပ်ခြင်းအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ မြန်မာ့စာတိုက်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာ့စာတိုက်၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်နှင့် JICA မြန်မာရုံး၏ ဌာနကိုယ်စားလှယ်ချုပ် Mr. Masayuki kara-sawa တို့က အမှာစကားပြောကြားပြီး မြန်မာ့စာတိုက်၏ ပိုစတာ၊ ပြက္ခဒိန်များအကြောင်းကို ရှင်းလင်းပြသခဲ့သည်။

မြန်မာနိုင်ငံတွင် စာပို့သင်္ကေတ (Post Code) စာအုပ်ထုတ်ဝေခြင်းကို ၁၉၈၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုသို့ ထုတ်ဝေခဲ့သောစာပို့သင်္ကေတစာအုပ်များတွင် ဂဏန်းငါးလုံးရှိခဲ့ပြီး ပထမနှင့် ဒုတိယဂဏန်းနှစ်လုံးမှာ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကိုယ်စားပြု၍ တတိယနှင့် စတုတ္ထဂဏန်းနှစ်လုံးမှာ မြို့နယ်များကို ကိုယ်စားပြုပြီး ပဉ္စမမြောက် နောက်ဆုံးဂဏန်းမှာ စာတိုက်ကို ကိုယ်စားပြုကြောင်း သိရသည်။

ယခင်ထုတ်ဝေခဲ့သော စာအုပ်များတွင် စာတိုက်ကုတ်နံပါတ်ကိုသာ ရေးသားထားသည့်အတွက် စာတိုက်ဝန်ထမ်းများသာ သိရှိနိုင်ပြီး ပြည်သူများအနေဖြင့် အလွယ်တကူ သိရှိနိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။ ယခုထုတ်ဝေသောစာအုပ်တွင် ပြည်သူများကိုယ်တိုင် အလွယ်တကူ ရှာဖွေနိုင်ရန် စီစဉ်ထားပြီး တိုင်းဒေသကြီးသုံးခုရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်း၊ ကျေးရွာအုပ်စု၊ ကျေးရွာများအထိ ဖော်ပြထားကြောင်း သိရသည်။

ပြည်သူများ စာပို့သင်္ကေတကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရန် ရည်ရွယ်၍ အသစ်ထုတ်ဝေသော စာပို့သင်္ကေတစာအုပ်ကို JICA၊ MIC နှင့် Japan Post တို့မှ မြန်မာ့စာတိုက်လုပ်ငန်းနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

● *ကျောဖုံးမှ*

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက "မြန်မာနိုင်ငံမှာက ရွှေသယံဇာတထွက်ပေမယ့် ဈေးကွက်မရှိတော့ သူများနိုင်ငံဈေးကွက်ကို အားကိုးနေရတယ်။ တချို့ဖြစ်တဲ့ဈေးနဲ့ နယ်စပ်မှာ ရောင်းနေရတယ်။ ရွှေသယံဇာတ ထွက်ပေမယ့် ပြည်သူလူထုအတွက် ထင်သလောက် အကျိုးရှိရှိအသုံးချလို့ မရခဲ့ဘူး" ဟု ပြောသည်။

ယခင်က မြန်မာ့ရွှေများကို တရားမဝင် တင်ပို့ရောင်းချခြင်းများကြောင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးမှုများရှိခဲ့ကြောင်း One Stop Service Centre ကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်အတွက် အခွန်အခများရရှိလာမည်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဝင်ရောက်လာနိုင်ကာ နိုင်ငံခြားငွေကိုလည်း ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက သိရသည်။

"အရင်ကရွှေကို Export လုပ်နေတဲ့ပုံစံက တရားမဝင် သွားတယ်။ တရုတ်ပြည်က နီးတယ်။ လွယ်တယ်။ လာလို့ရတဲ့အခါကျတော့ တရုတ်ပြည်ဘက် အကုန်ထွက်ကျတယ်။ အရင်တုန်းက တရုတ်ဈေးကွက်ပေါ်မူတည်ပြီး မြန်မာ့ရွှေဈေးကွက် အပြောင်းအလဲဖြစ်တယ်။ ပြည်တွင်းအခြေအနေပေါ် မူတည်ပြီးလည်း အပြောင်းအလဲဖြစ်တယ်။ ဒါမျိုးနဲ့ သွားနေတာ။ ငွေတွေကလည်း ပြည်တွင်းကို ပြန်ဝင်မလာဘူး။ နယ်စပ်မှာပဲ ယွမ်အနေနဲ့ ပျောက်သွားတဲ့ အနေအထားပေါ့။ OSSC လုပ်လိုက်တော့ Export ပို့ချင်တဲ့သူက လောလောဆယ် တရားဝင် လာလျှောက်လို့ရတယ်။ Export Duty က သုညရှိတယ်။ ကြိုတင်ခွန်က နှစ်ရာခိုင်နှုန်းပဲ ဆောင်ရတယ်။ ကုန်သည်ရဲ့သဘောက မြတ်မှ ပေးရမယ့်သဘောပေါ့။ မြန်မာနိုင်ငံကို သန်းနဲ့ချီပြီး ဒေါ်လာတွေ ပြန်ဝင်လာမယ့် အနေထားမှာရှိတယ်။ အစိုးရပိုင်းအနေနဲ့လည်း အရင်က ဝင်ငွေ လုံးဝမရဘူး။ လက်ရှိအနေအထားမှာ တရားဝင်တင်ပို့ပြီဆိုရင် အစိုးရအတွက် အခွန်ဝင်ငွေ တိုးတက်လာမယ်" ဟု မြန်မာ့ရွှေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာရဲသူအောင်က ပြောသည်။

One Stop Service Centre မှ ရွှေဈေးနှုန်း အတည်ပြုမှုကို နိုင်ငံတကာ ရွှေဈေးနှုန်း စံသတ်မှတ်ချက်နှင့် ပြည်တွင်း ရွှေဈေးနှုန်းတို့အပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈေးကွက်အတွင်း ရွှေနှင့် လက်ဝတ်ရတနာများ တင်ပို့/တင်သွင်းမှုများကိုလည်း စောင့်ကြည့်သွားမည်ဖြစ်ကာ ဈေးကွက်အခြေအနေအရ ထိန်းကွပ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း OSSC မှ သိရသည်။

ယနေ့ပြုလုပ်သည့် One Stop Service Centre ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက One Stop Service Centre သည် တင်းကျပ်ရန် မဟုတ်ကြောင်း၊ ကြိုးနီစနစ်တွေလိုမျိုး ယန္တရားလုပ်ဖို့ မဟုတ်ကြောင်း၊ ချက်ချင်း ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်ရန် အတွက်ဖြစ်ကြောင်း၊ One Stop Service Center သည် လွယ်လွယ်ကူကူ ရောင်းဝယ်နိုင်သည့် အခြေအနေတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လည်း အကျိုးရှိလာမည်ဖြစ်ကြောင်း ပြောသည်။

One Stop Service Centre တွင် အကောက်ခွန်ဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဌာန၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်အဖွဲ့အစည်းများ ပါဝင်မည်ဖြစ်ပြီး တင်သွင်း၊ တင်ပို့သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း OSSC မှ သိရသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်ကစပြီး ရွှေဈေးကွက် ဖွံ့ဖြိုးလာခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လွတ်လပ်သော ကုန်သွယ်ခွင့်ကို ယခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာထုတ်ပြန်ခဲ့ပြီး အပြီးသတ် တင်ပို့တင်သွင်းခွင့်ကို စက်တင်ဘာ ၃ ရက်က ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက သိရသည်။

**မင်းသစ်(MNA)၊ ဓာတ်ပုံ - ရဲထွဋ်**



✤ ရှေ့စာမျက်နှာမှ

အခမ်းအနားတွင် ဆရာတော်က ကျေးဇူးတင်ဂုဏ်ပြုစကား မိန့်ကြားရာတွင် "ယခုလက်ခံရရှိတဲ့ World Outstanding Buddhist Leader Award ဆုနဲ့ Dr.B.R. Ambedkar International Buddhist Award ဆုတို့ဟာဆိုရင် မြန်မာနိုင်ငံတစ်ခုတည်းအတွက်သာမက ဗုဒ္ဓဘာသာအဝန်းအဝိုင်း၊ အိန္ဒိယပြည်နှင့် ကမ္ဘာ့လူသားမျိုးနွယ်တစ်ခုလုံးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ပေးရမယ့် ဆုအဖြစ် မှတ်ယူလက်ခံထားပါတယ်။ ဒီဆုတံဆိပ်ကိုလက်ခံပြီး ဘုန်းဘုန်းအတွက် ကမ္ဘာလောကသားတွေအပေါ် လူသားဖြစ်တည်မှုရဲ့ အစစ်အမှန်တန်ဖိုး၊ အကြမ်းမဖက် စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရယူရမယ်လို့ သန္နိဋ္ဌာန်ချမှတ် ယုံကြည်ထားပါတယ်" ဟု မိန့်ကြားသည်။

ဆရာတော်သည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး၌ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း၊ Center for Human Resources Development တို့ကို ဖွင့်လှစ်ထားရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင်လည်း သီတဂူဗုဒ္ဓတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ထားရှိကာ ဥရောပတိုက် နယ်သာလန်နိုင်ငံ အမ်စတာဒန်မြို့တွင်လည်း ဗုဒ္ဓဘာသာ သာသနာပြုကျောင်း တည်ထောင်ဖွင့်လှစ်ထားကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂုရုဓမ္မအခါတော်နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့် ဂုရုဓမ္မအခါတော်နေ့ မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်ကြီး အပေါ်ထပ်၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက နတ်ပြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်း၊ ပင့်လျှောက်ထားသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားမြတ်စွာဘုရားထံ ဂုရုဓမ္မအမည်ရသော ငါးပါးသီလကို ခံယူတည်ဆောက်ခြင်းကို ဆောင်ရွက်ကြပြီး ဂုရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက မင်္ဂလာထောမနာစကား မြွက်ကြားတော်မူကာ အခမ်းအနားကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တာချီလိတ်မြို့တွင် မူးယစ်ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်ရေးလုပ်ငန်း ဆောင်ရွက်

တာချီလိတ် စက်တင်ဘာ ၂၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် တာချီလိတ်မြို့ ဘဒ္ဒန္တ ဓမ္မသီရိ (နဂါးနှစ်ကောင်ဆရာတော်ကြီး) အား ဖူးမြော်ကြည်ညို၍ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း အသစ်တည်ဆောက်ဖွင့်လှစ်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။**



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက နဂါးနှစ်ကောင်ကျောင်းတိုက်ရှိ ဘဒ္ဒန္တ ဓမ္မသီရိ (နဂါးနှစ်ကောင်ဆရာတော်ကြီး) အား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် တာချီလိတ်မြို့ရှိ ရွှေတိဂုံစေတီတော်တွင် ပန်း၊ ဆီမီး ကပ်လှူပူဇော်ပြီး အလှူငွေများ လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းနှင့် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်မည့်နေရာသို့ရောက်ရှိပြီး ဌာနမှတာဝန်ရှိသူများက သဘာဝဘေးကြောင့် ကျောင်းဝင်းနံရံ ရေတိုက်စားပျက်စီးခဲ့၍ နှစ်စဉ် ကျောင်းဝင်းအတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် Master Plan ကို စနစ်တကျရေးဆွဲ၍ အမြန်ဆုံးတင်ပြရန် ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် ဝန်ကြီးဌာန၏ မူဝါဒများနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ဌာနမှဝန်ထမ်းများအား တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ မူလတန်းကြိုကျောင်းရှိ ကလေးငယ်များအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး အာဟာရမုန့်များ ပေးဝေသည်။ ထို့နောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း တည်ထောင်ဖွင့်လှစ်နိုင်မည့် မြေနေရာအနေအထားများကြည့်ရှုကာ မူးယစ်ပြန်လည်ထူထောင်ရေး သင်တန်းများ ထိထိရောက်ရောက် အကျိုးရှိစွာ ဖွင့်လှစ်သင်ကြားပေးနိုင်မည့် လုပ်ငန်းစဉ်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်နယ်စပ်ဂိတ်သို့ရောက်ရှိပြီး မယ်ဆိုင်ချောင်းရေ တိုက်စားမှုကြောင့် ရွှေနန်းတော်ကုန်တိုက်အနီး မြေထိန်းနံရံ ပြိုကျပျက်စီးခဲ့သည့် အခြေအနေကို ကြည့်ရှု၍ ပြန်လည်တည်ဆောက်ရန်အတွက် စီမံချက်ရေးဆွဲ၍ အမြန်ဆုံးတင်ပြပေးရန် ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် တာချီလိတ်မြို့ တာလော့ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းသို့ သွားရောက်ကာ ကလေးငယ်များအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး တာလော့ဈေးသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖန်းမောက်မြို့နယ်၌ တီဘီသံသယလူနာ ၁၉၀ ကျော်ကို ရောဂါရှာဖွေစစ်ဆေးပေး

**ဖန်းမောက် စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်အတွင်းမှ တီဘီသံသယလူနာ ၁၉၀ ကျော်အား သလိပ်စစ်၊ ဓာတ်မှန်ရိုက်ပြီး တီဘီရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ရောဂါပိုးတွေ့ရှိပါက တစ်ဆက်တည်း ဆေးပေးကုသခြင်းကို တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေး အဖွဲ့နှင့် ဖန်းမောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး စက်တောကျေးရွာ ခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တီဘီသံသယလူနာများ ရှာဖွေဖော်ထုတ်စစ်ဆေးပေးရာတွင် စက်တောရွာနှင့် ပတ်ဝန်းကျင်ရှိ အလယ်ရွာ၊ ကံရွာ၊ လယ်နက်ကြီး၊ နားယော၊ ပေကုန်း၊ သခွတ္တာနှင့် ခိုနန်း စသည့်ရွာများမှ တီဘီသံသယလူနာ ၁၉၀ ကျော် လာရောက်၍ စစ်ဆေးကုသမှု ခံယူခဲ့ကြသလို ပြင်ပလူနာ ၂၀၀ ကျော်ကိုလည်း ဆေးဝါးများဖြင့် အခမဲ့ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း ဖန်းမောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဖြိုးကျော်အောင်၏ ပြောကြားချက်အရ သိရသည်။ **ကိုမင်း (အင်းတော်)**

# (၈၈) ကြိမ်မြောက် ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

(၈၈) ကြိမ်မြောက် ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဇနီး ဒေါ်သီသီတို့ တက်ရောက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Sahal Moustafa AHMED ERGESOUS တို့က ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(ယာပုံ)**




ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အနေနဲ့ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တစ်ခုထက်ပိုပြီးတော့ လေ့လာချင်တယ်ဆိုရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ လာရောက်လျှောက်ထားရပါမယ်

ဒေါ်ဆုရတနာကျော်

## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်သူရစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နယ်လီစန်းနှင့် ဦးစီးအရာရှိ ဒေါ်ဆုရတနာကျော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**



**ဦးမြင့်နိုင်** ။ ။ ဒီနေ့ဆွေးနွေးပွဲမှာ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးကြမယ်။ ရွေးကောက်ပွဲတွေ ရှိမယ်ဆိုရင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေကတော့ ရှိမှာပဲ။ နိုင်ငံတကာလည်း ရှိပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာလ ၃ ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမယ်လို့ ကြေညာပြီးတဲ့နောက်မှာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေကိုလည်း လာရောက်လေ့လာဖို့အတွက် လျှောက်ထားနိုင်ပါပြီဆိုပြီး ကြေညာခဲ့ပါတယ်။ ဒီလိုကြေညာပြီးကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူဆိုတာ ဘာကို ပြောတာလဲ။ ဘယ်သူတွေ ဘာတွေ လေ့လာရမှာလဲဆိုတာ မေးကြတယ်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေရဲ့ အခန်းကဏ္ဍ၊ ရွေးကောက်ပွဲစောင့်ကြည့်မှာက ဘယ်သူတွေလဲ၊ လေ့လာဖို့ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလျှောက်ထားရမလဲ၊ ဘယ်လိုခွင့်ပြုမလဲ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေကို ဘယ်အတိုင်းအတာအထိ လေ့လာခွင့်ပေးရမှာလဲ၊ သူတို့မှာ အခွင့်အရေးတွေ ဘယ်လိုရှိသလဲ၊ ဘာတာဝန်တွေ ရှိသလဲ၊ ဘယ်အချက်တွေက ဆောင်ရန်၊ ရှောင်ရန်အချက်တွေလဲ၊ ရွေးကောက်ပွဲပြီးရင် အစီရင်ခံစာ ဘယ်လိုတင်ရမလဲဆိုတာတွေကလည်း သိသင့်သိထိုက်ပါတယ်။

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေဆိုတာ သူတို့မှာ ဘာတာဝန်တွေရှိသလဲ။ သူတို့မှာ ဘာအခွင့်အရေးတွေရှိသလဲဆိုတာ တော်တော်များများ သိကြပါတယ်။ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေနဲ့ပတ်သက်ပြီး ဘယ်နေ့ကနေစတင်ပြီးတော့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်၊ အသိအမှတ်ပြုခွင့်တွေ လျှောက်ထားနိုင်ပြီဆိုပြီးတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ပါတယ်။

အောက်တိုဘာလ ၁၀ ရက်ကနေ လျှောက်ထားနိုင်ပါတယ်လို့ ကြေညာလိုက်တဲ့အခါ မေးခွန်းတွေ မေးလာကြတယ်။ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေက ဘယ်သူတွေလဲ၊ ဘာအဖွဲ့အစည်းတွေလဲ၊ ဘာလုပ်တာလဲဆိုပြီးတော့ ဒါမျိုးတွေ သိချင်လာကြတယ်။ သိသင့်ပါတယ်။ ဒါကြောင့် ပထမဆုံး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူဆိုတာ ဘာလဲဆိုတာ ဆွေးနွေးပြောပြပေးပါ။

**ဦးနိုင်သူရစိုး** ။ ။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေဆိုတာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပတဲ့ ရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲတွေရဲ့ လုပ်ငန်းစဉ်တွေကို စောင့်ကြည့်လေ့လာတဲ့ ပြည်တွင်း ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပုဂ္ဂိုလ်တွေကတော့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေ ဖြစ်ပါတယ်။

ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နဲ့ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ဆိုပြီး (၂)မျိုးရှိပါတယ်။ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေဟာ အများအားဖြင့် မြန်မာနိုင်ငံအတွင်းက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ဖြစ်ကြပါတယ်။ ဒီအဖွဲ့တွေက တာဝန်ပေးခံရတဲ့ မြန်မာနိုင်ငံသားတွေဟာ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ ဖြစ်ကြပါတယ်။ ဒီစောင့်ကြည့်လေ့လာရေးအဖွဲ့တွေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေမှာ အသိအမှတ်ပြုလွှာတွေ လျှောက်ထားဖို့ လိုအပ်ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေအဖြစ် သက်သေခံကတ်ပြားတွေ ရရှိဖို့ လိုအပ်ပါတယ်။

ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့တွေဟာ မြန်မာနိုင်ငံအစိုးရနဲ့ သံတမန်ဆက်သွယ်မှု ပြုထားတဲ့ နိုင်ငံတကာသံရုံးတွေက ကိုယ်စားလှယ်အဖွဲ့တွေနဲ့ အခြားပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ ဖြစ်ကြပါတယ်။ နိုင်ငံတကာသံရုံးတွေက စောင့်ကြည့်လေ့လာမှုပြုမယ့် ကိုယ်စားလှယ်အဖွဲ့တွေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စောင့်ကြည့်လေ့လာသူတွေအဖြစ် သက်သေခံကတ်ပြားတွေ ရရှိဖို့ လိုအပ်ပါတယ်။

အခြား ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ အသိအမှတ်ပြုလွှာတွေ လျှောက်ထားဖို့ လိုအပ်ပြီး ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖြစ် သက်သေခံကတ်ပြားတွေ ရရှိဖို့လိုအပ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ခုနပြောခဲ့တဲ့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေနဲ့ ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေ ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းဆိုရာမှာ ရွေးကောက်ပွဲလုပ်ငန်းတွေကို လုပ်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ဘယ်နှဖွဲ့ရှိလဲဆိုတာကို ပြောပြပေးပါ၊ ဘာတွေကွာခြားလဲ ပြောပြပေးပါဦး။

**ဒေါ်နယ်လီစန်း** ။ ။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ လုပ်ကိုင်နေကြတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၀၀) ကျော် (၂၀၀) နီးပါး ရှိပါတယ်။ ဒါပေမယ့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတွေကို လက်တွဲပူးပေါင်းဆောင်ရွက်နေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကတော့ (၆၀) လောက်ရှိပါတယ်။ အဲဒီ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေထဲမှာ မဲဆန္ဒရှင်အသိပညာပေးရေးလုပ်ငန်း၊ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းနဲ့ ရွေးကောက်ပွဲစောင့် ကြည့်လေ့လာရေးလုပ်ငန်းတွေ ဆောင်ရွက်ကြတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆိုပြီး သုံးမျိုး ခွဲခြားလို့ ရပါတယ်။

**ဦးမြင့်နိုင်** ။ ။ ကော်မရှင်နဲ့ ပူးပေါင်းလုပ်ဆောင်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကတော့ ရွေးကောက်ပွဲ ကျင်းပတဲ့အချိန်မှ မဟုတ်ဘဲ၊ ရွေးကောက်ပွဲမရှိလည်းဘဲ ခုနက ပြောတဲ့လုပ်ငန်းတွေကို ပူးပေါင်းပြီး ဆောင်ရွက်နေကြပါတယ်။ ရွေးကောက်ပွဲ ကျင်းပတော့မယ်ဆိုတဲ့အခါ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာဖို့အတွက် သက်သက် အသိအမှတ်ပြုလွှာ တင်ရပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် အသိအမှတ်ပြုလွှာနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ ပြောပြပေးပါဦး။

**ဒေါ်ဆုရတနာကျော်** ။ ။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူတွေအနေနဲ့ စောင့်ကြည့်လေ့လာခွင့်ရရှိဖို့ မြို့နယ်တစ်ခုတည်းမှာပဲ လေ့လာချင်တယ်ဆိုရင်တော့ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေမှာ လျှောက်ထားရပါမယ်။ ခရိုင်တစ်ခုအတွင်းမှာရှိတဲ့ မြို့နယ်တစ်ခုထက်ပိုပြီး လေ့လာချင်တယ်ဆိုရင် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေမှာ လာရောက် လျှောက်ထားနိုင်ပါတယ်။ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တစ်ခုအတွင်း ခရိုင်တစ်ခုထက်ပိုပြီး လေ့လာမယ်ဆိုရင်တော့ သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေမှာ လျှောက်ထားနိုင်ပြီး ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အနေနဲ့ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တစ်ခုထက်ပိုပြီးတော့ လေ့လာချင်တယ်ဆိုရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ လာရောက်လျှောက်ထားရပါမယ်။

**ဦးမြင့်နိုင်** ။ ။ လေ့လာတဲ့နေရာမှာလည်း မြို့နယ်တစ်ခုတည်းအတွင်းမှာပဲ လေ့လာချင်တဲ့အဖွဲ့ရှိတယ်၊ ခရိုင်အတွင်း၊ တိုင်းဒေသကြီးအတွင်း တစ်ပြည်လုံး စသည်ဖြင့်ရှိတယ်၊ အဲဒါကို ပြည်တွင်းရွေးကောက်ပွဲလေ့လာ စောင့်ကြည့်လေ့လာသူတွေ လျှောက်ရမှာဖြစ်တယ်၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေကြတော့ ဘယ်လိုလျှောက်ထားရမလဲ။ ပြောပြပေးပါဦး။

**ဒေါ်နယ်လီစန်း** ။ ။ ပြည်ပမှာ ဆိုရင်တော့ အနည်းငယ် ကွာခြားမှု ရှိပါတယ်။ ပြည်ပအဖွဲ့တွေက ခုနက ဝန်ခံကတိတွေကို လက်မှတ်ရေးထိုးရမယ်၊ ကော်မရှင်ရုံးကို ပေးပို့ရမယ်၊ ထပ်တိုးနေတဲ့ အချက်အလက်တွေ ဘယ်လိုလဲဆိုရင် နိုင်ငံတကာက အဖွဲ့အစည်းတွေ ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံလာပြီးတော့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာဖို့ လုပ်မယ်ဆိုရင် လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ငွေကြေးကို ဘယ်လိုသုံးစွဲရမယ်။ ဘယ်ကနေရရှိတယ်ဆိုတဲ့ ငွေကြေးဆိုင်ရာ အရင်းအမြစ်ကို ဖော်ပြထားတဲ့ အချက်အလက်တွေကို အဖွဲ့အစည်းရဲ့အကြီးအကဲကိုယ်တိုင်က လက်မှတ်ရေးထိုးပြီး တင်ပြပေးရပါတယ်။

နောက်တစ်ခုကတော့ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့အတွက် တခြားနိုင်ငံမှာ ဘယ်လိုမျိုး စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်ခဲ့သလဲ။ ဘယ်နိုင်ငံတွေမှာ လုပ်ခဲ့တယ်၊ ဘယ်နှုခုဆိုတဲ့ အကြောင်းအရာ ဖော်ပြထားတဲ့ အချက်အလက်တွေကို အကြီးအကဲက လက်မှတ်ရေးထိုးပြီး တင်ပြပေးရမှာဖြစ်ပါတယ်၊ ပြည်တွင်းအဖွဲ့တွေမှာဆိုရင်တော့ အဲဒီလိုအချက်တွေ မလိုပါဘူး။ နောက်တစ်ခုက နိုင်ငံတကာအဖွဲ့အစည်းတွေက ပြည်ပကနေ လျှောက်ထားရတာဖြစ်တဲ့အတွက်ကြောင့် အီးမေးလ်ကနေ ပေးပို့ရမှာဖြစ်ပါတယ်။

သူတို့ကတ်တွေကို ထုတ်ပေးတဲ့အခါ ကာယကံရှင်တွေရဲ့ ဓာတ်ပုံတွေကို soft copy အနေနဲ့ ပေးပို့ပေးရမှာဖြစ်ပါတယ်။ အဲဒါကတော့ ပြည်တွင်းနဲ့ ကွာခြားတဲ့အချက်တွေ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ လျှောက်ထားပြီးတဲ့အခါ သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲတွေက ဘယ်လိုစိစစ်ပြီး ဘယ်လိုခွင့်ပြုသလဲဆိုတာလည်း အနှစ်ချုပ်လေး ပြောပေးပါဦး။

**ဒေါ်ဆုရတနာကျော်** ။ ။ ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေဟာ စောင့်ကြည့်လေ့လာရေးလုပ်ငန်း ဆောင်ရွက်နိုင်ဖို့ ကော်မရှင်နဲ့ သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲတွေက ထုတ်ပေးတဲ့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေကို တရားဝင်အသိအမှတ်ပြုဖို့ တောင်းခံတဲ့ လျှောက်လွှာနဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ရဲ့ ဝန်ခံကတိပြုလွှာတွေကို ရယူဖြည့်သွင်းပြီးတော့ အသိအမှတ်ပြုဖို့ လျှောက်ထားရပါမယ်။ ဒီပုံစံ (၂) စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ Website ဖြစ်တဲ့ www.uecmyanmar.org မှာ download ရယူနိုင်ပါတယ်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ရဲ့ တရားဝင်အသိအမှတ်ပြုပေးဖို့ တောင်းခံတဲ့ လျှောက်လွှာမှာ ပါဝင်တဲ့အချက်တွေကတော့ (၁) စောင့်ကြည့်လေ့လာရေး အဖွဲ့အမည်၊ (၂) လိပ်စာ၊ (၃) တယ်လီဖုန်းနံပါတ်၊ (၄) တာဝန်ခံပုဂ္ဂိုလ်၊ (၅) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ (၆) ရာထူး၊ (၇) တယ်လီဖုန်းနံပါတ်၊ (၈) e-mail လိပ်စာ၊ (၉) အဖွဲ့အစည်းဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊ (၁၀) စောင့်ကြည့်လေ့လာသူ ခန့်မှန်းအရေအတွက် စတဲ့ အချက်တွေ ပါဝင်ပါတယ်။

ဝန်ခံကတိပြုလွှာမှာပါတဲ့ အချက်တွေကတော့ စောင့်ကြည့်လေ့လာရေးအဖွဲ့အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့ ဆက်စပ်ပတ်သက်တဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့ လုံးဝ (လုံးဝ) သက်ဆိုင်ခြင်း မရှိကြောင်း၊ အဖွဲ့အနေနဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေရဲ့ကျင့်ဝတ်တွေကို ဖတ်ရှုနားလည်ပြီးဖြစ်ကြောင်းနဲ့ ဒီကျင့်ဝတ်တွေကို လိုက်နာပါ့မယ်ဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေအတွက်ကျတော့ ဘယ်လိုကွာခြားမှု ရှိပါသလဲ။

**ဒေါ်နယ်လီစန်း** ။ ။ ပြည်ပကလည်း အလားတူပါပဲ။ ရွေးကောက်ပွဲမတိုင်မီ ၁၅ ရက်အလိုအထိ လျှောက်ထားခွင့် ရှိပါတယ်။ လျှောက်ထားတဲ့အခါမှာ ခုနကအတိုင်းပါပဲ။ ၃ ရက်အတွင်းမှာ စိစစ်မယ်၊ မပြည့်စုံဘူးဆိုရင် ၅ ရက်အတွင်း လျှောက်ထားခွင့်ရှိပါတယ်။ ပြည့်စုံသွားပြီဆိုရင် ၇ ရက်အတွင်း ကတ်တွေ၊ အသိအမှတ်ပြုလွှာတွေကို ထုတ်ပေးရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

**“ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့တွေဟာ မြန်မာနိုင်ငံအစိုးရနဲ့ သံတမန်ဆက်သွယ်မှု ပြုထားတဲ့ နိုင်ငံတကာသံရုံးတွေက ကိုယ်စားလှယ်အဖွဲ့တွေနဲ့ အခြားပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေ ဖြစ်ကြပါတယ်။ နိုင်ငံတကာသံရုံးတွေက စောင့်ကြည့် လေ့လာမှုပြုမယ့် ကိုယ်စားလှယ်အဖွဲ့တွေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စောင့်ကြည့်လေ့လာသူတွေအဖြစ် သက်သေခံကတ်ပြားတွေ ရရှိဖို့လိုအပ်”**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ စာတမ်း

**မင်္ဂလာပါရှင်။ ရှမ်းပြည်နယ် ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းခင်စောဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်စာတမ်းကို ပါတီကိုယ်စား ဖတ်ကြားတင်ပြပါ့မယ်ရှင်။**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကြွရောက်လာကြတဲ့ အစိုးရအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သံတမန်များနှင့် ဧည့်သည်တော်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ဆုမွန်ကောင်းတောင်းဆိုလိုက်ပါတယ်။

### ဒီမိုကရေစီရှင်သန်ခိုင်မြဲစေဖို့

ဒီနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အတွက် ဆောင်ပုဒ်အဖြစ် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး"ဆိုတဲ့ ဆောင်ပုဒ်ကို သတ်မှတ်ခဲ့တာ တွေ့ရပါတယ်။ ယနေ့ မြန်မာနိုင်ငံဟာလည်း ဒီမိုကရေစီ ရှင်သန်ခိုင်မြဲစေဖို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွက် အလွန်သင့်တော်တဲ့ ဆောင်ပုဒ်တစ်ခု ဖြစ်တယ်ဆိုတာကို ဦးစွာပဏာမ ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းကို အဓိကထားပြီး စီမံအုပ်ချုပ်ခဲ့တဲ့ အတွေ့အကြုံတွေကသာများနေခဲ့တဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ နှစ်ပေါင်း (၇၀) ပြည်တွင်းပဋိပက္ခတွေဖြစ်တဲ့ စစ်ပွဲတွေရဲ့ ဒဏ်ကိုလည်း ခံနေခဲ့ရ၊ ခံနေရဆဲ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ အခုအခါမှာတော့ ပြည်သူကရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်တွေ ၇၅ ရာခိုင်နှုန်း ပါဝင်တဲ့ လွှတ်တော်တွေကို ဖွဲ့စည်းနိုင်ခဲ့ပြီး ဥပဒေပြုမှုလုပ်ငန်းတွေနဲ့ အစိုးရကို ထိန်းညှိ ထောက်ပံ့ပေးတဲ့ လုပ်ငန်းတွေကိုတော့ လုပ်ဆောင်နိုင်ခဲ့ပြီလို့ဆိုရင် မှားမယ် မထင်ပါဘူး။

### ဒီမိုကရေစီစနစ်ကို အစပျိုးနိုင်ခဲ့

ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ စီမံအုပ်ချုပ်တဲ့အစိုးရ၊ လွှတ်တော်တွေကို ပြည့်ပြည့်ဝဝ မထူထောင်နိုင်သေးပေမယ့် ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီစနစ်ကို ၇၅% လောက်တော့ ဖွဲ့စည်းနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် တိုင်းရင်းသားတွေ လိုလားတောင့်တနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတော့ ဒီနေ့အထိ တစ်စုံတစ်ရာ အတိုင်းအတာအထိတောင် မတည်ဆောက်နိုင်သေးတာကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဒီမိုကရေစီစနစ်ကို အစပျိုးနိုင်ခဲ့ပြီလို့ ဆိုချင်ရင်၊ ဆိုနိုင်ပေမယ့် အလွန်ကိုအရေးကြီးတဲ့ "အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး" လုပ်ငန်းစဉ်များကိုတော့ အပြီးသတ်အောင် မဆောင်ရွက်နိုင်သေးပါဘူး။

ဒီမိုကရေစီစနစ်ကို ထူထောင်ရာမှာ တရားဥပဒေစိုးမိုးရေးဆိုတဲ့ အခန်းကဏ္ဍကလည်း အတော်ကိုအရေးကြီးတယ်လို့ မြင်မိပါတယ်။ တရားဥပဒေစိုးမိုးခြင်းမရှိဘဲနဲ့ ဒီမိုကရေစီကို ထူထောင်ဖို့ အတော်ကိုခက်ခဲမှာဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ မှန်ကန်တဲ့ တရားဥပဒေတွေနဲ့ စီမံခန့်ခွဲအုပ်ချုပ်ရတာမို့ တရားရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်တွေက တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့သလို စစ်ပွဲတွေဆက်ရှိနေတာကလည်း တရားဥပဒေစိုးမိုးမှုကို အနှောင့်အယှက်ဖြစ်နေတာမို့ စစ်ပွဲတွေရပ်စဲဖို့ကလည်း ဒီမိုကရေစီနိုင်ငံရေးစနစ်ထူထောင်ရာမှာ အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။



ဒေါ်နန်းခင်စော စာတမ်းဖတ်ကြားစဉ်။

**"ဒီမိုကရေစီစနစ်ကို ထူထောင်ရာမှာ တရားဥပဒေစိုးမိုးရေးဆိုတဲ့ အခန်းကဏ္ဍကလည်း အတော်ကို အရေးကြီးတယ်လို့ မြင်မိပါတယ်။ တရားဥပဒေစိုးမိုးခြင်းမရှိဘဲနဲ့ ဒီမိုကရေစီကိုထူထောင်ဖို့ အတော်ကို ခက်ခဲမှာဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ မှန်ကန်တဲ့ တရားဥပဒေတွေနဲ့ စီမံခန့်ခွဲအုပ်ချုပ်ရတာမို့ တရားရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်တွေက တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်"**

ဒီမိုကရေစီရှင်သန်ခိုင်မြဲဖို့ဆိုရင် အဓိကအရေးကြီးတဲ့အချက် နောက်တစ်ခုကတော့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိဖို့ဆိုတာ မေ့ထားလို့မရတဲ့အချက်တစ်ခုဖြစ်ပါတယ်။ ပြည်သူတစ်ဦးချင်းကဖြစ်စေ၊ လွှတ်တော်အတွင်းမှာပဲဖြစ်စေ၊ ကိုယ့်ရဲ့သဘောထားဆန္ဒတွေကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောကြားခွင့်ရှိဖို့လိုပါတယ်။ အဲ့ဒီလိုမှ ထုတ်ဖော်ပြောဆိုခွင့်မရှိခဲ့ရင် ဒီမိုကရေစီရှင်သန်ရေးဆိုတာ ဖြစ်နိုင်စရာ မရှိပါဘူး။ လွတ်လပ်စွာ ပြောဆိုခွင့်ဆိုရာမှာ အမုန်းစကားတွေ၊ အကျိုးမဲ့ တိုက်ခိုက်တဲ့ စကားတွေကိုတော့ ရှောင်ရှားသင့်တဲ့ စည်းကမ်းတစ်ခုအဖြစ် သတ်မှတ်ထားဖို့တော့ လိုမှာဖြစ်ပါတယ်။

### လူသားဘဝကို ပီပြင်စေ

ဒီမိုကရေစီစနစ်ရဲ့ အားသာချက်တွေကတော့ နိုင်ငံသားတိုင်းဟာ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊ လွတ်လပ်စွာတီထွင်ဆန်းသစ်ခွင့်တွေက ရရှိနေခြင်းပဲဖြစ်ပါတယ်။ အဲ့ဒီအချက်တွေကို ဖော်ဆောင်ခွင့်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါတယ်။ နိုင်ငံသားတိုင်းအတွက် လူသားဘဝကို ပီပြင်စေမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ဆိုတာ တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်ရတဲ့ နိုင်ငံရေးစနစ်မဟုတ်ပါဘူး။ စုပေါင်းဆွေးနွေး၊ စုပေါင်းခေါင်းဆောင်ကြရတာဖြစ်ပြီး တာဝန်အရ တစ်ဦးချင်းက တာဝန်ခွဲဝေယူကြရတဲ့စနစ်ဖြစ်ပါတယ်။ အများရဲ့ဆန္ဒနဲ့ ဆုံးဖြတ်ဆောင်ရွက်ရတာကြောင့် နှောင့်နှေးမှုတွေ၊ ကြန့်ကြာမှုတွေက မလွဲမသွေရှိနေမှာဖြစ်ပေမယ့် လူအများရဲ့ဆန္ဒသဘောထားနဲ့ ဆောင်ရွက်တာမို့လို့ ဆန့်ကျင်ကန့်ကွက်မှုတွေ လျော့နည်းစေမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေးဆိုရင် အဓိကအရေးကြီးတဲ့ အချက်တစ်ချက်ကိုတော့ နောက်ဆုံးအနေနဲ့ အလေးထားပြောကြားချင်ပါတယ်။ အဲ့ဒါကတော့ သတင်းမီဒီယာလွတ်လပ်ခွင့် ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတိုင်းမှာ မဖြစ်မနေပေးအပ်ရတဲ့ သတင်းလွတ်လပ်ခွင့်ဆိုတာကို နိုင်ငံရဲ့စတုတ္ထမဏ္ဍိုင်လို့တောင်မှ တင်စားခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီရှင်သန်သလား၊ ဆိတ်သုဉ်းနေသလားဆိုတာကို သတင်းလွတ်လပ်ခွင့်နဲ့ တိုင်းတာကြည့်ရမှာ ဖြစ်ပါတယ်။ သတင်းဆိုတာက ပြည်သူလူထုဆီက တိုက်ရိုက်လာတာဖြစ်တဲ့အတွက် ဒီမိုကရေစီနိုင်ငံရေးစနစ်မှာ ပြည်သူ့အသံကို နားထောင်ရတဲ့နေရာ ဖြစ်ပါတယ်။ ပြည်သူ့အသံကို လွတ်လပ်တဲ့ သတင်းမီဒီယာတွေကတစ်ဆင့် အစိုးရ၊ လွှတ်တော်နဲ့ ပြည်သူတွေက သိရှိနေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်တဲ့သတင်းထုတ်ဖော်ရေးသားခွင့်ဟာ ဒီမိုကရေစီရှင်သန်ရေးအတွက် အလွန့်ကို အဓိကကျပြီး အလွန်ပဲအရေးပါတဲ့အချက် ဖြစ်ပါတယ်။

### ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းရဲ့လက္ခဏာ

လွတ်လပ်တဲ့သတင်းတွေကို နားမထောင်ချင်တော့ဘူး။ ပိတ်ပင်တားဆီးမှုတွေ လုပ်လာပြီဆိုရင် ဒါဟာ ဒီမိုကရေစီဆိတ်သုဉ်းခြင်းရဲ့ လက္ခဏာပဲဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ ပုံနှိပ်မီဒီယာလုပ်ငန်းတွေဟာ အစိုးရသတင်းစာကလွဲပြီး ကျန်ပုံနှိပ်မီဒီယာတွေဟာ တဖြည်းဖြည်းနဲ့ လျော့နည်းလာရာက ဆိတ်သုဉ်းရတော့မယ့် အခြေအနေကို ဆိုက်ရောက်နေပါပြီ။ ဒီနေ့ပွဲရဲ့ဆောင်ပုဒ်ကို တကယ်အကောင်အထည်ဖော်ချင်ရင် မြန်မာနိုင်ငံရဲ့သတင်းမီဒီယာ ပြန်လည်ထွန်းကားလာအောင် အစိုးရအနေနဲ့ မဖြစ်မနေ အားပေးဆောင်ရွက်သင့်ပါကြောင်း၊ ဒီမိုကရေစီရှင်သန်စေရေးအတွက် တိုက်တွန်းအပ်ပါကြောင်း၊ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

အားလုံးကို လေးစားပါတယ်။

---

*စာမျက်နှာ ၅ မှ*

နောက်တစ်ဆင့်အနေနဲ့ တကယ်လို့များ မပြည့်စုံသေးဘူးဆိုရင် ငြင်းပယ်စရာ အကြောင်းအရာ ရှိခဲ့မယ်ဆိုရင်တော့ ငြင်းပယ်ရမှာ ဖြစ်ပါတယ်။ Reject လုပ်ခံရတဲ့အခါမှာ လုပ်ခံရတဲ့ အရပ်ဘက်အဖွဲ့အစည်းကဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းကဖြစ်စေ အယူခံတင်ခွင့်ရှိပါတယ်။ သုံးရက်အတွင်း ပြည့်စုံတဲ့ အကြောင်းပြချက်တွေနဲ့ တင်သွင်းရမယ်။ ကော်မရှင်အနေနဲ့ အယူခံအပေါ်မှာ ဆုံးဖြတ်ချက်ကို သုံးရက်အတွင်းမှာ ပြန်ပြီးပေးရမှာ ဖြစ်ပါတယ်။ အဲဒီနောက် Reject လုပ်ခံရတဲ့ အဖွဲ့အစည်းကတော့ ထပ်မံလျှောက်ထားဖို့ မရှိတော့ပါဘူး။

**ဦးမြင့်နိုင်** ။ ။ လျှောက်လွှာတွေ ရရှိတဲ့အခါမှာတော့ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွေက ဘယ်လိုစိစစ်ပြီး ဘယ်လိုခွင့်ပြုသလဲ။

**ဒေါ်ဆုရတနာကျော်** ။ ။ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွေက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေက တင်သွင်းလာတဲ့ လျှောက်လွှာတွေကို စာရွက်စာတမ်း ပြည့်စုံခြင်း ရှိ မရှိ၊ လျှောက်လွှာလက်ခံရရှိတဲ့ အချိန်ကစပြီး သုံးရက်အတွင်း စိစစ်ရပါမယ်။ ပြည့်စုံခြင်းမရှိရင်တော့ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာတဲ့ အဖွဲ့အစည်းကို အကြောင်းကြားစာရရှိသည့်နေ့ကနေ ငါးရက်အတွင်း စာရွက်စာတမ်း ပြည့်စုံစွာ ပြန်တင်ပြဖို့ အကြောင်းကြားရပါမယ်။ လျှောက်ထားလွှာတွေကို စိစစ်ပြီးတဲ့နေ့ကစပြီး ခုနစ်ရက်အတွင်း အဆုံးအဖြတ်ကို လက်ခံမခံ အကြောင်းပြန်ကြားပေးရပါမယ်။

**ဦးမြင့်နိုင်** ။ ။ ခွင့်ပြုပြီးတဲ့အခါကြတော့ အသိအမှတ်ပြုလွှာကတ်နဲ့ ပတ်သက်ပြီး ပြည်တွင်းနဲ့ ပြည်ပ ခွဲခြားပြောပြပေးပါဦး။

**ဒေါ်ဆုရတနာကျော်** ။ ။ ပြည်တွင်းကတ်မှာတော့ အမျိုးအစား နှစ်မျိုးရှိပါတယ်။ ကတ်အမျိုးအစားတွေကို အပြာရောင်နဲ့ အဝါရောင်ဆိုပြီး ခွဲခြားထားပါတယ်။ သက်သေခံကတ်ပြားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ လျှောက်ထားရင် အပြာရောင်နဲ့ ထုတ်ပေးပြီး ကော်မရှင်ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပေးရပါတယ်။ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာ လျှောက်ထားမယ်ဆိုရင် အဝါရောင်နဲ့ထုတ်ပေးပြီး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လက်မှတ်ရေးထိုးပေးပါတယ်။ သက်သေခံကတ်ပြားမှာ ဘယ်လိုအချက်တွေ ပါဝင်သလဲဆိုတော့ သက်သေခံကတ်ပြား အမှတ်စဉ်နဲ့ ရက်စွဲ၊ စောင့်ကြည့် လေ့လာသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖွဲ့အစည်းအမည်၊ လေ့လာမယ့်ဒေသ၊ သက်တမ်းကုန်ဆုံးမည့်နေ့ရက်၊ စောင့်ကြည့် လေ့လာသူအဖွဲ့ဝင်ရဲ့ရောင်စုံပတ်စ်ပို့ဓာတ်ပုံတစ်ပုံ ပါဝင်ရပါမယ်။

**ဒေါ်နယ်လီစန်း** ။ ။ ပြည်ပရွေးကောက်ပွဲ လေ့လာသူတွေအတွက် ကတ်ကတော့ သုံးမျိုးရှိပါတယ်။ Diplomatic Observer ကတ်ကတော့ အစိမ်းရောင်ဖြစ်ပြီး International Observer ကတ်ကတော့ အဝါရောင်ဖြစ်ပါတယ်။ Observers from Electoral Assistance Providers တွေကတော့ အပြာရောင်ဖြစ်ပါတယ်။ ကတ်ပြား ပေါ်မှာ Observersတွေရဲ့ အမည်၊ ဓာတ်ပုံ၊ ပတ်စ်ပို့နံပါတ် စတာတွေပါရှိပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်မှတ် ရေးထိုးပေးပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ ပြည်တွင်းရော၊ ပြည်ပရော ဘယ်လိုလျှောက်ရမလဲ၊ ဘယ်လိုဝန်ခံချက်တွေ ပေးရမလဲ၊ သူတို့လျှောက်လာတဲ့အပေါ်မှာ သက်ဆိုင်တဲ့ ကော်မရှင်အဖွဲ့ခွဲတွေနဲ့ ရွေးကောက်ပွဲကော်မရှင်က ဘယ်လိုစိစစ်တယ်ဆိုတဲ့ နည်းလမ်းလေးတွေ အကျဉ်းချုပ် သိရှိပြီးပြီပေါ့နော်၊ အသိအမှတ်ပြုလွှာ ကတ်တွေကလည်း ခွဲခြားသိအောင် ပြည်တွင်း ပြည်ပ အရောင်တွေလည်း ခွဲခြားထားပြီး ကြည့်လိုက်ရင် ခွဲခြားသိနိုင်တယ်။ စောင့်ကြည့်လေ့လာခွင့်ရသွားပြီး အခွင့်အရေးတွေ၊ တာဝန်တွေ၊ ဆောင်ရန်၊ ရှောင်ရန်အချက်တွေ သူတို့တွေက ဘယ်နေရာဆီ ဘယ်လောက်အထိ စောင့်ကြည့်လေ့လာခွင့်ရှိသလဲ ဒါတွေသိဖို့လိုတာပေါ့၊ ပထမဆုံး သူတို့ရဲ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ဘယ်လိုရှိသလဲဆိုတာ ဆွေးနွေးပြောပြပေးပါဦး။

**ဦးနိုင်သူရစိုး** ။ ။ ပြည်တွင်း ပြည်ပ စောင့်ကြည့်လေ့လာသူတွေအတွက် အခွင့်အရေးတွေအနေနဲ့ (၁)ဥပဒေအကာအကွယ်နှင့် လုံခြုံရေးအကာအကွယ်၊ (၂)ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူခွင့်၊ (၃) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များစာရင်းပြုစုခြင်းတို့ကို စောင့်ကြည့်လေ့လာခွင့်၊ (၄) မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့်၊ (၅) မဲရုံအတွင်းမှအပ အခြားနေရာများတွင် မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာအသုံးပြုခွင့်၊ (၆) ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များ တွေ့ရှိပါက ကြီးကြပ်သည့် ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် မဲရုံမှူးထံ အသိပေးအကြောင်းကြားခွင့် စသည်တို့ ဖြစ်ကြပါတယ်။

အရင်က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကို မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့် မပြုခဲ့သော်လည်း ၂၀၁၅ ခုနှစ် မတိုင်ခင် ကော်မရှင်က သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေတွေကို ပြင်ဆင်ပေးခဲ့တဲ့အတွက် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေဟာ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲပေးခြင်း၊ မဲရေတွက်ခြင်း စတဲ့လုပ်ငန်းစဉ်တွေမှာ လျှို့ဝှက်မဲပေးတဲ့စနစ်ကို မထိခိုက်စေဘဲ မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့် ရရှိခဲ့ကြပါတယ်။

**ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ရခိုင်အမျိုးသားပါတီ၏ စာတမ်း

**၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို တက်ရောက် ချီးမြှင့်ပေးပါတဲ့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို "သာလီစွပါ"လို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။**

ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)၊ ရခိုင်အမျိုးသားပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

### ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်

ဒီမိုကရေစီအပေါ် ယုံကြည်လျက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းနေရတဲ့ကာလတွင် ဒီမိုကရေစီရှင်သန်ပြန့်ပွားရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်နေမှုတွင် လိုက်ပါပါဝင်နေရပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရာမှ ကျောင်းသား၊ ပြည်သူ၊ ရဟန်းရှင်လူများ ပူးပေါင်းကြိုးပမ်းမှုနှင့်အတူ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဆွဲတင်နိုင်ခဲ့တယ် ဆိုပေမယ့်လည်း ၂၀၀၈ ဖွဲ့စည်းပုံတွင် ဒီမိုကရေစီ စံနှုန်းများဆိုင်ရာ အားနည်းချက်များ ပါဝင်နေခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲမှသည် ၂၀၁၅ ရွေးကောက်ပွဲတို့တွင်လည်း ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီအနေဖြင့် ရခိုင်ပြည်သူလူထု၏ ထောက်ခံမှုများစွာဖြင့် ဒီမိုကရေစီလမ်းကြောင်း ရှင်သန်ပီပြင်လာစေရေးအတွက် လွှတ်တော်တွင်း၊ လွှတ်တော် ပြင်ပဆောင်ရွက်မှုများ၊ များစွာနှင့်အတူ ပြည်သူလူထု၏အကျိုးကို ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်တွင်လည်း ပြည်သူ့အရေးအတွက် အဆိုများ၊ မေးခွန်းများမေးမြန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီအနှစ်သာရ တစ်ခုဖြစ်သည့် ပြည်သူ့ကိုယ်စားပြုမှုနှင့် လူထု၏ လိုအပ်ချက်များကိုလည်း ဖော်ဆောင်ပေးနိုင်မှုများဟာလည်း ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်ပါတယ်။



ဦးမြင့်နိုင် စာတမ်းဖတ်ကြားစဉ်။

> **"ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားလာပြီး ပြည်သူလူထုအတွင်း ဒီမိုကရေစီအသိတရားများ ထွန်းကားလာစေရေးနှင့် အနာဂတ်မျိုးဆက်လူငယ်များ ဒီမိုကရေစီ ပညာရေး အမွေရရှိရေးသည် အရေးကြီး လိုအပ်ချက် ဖြစ်ပေသည်"**

### အရေးအကြီးဆုံးအရာ

ကျွန်ုပ်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုးတိုင်း တန်းတူအခွင့်အရေးရရှိရေးဟာ ဒီမိုကရေစီရှင်သန် ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြရသလို အားလုံးပူးပေါင်းလုပ်ဆောင်ရမည့် တာဝန်တစ်ခုလည်းဖြစ်ပါတယ်။ လက်ရှိကျင်းပနေတဲ့ (၂၁)ရာစု ပင်လုံငြိမ်းချမ်းရေး ညီလာခံကြီးမှလည်း ဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် ဖက်ဒရယ်ဆိုင်ရာ အခြေခံအုတ်မြစ်များ ချမှတ်ပေးနိုင်ရန် လိုအပ်မှာဖြစ်ပြီး၊ ငြိမ်းချမ်းသာယာပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းရေးနှင့် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးရရှိရေး၊ နိုင်ငံတွင်း ပြည်နယ်များနှင့် ပြည်မများအကြား ဖွံ့ဖြိုးမှု၊ ကွာဟမှု၊ ကြီးမားမှုတို့ဟာ လက်ရှိ ဝိုင်းဝန်းလုပ်ဆောင်ရမည့် ဖြေရှင်းပေးရမည့် အရေးအကြီးဆုံးအရာတွေ ဖြစ်ပါတယ်။

ကျွန်ုပ်တို့၏ ထွန်းသစ်စ ဒီမိုကရေစီနှင့် ဒီမိုကရေစီရှင်သန်ရေးတို့အတွက် ဝိုင်းဝန်းလုပ်ဆောင်နေရမယ့်အချိန်တွင် ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေတဲ့ ဘင်္ဂါလီအရေးဟာလည်း နိုင်ငံတော်အချုပ်အခြာအာဏာကို စိန်ခေါ်နေတဲ့ အရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ OIC နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့များ၏ ရည်ရွယ်ချက်ရှိရှိ မရိုးသားသော ဖိအားပေးမှု၊ လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်လာမှု၊ နယ်မြေ ရယူလိုမှုတို့ဟာ၊ ပြည်တွင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်သလို ဒီမိုကရေစီရှင်သန် ကြိုးပမ်းမှုအတွက်လည်း အဟန့်အတားလုပ်ရပ်တွေအဖြစ် ရှုမြင်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေတဲ့၊ ပြဿနာကိုဖြေရှင်းတဲ့ အခါမှာလည်း ရခိုင်များရဲ့အသံ၊ ရခိုင်လူမျိုးများနှင့် ရခိုင်မျိုးနွယ်စုများရဲ့ခံစားချက်၊ အခွင့်အရေးများကိုလည်း လျစ်လျူမရှုရန်နှင့် နိုင်ငံတကာမှ ဖိအားပေးမှုများကို အလျှော့ပေးပြီး မဆောင်ရွက်ရန်လည်း အထူးလိုအပ်မှာ ဖြစ်ပါတယ်။

### ကဏ္ဍပေါင်းစုံတွင် အားနည်းချက်များရှိနေ

ဒီမိုကရေစီမျိုးစေ့ ရှင်သန်စေရန်၊ ဒီမိုကရေစီအခြေခံအုတ်မြစ် ခိုင်မာစေရန်၊ ဒီမိုကရေစီ အဆောက်အဦများ ကြီးထွားလာစေရန်နှင့် ဒီမိုကရေစီအသိုင်းအဝိုင်း ကျယ်ပြန့် လာစေရန်တို့အတွက် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အပါအဝင် လွှတ်တော်၊ အစိုးရ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အားလုံးဝိုင်းဝန်းညီညာ လက်တွဲကာ စုပေါင်းအားဖြင့် လုပ်ဆောင်နိုင်ရန်မှာ အထူးလိုအပ်မှာဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ ဒီမိုကရေစီ အကူးအပြောင်းကာလမှာ အတွေ့အကြုံနုနယ်သေးသည့်အတွက် ကဏ္ဍပေါင်းစုံများတွင် အားနည်းချက်များရှိနေသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားလာပြီး ပြည်သူလူထုအတွင်း ဒီမိုကရေစီအသိတရားများ ထွန်းကားလာစေရေးနှင့် အနာဂတ်မျိုးဆက်လူငယ်များ ဒီမိုကရေစီ ပညာရေး အမွေရရှိရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်ပါတယ်။ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ပြီး လွှတ်တော်အဆင့်ဆင့် အားကောင်းခိုင်မာလာစေရေး အရေးကြီးပြီး လွှတ်တော်အတွင်း အတိုက်အခံအင်အားစုတစ်ရပ် ပေါ်ထွန်းစေရေးတို့သည်လည်း ဒီမိုကရေစီရှင်သန်ရေးတို့အတွက် မရှိမဖြစ်သော အချက်တစ်ချက်ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံများတွင် အတိုက်အခံအင်အားစု တစ်ရပ်ရှိမနေပါကလည်း ဒီမိုကရေစီအာဏာရှင်ဖြစ်လာမှာကို စိုးရိမ်မှုရှိနေပါတယ်။ ဒီမိုကရေစီစနစ် ရှင်သန်စေရေး ချီတက်နေစဉ်ကာလမှာ ပြည်သူလူထုအနေနဲ့ ဒီမိုကရေစီ စနစ်ကို စိတ်ပျက်မှုများ မဖြစ်ပွားစေရေး လုပ်ရပ်များကိုလည်း ရှောင်ရှားရန် အထူးလိုအပ်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲမှသည် မြန်မာ့ဒီမိုကရေစီ ရှင်သန်စေရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းမကြီးပေါ်တွင် ရဲရင့်ယုံကြည်စွာ လျှောက်လှမ်းရင်း ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့လို့ ရခိုင်အမျိုးသားပါတီမှ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင်များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်း၍ လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အပြစ်ပေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုဂ္ဂလိက စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ သတ်မှတ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားခဲ့ရာ စက်တင်ဘာ ၄ ရက်အထိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ကို လျှောက်ထားရယူ၍ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင် ၂၂၉၀ ရှိပြီဖြစ်သကဲ့သို့ နေရာအနှံ့အပြားတွင်လည်း လိုင်စင်မဲ့စက်သုံးဆီရောင်းချမှုများ တိုးတက်များပြားလာကြောင်း တွေ့ရှိရသည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောကြားသည်။

"၂၀၁၀ ပြည့်နှစ်ကစပြီး ပုဂ္ဂလိက စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့တယ်။ သို့သော် သတ်မှတ်ထားတဲ့ လိုအပ်တဲ့ လိုင်စင်ခွင့်ပြုမိန့်များကိုတော့ သက်ဆိုင်ရာဌာနတွေမှာ လျှောက်ထားရယူပြီးတော့ ဆောင်ရွက်ရပါတယ်။ စက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်ဖွင့်မယ်ဆိုရင် စက်သုံးဆီသိုလှောင်ရမယ်။ သိုလှောင်ဖို့အတွက် သိုလှောင်ခွင့်လိုင်စင်ကို သတ္တုတွင်းဝန်ကြီးဌာနမှာ လျှောက်ထားရယူရမယ်။ ပြီးရင် ဖြန့်ဖြူးရောင်းချဖို့အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရယူရပါတယ်။ ကျွန်တော်တို့က စိစစ်တယ်။ သတ်မှတ်ချက်များနဲ့ ကိုက်ညီတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ကလည်း ထောက်ခံတယ်ဆိုရင် လိုင်စင်ခွင့်ပြုထုတ်ပေးပါတယ်။ အဲတော့ အဲဒီလိုလိုင်စင် လာရောက်လျှောက်ထားခြင်းနှင့် ခွင့်ပြုချက်မရှိဘဲနဲ့ တရားမဝင်ရောင်းချနေတဲ့ ဆိုင်တွေဟာ တစ်ဖက်ကလည်း တစ်ပြည်လုံးမှာ တိုးသထက်တိုးလာပါတယ်။ အဲဒီအတွက် ရေနံနဲ့ ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ ပုဒ်မ ၃၀ မှာ အတိအလင်းဖော်ပြထားပါတယ်။ မည်သူမျှ လိုင်စင်မရယူဘဲနဲ့ ဒီလုပ်ငန်းတွေကို မလုပ်ရဘူးလို့ တားမြစ်ထားတယ်။ ဒီတားမြစ်ချက်ကို ဖောက်ဖျက်လို့ရှိရင် ဘယ်လိုအရေးယူ သွားမယ်ဆိုတာလည်း ဖော်ပြထားတယ်။ နိုင်ငံပိုင်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမယ်လို့အထိ ပြင်းထန်ပါတယ်။ အဲဒီအတွက် စက်သုံးဆီ လုပ်ငန်းဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်တွေအားလုံး၊ ပြည်သူတွေအားလုံး၊ ဒီဥပဒေကို သိရှိနားလည်ထားဖို့လိုတဲ့အတွက် နှိုးဆော်ခြင်းဖြစ်ပါတယ်။ တရားမဝင် စက်သုံးဆီအရောင်းဆိုင်တွေ ဖွင့်တာကို ဘယ်လို ထိန်းသိမ်းကြပ်မတ်မလဲဆိုတော့ ဒီလုပ်ငန်းတွေနဲ့ ပတ်သက်လို့ လိုင်စင်ထုတ်ပေးဖို့ အခွင့်အာဏာပေးထားပါတယ်။ လိုင်စင်မရှိတဲ့ ဆိုင်တွေဟာ အရေးယူဖို့ကတော့ ရဲအရေးပိုင်တဲ့အမှုဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းပြီးတော့ တရားမဝင်ဆိုင်တွေကို ဖြည်းဖြည်းလျှော့နည်း ပပျောက်စေရေးအတွက် ဆောင်ရွက်သွားဖို့ လုပ်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများမှာ အခုကာလက ကျွန်တော်သိသလောက် သတိပေးကာလဖြစ်ပါတယ်။ သတိပေးနေပါပြီ။ တိုင်းဒေသကြီး/ ပြည်နယ်တော့ တစ်ခုနဲ့တစ်ခု သတ်မှတ်တာ မတူဘူးပေါ့။ ဘယ်နေ့နောက်ဆုံးထားပြီးတော့ လိုင်စင်ရရင် ဆက်ခွင့်ပြုမယ် မရှိဘူး ဆိုရင်တော့ အရေးယူတော့မှာ ဖြစ်ပါတယ်။ တချို့ဒေသတွေမှာတော့ စတင်ပြီး အရေးယူနေပါပြီ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၀)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ(၃၀)အရ လိုင်စင်ရယူရန် လိုအပ်သည့် လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရဟု တားမြစ်ထားခြင်းကြောင့် လိုင်စင်မရှိဘဲ စက်သုံးဆီဖြန့်ဖြူးရောင်းချလျှင် ပုဒ်မ(၃၇)အရ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံး ငွေကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး မည်သူမဆို ပုဒ်မ(၃၇)အရ ပြစ်ဒဏ်စီရင်ခံရပြီးနောက် ထိုပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်ဒဏ်စီရင်ခံရလျှင် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးငွေကျပ် ၁၀ သိန်းမှ အများဆုံးငွေကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၆ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၂၂) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကုက္ကိုလ်ကုန်းကျေးရွာနေ ဒေါ်ပြုံးရီသည် နေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၁၈ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ ကုက္ကိုလ်ကုန်းကျေးရွာနေ ဒေါ်ပြုံးရီ(၅၇)နှစ်၊ (ဘ)ဦးကျော်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ(ပ)၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာ၊ “ရွှေစင်” အမျိုးသား၊ အမျိုးသမီး ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်မှ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၉-၂၀၁၈ ရက်နေ့တွင် ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာ၊ အတ္တရံကွက်သစ်ရပ်ကွက်ရှိ မရွှေစင် (ခ)ဇင်ယော်မ (၃၁)နှစ်၊ (ဘ) ဦးသန်းအောင်၏ “ရွှေစင်”အလှပြင်ဆိုင် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဒေါ်ခင်ထား (၅၃)နှစ်၊ (ဘ)ဦးထွန်းခင်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ချောင်းနှစ်ခွ) မယ(ပ) ၁၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သတင်းပတ် (၇)ခု၌ အမှု(၂၁)မှုတွင် တရားခံကျား (၂၀)ဦး၊ မ(၂)ဦး၊ ပေါင်း(၂၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၈-၉-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းမိအမှုမှ ကွင်းဆက် ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်၊ (၃၈)မိုင်၊ ကားလမ်းဈေးရွာ၊ နတ်စင်အနီး စောင့်ဆိုင်း စိစစ်နေစဉ် ရော်ကျားဖူ (၃၂)နှစ်၊ (ဘ)ဦးယုံဝူး၊ ကားလမ်းဈေးရွာနေသူအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၁၀၇/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ (၁၂/၅၅)နေ ကိုအောင်သည် မူးယစ်ဆေးဝါးများသုံးစွဲ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၉-၂၀၁၈ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(င/က) ရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်(၁၂/၅၅)နေ ကိုအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်သွားခဲ့ပြီး နေအိမ်တွင်ရောက်ရှိနေသူ တစ်ရပ်ကွက်တည်းနေ ထွန်းစန်းဦး (၃၅)နှစ်၊ (ဘ) ဦးစိန်သောင်းနှင့် ဖြိုးဝေအောင် (၂၃)နှစ်၊ (ဘ)ဦးစန်းထွန်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ၊ ဓားမျိုးစုံ(၉) ချောင်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(သုဝဏ္ဏ) မယ(ပ) ၄၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ရွာနေ ကိုကျော်ကျော်ထက်သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၉-၂၀၁၈ ရက်နေ့တွင် လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ၊ အုန်းပင်စု (၁)ရပ်ကွက်နေ ကျော်ကျော်ထက် (၂၆)နှစ်၊ (ဘ) ဦးသိန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကန်ဘက်) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ကန်ဘက်ကျေးရွာ၊ ယုဇနလမ်းနေ ဖိုးနီတို (ခ)မြင့်လှိုင် (၃၇)နှစ်၊ (ဘ) ဦးကြည်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကန်ဘက်) မယ(ပ)၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ကွင်းဆက်အရ ကန်ဘက်ကျေးရွာ၊ မိစ္ဆာရန်အောင်လမ်းနေ ငြိမ်းချမ်းကိုကို (၃၆)နှစ်၊ (ဘ)ဦးမြင့်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ မစန်းစန်းမော် (၃၂)နှစ်၊ (ဘ) ဦးစိန်သန်းအား WY စာတန်းပါ စိတ်ကြွဆေးပြား များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကန်ဘက်) မယ(ပ) ၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ စိုက်ခင်းကျူးနေ ဒေါ်ပေါက်စ၏သား ကျော်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်အတွင်း စုံစမ်းစိစစ်နေစဉ် ကျော်ကျော်ထွန်း (ခ) ကျော်ကျော် (၂၉) နှစ်၊ (ဘ) ဦးမြဝင်း၊ (မိ)ဒေါ်ပေါက်စ၊ (၂)ရပ်ကွက်၊ စိုက်ခင်းကျူးနေသူနှင့်တစ်ရပ်ကွက်တည်းနေ မောင်မောင်(ခ) ခန့်ညားသာ (၂၆)နှစ်၊ (ဘ) ဦးမြင့်လှိုင်တို့ စီးနင်းလာသော AIYOU ဆိုင်ကယ်အား ရပ်တန့်ရှာဖွေ စစ်ဆေးရာ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဓားဦးချွန်(၁) ချောင်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၆၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၂(ခ)/၂၁ ဖြင့် လည်းကောင်း၊ ကျော်ကျော်ထွန်း(ခ) ကျော်ကျော် (၂၉)နှစ်၊ (ဘ)ဦးမြဝင်းအား ခေါ်ဆောင်၍ လှိုင်သာယာမြို့နယ်၊ (၂) ရပ်ကွက်၊ စိုက်ခင်းကျူးရှိ ၎င်း၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းအား မမစ (လှိုင်သာယာ)မယ(ပ)၆၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာလမ်းပေါ်ရှိ နေအိမ်အချို့တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖြန့်ဖြူးနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၁၈ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဥက္ကာလမ်း(၁)လမ်းနေ မျိုးသီဟလှိုင် (၂၄)နှစ်၊ (ဘ) ဦးထွန်းလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ ကျော်ဇောလှိုင် (၁၉)နှစ်၊ (ဘ)ဦးထွန်းလှိုင်၊ ခင်မောင်အေး (၃၀)နှစ်၊ (ဘ)ဦးခင်မောင်၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် နေသူတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ) မယ(ပ) ၅၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၅၃) လမ်း၊ အိမ်အမှတ်(၇) (၂ထပ်တိုက်) အပေါ်ထပ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၉-၂၀၁၈ ရက်နေ့တွင် ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၃) လမ်း၊ အမှတ်(၇)နေ အောင်ကျော် (၃၃)နှစ်၊ (ဘ) ဦးအောင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဟိန်းဇော်ဝင်း(၃၅)နှစ်၊ (ဘ)ဦးခင်ဝင်း၊ ရှိုင်းတေဇာကျော် (၂၂)နှစ်၊ (ဘ) ဦးကျော်သက်ခိုင်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်နေသူတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပုဇွန်တောင်) မယ(ပ)၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့ သတလ (၂)ရပ်ကွက်နေ မွှေးမွှေးသည် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့ သတလ(၂) ရပ်ကွက်နေ ဒေါ်မာကြည် (ခ)မမွှေးမွှေး (၅၂)နှစ်၊ (ဘ) ဦးကံချော၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ) ၁၁/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မလိခလမ်း၊ အိမ်အမှတ် (၇၈၅/က)နေကုလားဆင်(ခ)ကုလားမကြီးယောက်ျားဟု ရပ်ကွက်ထဲတွင် ခေါ်ဆိုသူသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၉-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အမှတ် (၁၄)ရပ်ကွက်၊ မလိခလမ်း၊ အမှတ်(၇၈၅/က)နေ ဟန်ကြည်ထွန်း (ခ) ဟန်ကြီး (၃၂) နှစ်၊ (ဘ)ဦးမောင်ထွန်း ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဓားဦးချွန်(၃)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ) ၇၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေပြည်ကျေးရွာနေ ကိုအောင်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၉-၂၀၁၈ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်၊ ရွှေပြည်ကျေးရွာနေ ကိုအောင်စိုး (၄၂)နှစ်၊ (ဘ)ဦးဘိုဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ညော့်ဂေဟာ) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ချောင်းဝအုပ်စု၊ ရွှေတုံးကျေးရွာနေ ရန်ကုန်ဇော်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၉-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ရွှေတုံးကျေးရွာနေ ရန်ကုန်ဇော်ဝင်း (၅၅)နှစ်၊ (ဘ)ဦးထွန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ) ၈၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ဟဲဒေါင်းကျေးရွာမှ ကိုသိန်းကျော်(ဘ) ဦးချစ်ခင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၉-၂၀၁၈ ရက်နေ့တွင် ကလေးဝမြို့နယ်၊ ဟဲဒေါင်းကျေးရွာနေ သိန်းကျော် (၅၂)နှစ်၊ (ဘ)ဦးချစ်ခင်၏ ခြေတံရှည် နေအိမ်အား ဝင်ရောက်ရှာဖွေရန် ဆောင်ရွက်စဉ် ၎င်းမှာ နေအိမ်တံခါးများအားပိတ်၍ ပုန်းအောင်းနေပြီး အသာတကြည် အဖမ်းခံရန် ပြောကြားသည်ကို မနာခံဘဲ ဓားရှည်(၁)လက်၊ ဓားမြှောင်(၁)လက်တို့အား ကိုင်ဆောင်၍ ဆဲဆိုစိန်ခေါ်မှုကြောင့် သေနတ် (၁)ချက် ပစ်ခတ်ခြောက်လှန့်ခဲ့သော်လည်း အဖမ်းမခံသည့်အပြင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓားမြှောင်ဖြင့် ပစ်ပေါက်၍ တပ်ဖွဲ့ဝင်မှ တိမ်းရှောင်သဖြင့် ထိခိုက်မှုမရှိဘဲ ကိုင်းခုတ်ဓားဖြင့် အတင်းဝင်ရောက် ထိုး/ခုတ် ထပ်မံရန်ပြုသောကြောင့် သေနတ်ဖြင့် (၁)ချက် ပစ်ခတ်ခဲ့ရာ ၎င်းအား ကျည်ထိမှန်သေဆုံးဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းမှ ဇနီးဖြစ်သူ မအေးပို (၅၁)နှစ်၊ (ဘ) ဦးမဲမောင်အား ဘိန်းမည်းများ၊ဓား(၂) ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မစိန်) မယ(ပ) ၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ)/၂၁ ဖြင့် လည်းကောင်း၊ တရားခံ သိန်းကျော် သေဆုံးမှုအား နမစ(မစိန်)သေမှုသေခင်း အမှတ်စဉ် (၂/၂၀၁၈)ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ မအေမာစိန်(၄၂)နှစ်၊ (ဘ)ဦးနွားဘို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကိုလှငွေ (၄၀)နှစ်၊ (ဘ)ဦးပွတ်စူး၊ သရက်တောကျေးရွာနေသူတို့ (၂)ဦးအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မစိန်) မယ (ပ)၃/၂၀၁၈၊ |

စာမျက်နှာ ၉ သို့

# မန္တလေးမြို့၌ နိုင်ငံပေါင်း ၁၅ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည့် ၂၀၁၈ ခုနှစ် အာရှ ယူ-၁၇၊ ယူ-၁၅ အငယ်တန်းကြက်တောင်ရိုက်ပြိုင်ပွဲ အောက်တိုဘာလအတွင်း ကျင်းပသွားမည်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးမြို့တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် BADMINTION ASIA U-17 & U-15 JUNIOR CHAMPIONSHIPS ပြိုင်ပွဲကို ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ မိုးလုံလေလုံ အားကစားရုံတွင် ယခုနှစ်အောက်တိုဘာ ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲကို မျိုးဆက်သစ်လူငယ်များ၏ ကြက်တောင်အားကစားအဆင့် မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော ကြက်တောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု ရွေးချယ်ထားသည့် ကြက်တောင်ရိုက် အားကစားသမား ၅၀ အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အားကစားသမား ၄၂၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"မန္တလေးမြို့မှာ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ မန္တလေးမြို့ရဲ့ သာယာလှပပုံ၊ မန္တလေးမြို့ရဲ့ဆွဲဆောင်မှုရှိတဲ့နေရာတွေကို နိုင်ငံတကာက သိစေချင်တယ်။ မန္တလေးနဲ့ ကြက်တောင်၊ မန္တလေးနဲ့စက်ဘီးဟာ ခွဲခြားလို့မရပါဘူး။ အခိကကတော့ မြန်မာနိုင်ငံရဲ့အေးချမ်းသာယာပြီးတော့ ဖွံ့ဖြိုးတိုးတက်နေတဲ့ အခြေအနေတွေကို မြင်စေချင်တာပါ။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ လူငယ်လူရွယ်လေးတွေ ကြက်တောင်အားကစားကို စိတ်ပါဝင်စားလာအောင်၊ အားကစားနည်းအမျိုးမျိုးကို စိတ်ဝင်စားပြီး မူးယစ်ဆေးဝါးလမ်းကြောင်းပေါ် မရောက်ရှိအောင် ရည်ရွယ်ပြီး ကျင်းပဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။ အခုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ဝန်ကြီးဌာနတွေနဲ့ ဌာနဆိုင်ရာအချင်းချင်း လစ်ဟာမှုမရှိအောင် ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ညွှဝတ်ကျေပွန်မှု၊ ဖော်ရွေမှုတွေကို သိရှိသွားကြမယ်။ ကျွန်မတို့နိုင်ငံရဲ့ အေးချမ်းနေမှုကို နိုင်ငံတကာကို မက်ဆေ့ချ်ရောက်အောင် ရည်ရွယ်ပြီးလည်း ဆောင်ရွက်တာပါ။ လာရောက်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံတကာ အားကစားသမားတွေကိုလည်း မန္တလေးမြို့ရဲ့ အထင်ကရနေရာတွေကို ကြည့်ရှုလေ့လာနိုင်ရန် စီမံထားပါတယ်"ဟု ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါပြိုင်ပွဲကို ကျင်းပခြင်းဖြင့် ကမ္ဘာ့အဆင့်ရှိ နိုင်ငံများ၏ ကြက်တောင် အားကစားနည်းစနစ်များကို မြန်မာ့ကြက်တောင် အားကစားသမားများ မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်၍ အဖိုးမဖြတ်နိုင်သော နည်းစနစ်ကောင်းများရရှိကြမည့်အပြင် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံးနှင့် ကြက်တောင်ရိုက်အားကစားသမားများအားလုံး အဆင့်မြင့်နည်းစနစ်များကို ရုပ်သံလိုင်းမှ မျက်ဝါးထင်ထင် တွေ့မြင်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံဖြင့် ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာ ကြက်တောင်အဖွဲ့ချုပ်များနှင့် ပူးပေါင်းကာ မြန်မာ့ကြက်တောင်အားကစားနည်း BADMINTION ASIA U-17 & U-15 JUNIOR CHAMPIONSHIPS 2018 ပြိုင်ပွဲကို မန္တလေးမြို့တွင် အိမ်ရှင်အဖြစ် ပထမအကြိမ် ကျင်းပခြင်းလည်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ဝဏ္ဏသိဒ္ဓိအားကစားလက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသမီး ၅၇ ကီလိုတန်းတွင် စိန်မြ(ရှမ်း)နှင့် နန်ဂျီးပန်(ကချင်)တို့ ယှဉ်ပြိုင်ရာ စိန်မြ(ရှမ်း)က လည်းကောင်း၊ မေသဇင်ထူး(ကယား)နှင့် နွေဦးခိုင်(စစ်ကိုင်း)တို့ ယှဉ်ပြိုင်ရာ မေသဇင်ထူး(ကယား)က လည်းကောင်း၊ အမျိုးသမီး ၆၀ ကီလိုတန်းတွင် သိင်္ဂီငြိမ်း (တနင်္သာရီ) နှင့် ဂျူးစဖင်း (ကယား)တို့ ယှဉ်ပြိုင်ရာ သိင်္ဂီငြိမ်း (တနင်္သာရီ) က လည်းကောင်း၊ အေမွေဟွမ်(ရှမ်း)နှင့် နင်းဝေလွင်(ရန်ကုန်)တို့ ယှဉ်ပြိုင်ရာ အေမွေဟွမ်(ရှမ်း)က လည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသား ၄၉ ကီလိုတန်းတွင် ကျော်လှမောင် (ရှမ်း)နှင့် စိုးတင့်ဦး (မွန်) တို့ ယှဉ်ပြိုင်ရာ ကျော်လှမောင် (ရှမ်း)က လည်းကောင်း၊ မင်းမော်ဦး(ကချင်)နှင့် ဇော်သူရ (နေပြည်တော်)တို့ ယှဉ်ပြိုင်ရာ မင်းမော်ဦး(ကချင်)က လည်းကောင်း၊ အောင်သူဟိန်း(ပဲခူး)နှင့် ဖြိုးဝေထွန်း(တနင်္သာရီ)တို့ ယှဉ်ပြိုင်ရာ အောင်သူဟိန်း(ပဲခူး)က လည်းကောင်း၊ ရန်မျိုးအောင်(ရန်ကုန်)နှင့် အေးကိုဇင်(ကရင်)တို့ယှဉ်ပြိုင်ရာ ရန်မျိုးအောင်(ရန်ကုန်)က လည်းကောင်း အနိုင်ရရှိခဲ့သည်။ အမျိုးသား ၅၂ ကီလိုတန်းတွင် သူရ(ရန်ကုန်)နှင့် စောမောင်ချဲ (ကရင်)တို့ ယှဉ်ပြိုင်ရာ သူရ(ရန်ကုန်)က လည်းကောင်း၊ ချစ်စန်းမောင် (တနင်္သာရီ)နှင့် နေလင်းစိုး (မွန်)တို့ ယှဉ်ပြိုင်ရာ ချစ်စန်းမောင် (တနင်္သာရီ)က လည်းကောင်း၊ အမျိုးသား ၆၄ ကီလိုတန်းတွင် သီဟဇော်(စစ်ကိုင်း) နှင့် နိုင်နိုင်လင်း(တနင်္သာရီ)တို့ယှဉ်ပြိုင်ရာ သီဟဇော်(စစ်ကိုင်း)က လည်းကောင်း၊ ဟန်သော်ဇင်(မန္တလေး)နှင့် စောဇော်သန်း( ကရင်)တို့ ယှဉ်ပြိုင်ရာ ဟန်သော်ဇင် (မန္တလေး)က လည်းကောင်း၊ အမျိုးသား ၇၅ ကီလိုတန်းတွင် အောင်ချမ်းဦး (ရန်ကုန်) နှင့် ဇွဲရဲနိုင်(မန္တလေး)တို့ ယှဉ်ပြိုင်ရာ အောင်ချမ်းဦး (ရန်ကုန်)က လည်းကောင်း၊ ရဲဝင်းအောင်(တနင်္သာရီ)နှင့် ကျော်ရဲထူး(ပဲခူး)တို့ ယှဉ်ပြိုင်ရာ ရဲဝင်းအောင်(တနင်္သာရီ) က လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

*စာမျက်နှာ ၈ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| | | မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း၊ ကိုလှငွေ၏ခရီးဆောင်အိတ်အတွင်းမှ ချဲထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေ(၁၃၅၀၀ိ/-)တို့အား သိမ်းဆည်းရမိသဖြင့် ၎င်းအား နမစ(မစိန်)(ပ) ၂၉/ ၂၀၁၈၊ လောင်းကစားဥပဒေ ပုဒ်မ ၁၅(က)/၁၆(က)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ နတ်စက်ကျေးရွာနေ ညိုညိုဦး(ဘ)ဦးမောင်ဝင်းနှင့် တုဿိတာကျေးရွာနေ မခင်စန်းဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ နတ်စက်ကျေးရွာနေ ညိုဦး(ခ)ညိုညိုဦး(၃၃)နှစ်၊(ဘ)ဦးမောင်ဝင်းနှင့်အတူ ကျော်မင်းထွန်း(၂၇)နှစ်၊ (ဘ) ဦးမောင်ဝင်း၊ မောင်နိုင် (၃၈)နှစ်၊ (ဘ)ဦးမောင်ကျော်နှင့် ပြူးမောင် (၆၃)နှစ်၊(ဘ)ဦးတင်တို့(၄)ဦးအား ဘိန်းမည်းများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့(၄)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၇၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ၂၀-၉-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တုဿိတာကျေးရွာနေ မခင်စန်းဦး (၄၆)နှစ်၊ (ဘ) ဦးမောင်ဘ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိန်လွင် (၃၃)နှစ်၊ (ဘ) ဦးအောင်ဖေ၊ ညောင်းကုန်းကျေးရွာနေသူတို့(၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းမည်းများ၊ 88/1စာတန်းပါ စိတ်ကြွဆေးပြားများ၊ ရွှေထည်ပစ္စည်းမျိုးစုံ (၁၃)မျိုးနှင့် အရည်ကျိုထားသည့် ရွှေအတုံး(၅)တုံး **(အလေးချိန် ၅၀ ကျပ်သား ၃၉ ရွေး)**နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၇၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ရွှေမင်းဖုန်းဒေသရွှေလုပ်ကွက်၊ ရွှေဘုန်းပွင့်ဘုန်းကြီးကျောင်းအနီးနေ တင်ဦး(၄၅) နှစ် (ဘ) ဦးလှမောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၉-၂၀၁၈ ရက်နေ့တွင် ကလောမြို့နယ်၊ ရွှေမင်းဖုန်းဒေသ၊ ရွှေဘုန်းပွင့်ဘုန်းကြီးကျောင်းအနီး ကပ်လျက်နေသူ တင်ဦး (၄၅)နှစ်၊(ဘ)ဦးလှမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရှိုင်းမင်းနိုင် (၁၉)နှစ်၊ (ဘ) ဦးနိုင်ဝင်း၊ တောင်ညိုရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး နေသူတို့(၂)ဦး အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလော) မယ(ပ)၅၂/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၂-၉-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၂၉၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၃၇၈)ဦး၊ မ(၇၇) ဦး၊ ပေါင်း(၄၅၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၂၆၅၀.၄၈)ဂရမ်၊ ICE(၁၆.၇၁)ဂရမ်၊ ဘိန်း(၃၇၂၅၉.၂၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၅၈၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၉၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၁၄၇၂၅၆)ပြား၊ ဆေးခြောက်(၃၃၅၈.၇၄)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၁၇.၄)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၅)ဂရမ်၊ သေနတ်မျိုးစုံ (၁၀)လက်၊ ကျည်မျိုးစုံ(၁၇၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ ဟန်ထက်- မန်သာ ကားလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၉၀၀)ပြား၊ ဘိန်းဖြူ(၃၈)ဂရမ်၊ ဘိန်း(၄၀၀)ဂရမ်၊ ဝိုင်းမော်မြို့နယ်၊ မြစ်ကြီးနား-ဗန်းမော်ကားလမ်းပေါ်၌ ဘိန်းဖြူ(၃၀၆)ဂရမ်၊ ရှမ်းပြည်နယ်အတွင်း နယ်မြေရှင်းလင်းစဉ် ကွတ်ခိုင်မြို့နယ်၊ နောင်ဟင်ကျေးရွာအနီးတောစပ်၌ မြေကျင်းတူး ဖုံးကွယ်မြှုပ်နှံထားသော အီသိုင်းအီသာ(၂၅၂၀)လီတာ၊ အက်စီတုန်း(၁၀၄၀)လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ်(၄၀၀၀)လီတာ၊ လို့က်ဇော (၈၀)လီတာနှင့် မန်တာကျေးရွာအနီးတောင်စောင်းတွင် မိုးကာစဖြင့်အုပ်ထားသည့် အီသိုင်းအီသာ(၃၂၄)လီတာ၊ အက်စီတုန်း(၆၀)လီတာ၊ ဆာလဖျူရစ်အက်စစ်(၁၂)လီတာ၊ နမ့်ခမ်းမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၇၄၀)ဂရမ်၊ Crown ယာဉ်(၁)စီး၊ ကွင်းဆက်အရနမ့်ခမ်းမြို့ပေါ်တွင် တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၁၅၅)ဂရမ်၊ မိုင်းရှူးမြို့နယ်၊ ပါနိမ့်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၅၃၀)ပြား၊ မူဆယ်မြို့၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၇၃)ဂရမ်၊ လားရှိုးမြို့နယ်၊ နမ္မဘောဒကျေးရွာအနီး၌ ပိုင်ရှင်မဲ့ရပ်ထားသည့် FUSO (၁၂)ဘီးယာဉ်ပေါ်မှ ANTHRANILIC ACID(၂၈၀၀)လီတာ၊ TOLUENE (၄၆၀၀)လီတာ၊ 1-PHENYL-2-PROPANONE (၄၀၀) လီတာ၊ N-ACETYLAN-THRANILIC ACID (၁၀၀၀)လီတာ၊ လေအိုး(၂၀)လုံး၊ မြေဆီအိတ်(၃၀)အိတ်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၂၀၀)ပြား၊ ဘိန်းဖြူ(၆၅.၅၇)ဂရမ်၊ မဘိမ်းမြို့နယ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၃၅၀)ပြား၊ ဘိန်းဖြူ(၇၉၀)ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ဖကျေးရွာနှင့် နောင်ငင်းကျေးရွာကြား ကျိုင်းတုံ- မိုင်းလား ကားလမ်းပေါ်၌ ပိုင်ရှင်မဲ့ ရပ်ထားသည့် Fortuner ယာဉ်ပေါ်မှ ICE (၁၀၀၀၀၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ညောင်ပိကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၅၉၉၄၈၉.၄)ဂရမ်အား လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း စစ်တွေမြို့၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၃၉၉)ပြား၊ ဆေးခြောက်(၇၀၀)ဂရမ်၊ ကျောက်ဖြူမြို့၌ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၆)ပြား၊ မောင်တောမြို့နယ်၌ ဖမ်းဆီးရမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ဂုံနားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၉)ပြား၊ နှစ်နိုင်ငံနယ်စပ် နတ်မြစ် မြန်မာဘက်ခြမ်း၌ လောင်းလှေ(၁)စင်းအား စိစစ်ရန် လုံခြုံရေးအဖွဲ့မှ စက်လှေဖြင့် လိုက်လံဖမ်းဆီးစဉ် တရားခံများ ရေထဲခုန်ချသွားခဲ့ပြီး လောင်းလှေပေါ်မှ စိတ်ကြွဆေးပြား(၉၇၅၀၀)ပြားအား လည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာတွင် သတင်းအရဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား (၁)ဦးမှ ဓားဖြင့်ပြန်လည်ခုခံခြင်းကြောင့် ပစ်ခတ်ဖမ်းဆီးသေဆုံးခဲ့ပြီး ဘိန်းဖြူ(၀.၀၂)ဂရမ်၊ ဓား(၁) ချောင်းတို့အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်ကျေးရွာ၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား(၂)ဦးထံမှ ဘိန်းဖြူ(၅) ဂရမ်အား လည်းကောင်း၊ ရန်ကုန်မြို့ ဗဟိုစာတိုက်ကြီးနှင့် တာမွေစာတိုက်သို့ နိုင်ငံခြားမှတစ်ဆင့် ပို့ဆောင်လာသည့်စာအိတ်(၁)ခုစီအတွင်းမှ အက်တက်စီပုံဆောင်ခဲ(၁၀၀)ဂရမ်၊ ဆေးခြောက်(၂၅)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၆-၉-၂၀၁၈ ရက်နေ့မှ ၂၂-၉-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၉၆)မှုတွင် တရားခံကျား(၃၃၇)ဦး၊ မ(၄၈)ဦး၊ ပေါင်း(၃၈၅)ဦးကို ဘိန်းဖြူ(၇၃၄၇.၈၅)ဂရမ်၊ ICE(၁၀၀၀၂၂.၉၇)ဂရမ်၊ ဘိန်း(၅၉၆.၄၃)ဂရမ်၊ ဘိန်းစာမှုန့် (၅၉၉၅၇၂.၃၉)ဂရမ်၊ စိတ်ကြွဆေးပြား(၃၅၁၇၆၉)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃၉၅)ဂရမ်၊ ဆေးခြောက်(၄၀၂၅.၇၁)ဂရမ်၊ ဘိန်းရည်(၀.၃၆)လီတာ၊ ဘိန်းဆီခဲ(၅၀)ဂရမ်၊ ကတ်တမင်း(၀.၃)ဂရမ်၊ အက်တက်စီပုံဆောင်ခဲ (၁၀၀)ဂရမ်၊ ANTHRANILIC ACID(၂၈၀၀)လီတာ၊ ဆာလဖျူရစ်အက်စစ်(၁၂)လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ်(၄၀၀)လီတာ၊ အက်စီတုန်း(၁၁၀၀)လီတာ၊1-PHENYL-2-PROPANONE (၄၀၀)လီတာ၊ အီသိုင်းအီသာ(၂၈၄၄)လီတာ၊TOLUENE (၄၆၀၀)လီတာ၊ N-ACETYLAN-THRANILIC ACID(၁၀၀၀) လီတာ၊ လို့က်ဇော(၈၀)လီတာ၊ ဓာတုဆေးမှုန့်(၁၀)ဂရမ်၊ လေအိုး(၂၀)လုံး၊ မြေဆီအိတ် (၃၀)အိတ်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း၊ စာတိုက်မှတစ်ဆင့် ပို့ဆောင်သည့် ဖြစ်စဉ်များတွင် ယခင်အပတ်ကလည်း (၁)ကြိမ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ရန်ကုန်ရှိ လက်ခံမည့်လိပ်စာအတူတူဖြစ်၍ တရားခံ အမျိုးသမီး(၁) ဦး ဖမ်းဆီးရမိကာ ကွင်းဆက်တရားခံ(၂)ဦး တိမ်းရှောင်ဆဲဖြစ်ပြီး ဥပဒေနှင့်အညီ အမှုဖွင့်ထားကြောင်း၊ ပြည်ပနိုင်ငံမှပေးပို့သည့် လူပုဂ္ဂိုလ်/လိပ်စာများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့(INTERPOL) နှင့် သက်ဆိုင်ရာနိုင်ငံ ရဲအဖွဲ့များသို့ သတင်းပေးပို့ကာ အရေးယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - **၀၆၇-၃၉၀၂၀၀**

**ဖက်စ်ဖုန်းနံပါတ်** - **၀၆၇-၃၉၀၂၃၃**

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အိုအေစာရင်းများနှင့် ပတ်သက်၍....

*သက်ဇင်မိုး*

**နိုင်ငံတော်ဘတ်ဂျက်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး / ပြည်နယ်များဖြင့်ဖွဲ့စည်းထားပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ဘတ်ဂျက်ရေးဆွဲမှုကို ၂၀၁၁ခုနှစ်မှစ၍ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး / ပြည်နယ်ဘတ်ဂျက်များအဖြစ် ခွဲခြားရေးဆွဲခဲ့ပါသည်။ ဘတ်ဂျက်ဟု အင်္ဂလိပ်စကားကို မွေးစားစကားအဖြစ် သုံးနှုန်းရသည်မှာ တိုတောင်းပြီး အများနားလည်နိုင်သောကြောင့် ဖြစ်ပါသည်။ အရအသုံးခန့်မှန်းခြေငွေစာရင်းဟု သုံးနှုန်းရပါကတစ်ကြိမ်တစ်ခါအတွက်အဆင်ပြေသော်လည်း မကြာခဏ သုံးနှုန်းရသည့်အခါ အဆင်မပြေပေ။ ထို့ကြောင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သည့် အသုံးအနှုန်းများကို အတိုကောက်သုံးနှုန်း ပြောဆိုကြလေ့ ရှိပါသည်။ ဥပမာ အရအသုံးခန့်မှန်းခြေငွေစာရင်းကို Budget၊ ဝန်ကြီးဌာန ဦးစီးဌာနများကို MD၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို SEE၊ စည်ပင်သာယာရေးကော်မတီများကို DC၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို UFA စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြပေသည်။

**ပြည်ထောင်စုဘတ်ဂျက်တွင် ပါဝင်သောအဖွဲ့အစည်းများ**

ပြည်ထောင်စုဘတ်ဂျက်တွင် ပါဝင်သောအဖွဲ့အစည်းများကို အောက်ပါအတိုင်း ခွဲခြားတွေ့ရှိရမည်ဖြစ်သည်-

(က) ဗဟိုအဖွဲ့အစည်းများ

(ခ) ဝန်ကြီးဌာနဦးစီးဌာနများ

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ

(ဃ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများ

(င) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

(စ) နေပြည်တော်ကောင်စီ

(ဆ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဇ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး ဘတ်ဂျက်တွင်လည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီး ဘတ်ဂျက်တွင်လည်းကောင်း ပါဝင်ပါသည်။

**ဘတ်ဂျက်တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ**

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှစ၍ ယနေ့အထိ ခေတ်အဆက်ဆက်ရေးဆွဲခဲ့သော နိုင်ငံတော်ဘတ်ဂျက်များတွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် အသွင်အမျိုးမျိုးဖြင့်ပါဝင်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မတိုင်မီအထိ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသောဘုတ်၊ ကော်ပိုရေးရှင်းများအသွင်ဖြင့် ပါဝင်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိပြည်ထောင်စု၏ တစ်စုတစ်ပေါင်းတည်းသောငွေစာရင်း ( Union Consolidated Fund) ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ဘုတ် / ကော်ပိုရေးရှင်းများအသွင်ဖြင့် ပါဝင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံပိုင်ကော်ပိုရေးရှင်းများအဖြစ် ဆက်လက်ပါဝင်ခဲ့ပြီး ၁၉၈၉ခုနှစ်မှစ၍ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (State Economic Enterprise)အဖြစ် ပါဝင်ခဲ့ပါသည်။

**Cash Budget နှင့် Commercial Budget**

မြန်မာနိုင်ငံ၏ဘတ်ဂျက်ရေးဆွဲသည့်စနစ်မှာ တစ်နှစ်တာအတွက် အရအသုံးစာရင်းများကို ခန့်မှန်းလျာထားရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဘတ်ဂျက်တွင် ပါဝင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အတွက်လျာထားသော ရငွေများသုံးငွေများကို တာဝန်ယူတာဝန်ခံ၍ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်ဘတ်ဂျက်ဥပဒေ(Annual Budget Law) ပြဋ္ဌာန်းပေးရခြင်းဖြစ်သည်။ လျာထားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိလာသောရငွေများ၊ သုံးစွဲသော သုံးငွေများသည် အမှန်တကယ် ငွေသား / ချက် / ငွေပေးအမိန့် / စာရင်းပြောင်းစသည်တို့ဖြင့် ရရှိရမည်ဖြစ်ပြီး သုံးငွေကိုလည်း အလားတူသုံးစွဲပေးချေရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပေးရန်ရှိ၊ရရန်ရှိများကို စာရင်းဖော်၍ မရပါ။ ၎င်းကိုငွေသားအခြေခံဘတ်ဂျက်စနစ် (Cash Based Budget) ဟု ခေါ်ပါသည်။

ဤနေရာတွင် MD များအနေဖြင့် ပေးရန်ရှိ၊ ရရန်ရှိများဖြစ်ပေါ်နိုင်မှုနည်းပါးသော်လည်း SEE များတွင် ပေးရန်ရှိ၊ ရရန်ရှိများရှိမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် SEE များအတွက် ပြည်ထောင်စုဘတ်ဂျက်တွင်ရေးဆွဲရာတွင် ငွေသားအခြေခံဘတ်ဂျက် (Cash Based Budget) အဖြစ် ရေးဆွဲတင်ပြ၍ ပေးရန်ရှိ၊ ရရန်ရှိများကို ကုန်သွယ်မှုဘတ်ဂျက် (Commercial Budget) အဖြစ် သီးခြားရေးဆွဲတင်ပြရပါသည်။ ထိုသို့သီးခြားရေးဆွဲထားရှိမှသာ SEE များ၏ ဘဏ္ဍာရေးအခြေအနေအမှန်ကို သိရှိနိုင်ပေသည်။ ယခုအခါ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု ဘတ်ဂျက်တင်ပြရာတွင် ပြည်ထောင်စုဘတ်ဂျက်တွင် ပါဝင်သော SEE များ၏ ငွေသားဘတ်ဂျက်အပြင် ကုန်သွယ်မှုဘတ်ဂျက်ကိုပါ ပူးတွဲတင်ပြပေးလျက်ရှိပါသည်။

> **“လွတ်လပ်ရေးရပြီးနောက်ပိုင်းမှစ၍ ယနေ့အထိ ခေတ်အဆက်ဆက်ရေးဆွဲခဲ့သော နိုင်ငံတော်ဘတ်ဂျက်များတွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် အသွင်အမျိုးမျိုးဖြင့် ပါဝင်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မတိုင်မီအထိ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသောဘုတ်၊ ကော်ပိုရေးရှင်းများအသွင်ဖြင့် ပါဝင်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိပြည်ထောင်စု၏ တစ်စုတစ်ပေါင်းတည်းသောငွေစာရင်း (Union Consolidated Fund) ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ဘုတ် / ကော်ပိုရေးရှင်းများအသွင်ဖြင့် ပါဝင်ခဲ့ပါသည်”**

**ဘတ်ဂျက်ကို မည်သို့အကောင်အထည်ဖော်ကြပါသနည်း**

ဘတ်ဂျက်တွင်ပါဝင်သော ဌာနအဖွဲ့အစည်းများက ဘတ်ဂျက်ပါအရအသုံးများကို အကောင်အထည်ဖော်နိုင်ရန် ဘဏ်စာရင်းများ ဖွင့်လှစ်ဆောင်ရွက်ကြရပါသည်။ စာရင်းရှုပ်ထွေးမှုမရှိရန်နှင့် စာရင်းထိန်းသိမ်းမှုလွယ်ကူရန်အတွက် အစိုးရဌာနအဖွဲ့အစည်းအားလုံးသည် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်တွင်သာ ဘဏ်စာရင်းများ ဖွင့်ကြရပါသည်။ ဤသို့ဖွင့်လှစ်သည့်အခါ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနဦးစီးဌာနများ၏ စာရင်းကို အတိုကောက်အားဖြင့် MD Account ဟုခေါ်ပြီး SEE များ၏စာရင်းများကို SEE Account (SEE A/C)ဟုခေါ်ပါသည်။ စာရင်းနှစ်မျိုးစလုံးမှာ ဌာနဆိုင်ရာငွေထုတ်စာရင်း (Drawing Account)များ ဖြစ်ကြပါသည်။

၂၀၁၂ ခုနှစ် မတိုင်မီအထိ SEE များသည် SEE A/C ဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သော SEE များအတွက် ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်အရ SEE A/C အပြင် OA A/C ကိုပါ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ OA A/C ကိုလည်း အတိုကောက်ခေါ်ကြခြင်းဖြစ်ပြီး စာရင်းအမည်အပြည့်အစုံမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း အခြားစာရင်းရှင် State Economic Enterprise[Union Fund Account (Other Account)] SEE [UFA-OA] ဖြစ်ပါသည်။ Other Account ဟုဆိုခြင်းကြောင့် လူအများက ထိုစာရင်းသည် ဘတ်ဂျက်တွင်မပါဝင်ဘဲ ရငွေများသွင်းခြင်း၊ သုံးငွေများ လွတ်လွတ်လပ်လပ်ထုတ်ယူ သုံးစွဲခြင်းများ ပြုနိုင်သည်ဟု ထင်တတ်ကြပါသည်။ အမှန်မှာ OA စာရင်းများသည် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းအတွင်းမှာသာ ရှိရပါသည်။ ဘတ်ဂျက်တွင်လည်း ပါဝင်ပါသည်။ OA စာရင်းသို့ပေးသွင်းသောရငွေများသည် ဘတ်ဂျက်တွင်လျာထားသော ရငွေများဖြစ်ပြီး OA မှ ထုတ်ယူသုံးစွဲသော သုံးငွေများသည်လည်း ဘတ်ဂျက်တွင်လျာထားသော သုံးငွေများသာ ဖြစ်ပါသည်။ OA စာရင်းမှ ထုတ်ယူမှု၊ OA စာရင်းသို့ ပေးသွင်းမှုများကို ဘတ်ဂျက်ဥပဒေအတိုင်းသာ ဆောင်ရွက်ရပါသည်။

**SEE A/C မှာဘာတွေပါသလဲ၊ OA A/C မှာ ဘာတွေပါသလဲ**

ယခင်က SEE A/C တစ်ခုတည်းဖြစ်၍ SEE များ၏ အရအသုံးအားလုံးသည် ၎င်းစာရင်းကို အသုံးပြုပါသည်။ SEE A/C နှင့် OA A/C ဖြစ်လာသည့်အခါ SEE A/C တွင် သွင်းရန် ရငွေများမှာ ဒဏ်ကြေးငွေအဖြစ် သိမ်းယူရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်သွင်းငွေများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွင် ခွင့်ပြုထားငွေမှ ပိုထုတ်မိငွေအတွက် ပြန်သွင်းငွေ၊ ပြန်အမ်းငွေမှ ရငွေများ၊ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုက်ရိုက်မသက်ဆိုင်သော ပုံသေပိုင်ပစ္စည်းများ ငှားရမ်းခရငွေတို့ဖြစ်ပါသည်။ SEE A/C မှ ထုတ်သုံးရန် သုံးငွေများမှာ နှစ်စဉ်ထုတ်ပြန်ထားသော ဘတ်ဂျက်အမှာစာ ( Budget Calendar ) တွင် ထည့်သွင်းဖော်ပြထားသည့်အတိုင်း ထုတ်သုံးရန် ဖြစ်ပါသည်။ OA A/C တွင် သွင်းရန်ရငွေများမှာ-ထုတ်လုပ်သည့်ကုန်ပစ္စည်းများရောင်းချရငွေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုမှရငွေ၊ အခြားရငွေများခေါင်းစဉ်အောက်တွင် ဖက်စပ်လုပ်ငန်းများမှ အမြတ်ဝေစုနှင့် အကျိုးတူဝေစုရငွေများ၊ လိုင်စင်ကြေးနှင့် ဝင်ကြေးရငွေများ ဖြစ်ပါသည်။ OA A/C မှ ထုတ်ယူသုံးစွဲရန်သုံးငွေများမှာ သက်ဆိုင်ရာ SEE ၏ ဘဏ္ဍာရေး အခြေအနေအရ သာမန်အသုံးစရိတ်အားလုံးကျခံခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်ကျခံခြင်း၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ် အားလုံးကျခံခြင်းဟူ၍ ကွဲပြားသွားသည့်အပေါ် မူတည်၍ ထုတ်ယူသုံးစွဲနိုင်ပါသည်။

**OA A/C လက်ကျန်များ**

SEE များတွင် အမြတ်ဖြစ်ပေါ်သည့်အခါ ဘဏ္ဍာရေးနှစ်ကုန်ချိန်တွင် အသားတင်အမြတ်၏ ၂၅ ရာခိုင်နှုန်းကိုဝင်ငွေခွန်ပေးဆောင်ရပါသည်။ အသားတင်အမြတ်၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေ (အမြတ်ဝေစု)အဖြစ် ပေးဆောင်ရပါသည်။ဝင်ငွေခွန်နှင့်နိုင်ငံတော်သို့ ထည့်ဝင်ငွေပေးဆောင်ပြီးနောက် OA A/Cများ၌ လက်ကျန်ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်အရ ၎င်းလက်ကျန်များကို နောင်လာမည့်ဘဏ္ဍာရေးနှစ်သို့ စာရင်းအရဆက်လက်သယ်ဆောင်ခွင့်ပြုပါသည်။ ယင်းသို့သယ်ဆောင်ခွင့်ပြုထားသော်လည်း အထက်တွင်တင်ပြထားသကဲ့သို့ OA A/C ရငွေသုံးငွေများသည် ဘတ်ဂျက်တွင်ပါဝင်သဖြင့်သယ်ဆောင်ခွင့်ရသော OA A/C လက်ကျန်များသည် စာရင်းအရသာ သယ်ဆောင်ရခြင်းဖြစ်ပြီး ငွေသားအဖြစ် သယ်ဆောင်နိုင်ခြင်းမရှိပေ။

ထိုအချက်ကို ဘတ်ဂျက်ကိုနားလည်သဘောပေါက်မှသာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဘတ်ဂျက်ကို နားလည်သဘောပေါက်ခြင်းမရှိပါက OA လက်ကျန်များကို ငွေသားဖြင့် ဆက်လက်သယ်ဆောင်သွားသည် ဟုထင်ခြင်း၊ တစ်နှစ်ထက်တစ်နှစ်စုဆောင်းရရှိလာသော OA လက်ကျန်များသည် များစွာရှိနေပြီဟု ထင်ခြင်း၊ အဆိုပါများပြားလှသောလက်ကျန်များကို သက်ဆိုင်ရာ SEE က ကြိုက်သလိုသုံးနေသည်ဟု ထင်ခြင်း၊ အဆိုပါလက်ကျန်များကို နိုင်ငံအတွင်းအခြားကဏ္ဍများ၌ အသုံးချနိုင်လျှင် ကောင်းမည်ဟုထင်ခြင်း တို့ဖြစ်တတ်ပါသည်။

**ဘတ်ဂျက်၏သဘော**

ဤနေရာတွင် ဘတ်ဂျက်၏သဘောကိုရှင်းလင်းတင်ပြလိုပါသည်။ ဘတ်ဂျက်၏သဘောကို ရှင်းလင်းမည်ဖြစ်သဖြင့် ဘတ်ဂျက်တွင်ပါဝင်သောအစိတ်အပိုင်းများဖြစ်သည့် သာမန်စာရင်းပိုင်း၊ ငွေလုံးငွေရင်းစာရင်းပိုင်း၊ ကြွေးမြီစာရင်းပိုင်းများကို ရှင်းလင်းမည်မဟုတ်ပါ။ ဘတ်ဂျက်၏ အခြေခံသဘော (Basic Principle of Budget)ကို ရှင်းလိုခြင်းဖြစ်ပါသည်။ အခြေခံအားဖြင့် ဘတ်ဂျက်သည်ရငွေကို အခြေခံ၍ ရေးဆွဲရခြင်းဖြစ်ပြီး ရငွေမရှိဘဲ သုံးငွေမရှိနိုင်ပါ။

ရငွေအခြေအနေအရ သုံးငွေများကို မည်သို့ခွဲဝေသုံးစွဲမည်ကို ရေးဆွဲရခြင်းဖြစ်ပါသည်။ သုံးငွေကို ရငွေထက်လျော့နည်း၍ သုံးနိုင်ပါက ပိုငွေပြဘတ်ဂျက် (Surplus Budget) ဖြစ်ပါမည်။ သုံးငွေကိုရငွေနှင့်တူညီစွာသုံးနိုင်ပါက ဘက်ညီဘတ်ဂျက် (Balanced Budget)ဖြစ်ပါမည်။ သုံးငွေသည် ရငွေထက်ပိုသုံးပါက လိုငွေပြဘတ်ဂျက်(Deficit Budget) ဖြစ်ပါမည်။ ပိုငွေပြနှင့် ဘက်ညီဘတ်ဂျက်တို့သည် ပြဿနာရှိမည်မဟုတ်ပါ။ လိုငွေပြဘတ်ဂျက်သည် ပြဿနာရှိပါသည်။ ပြဿနာဆိုသည်မှာ ရငွေထက်ပိုသုံးခြင်းဖြစ်ရာ ပိုသုံးသည့်ငွေတစ်နည်းအားဖြင့် ဘတ်ဂျက်လိုငွေအတွက် ရငွေဘက်သို့ ဖြည့်ပေးရပါမည်။ ဤသို့ဖြည့်ပေးရန် အစိုးရကငွေချေးယူရပါသည်။ နှစ်တိုင်းလိုငွေဖြစ်နေလျှင် နှစ်တိုင်းချေးရပါမည်။ နှစ်တိုင်းလိုငွေဖြစ်နေမှု၏ အကျိုးဆက်မှာ ကြွေးမြီ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာမှုဖြစ်ပါသည်။

ဘတ်ဂျက်၏ နောက်ထပ်သဘောတစ်ခုမှာ ဌာနအဖွဲ့အစည်းတစ်ခုသည် ရငွေရသည်ဖြစ်စေ မရသည်ဖြစ်စေ ဘတ်ဂျက်ဥပဒေတွင်ခွဲဝေထားသည့်အတိုင်း သုံးနိုင်ခြင်းဖြစ်ပါသည်။

**ယင်းသို့သုံးနိုင်ရန်မည်သို့စီမံထားပါသနည်း**

ဘတ်ဂျက်ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် ဥပဒေပါအသုံးစရိတ်များကို ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှဘဏ္ဍာရေးခွင့်ပြုမိန့်အဖြစ် ဌာနအားလုံးသို့ထုတ်ပြန်ပေးပါသည်။ ယင်းသို့ ထုတ်ပြန်ပေးသည့်အချိန်တွင် မြန်မာ့စီးပွားရေးဘဏ်သို့လည်း အကြောင်းကြားပါသည်။ ထိုအခါ မြန်မာ့စီးပွားရေးဘဏ်သည် အထက်တွင်တင်ပြခဲ့သည့် ဌာနဆိုင်ရာငွေထုတ်စာရင်းများဖြစ်သော MD A/C ၊ SEE A/C တို့တွင် ငွေထုတ်ယူနိုင်အောင် ခွဲဝေပေးထားသည့်ပမာဏအတိုင်း စာရင်းတင်ထားပေးပါသည်။ ထိုသဘောမှာ စာရင်းတွင် လက်ကျန်မရှိသော်လည်း ငွေထုတ်နိုင်သည့်သဘော ဖြစ်ပါသည်။ ထို့ကြောင့်လည်း ငွေထုတ်စာရင်း(Drawing Account)ဟု ခေါ်ခြင်းဖြစ်ပါသည်။ သို့မှသာ ရငွေရှာနိုင်သည့်ဌာန၊ မရှာနိုင်သည့်ဌာန မည်သည့်ဌာနမဆို သုံးနိုင်မည်ဖြစ်ပါသည်။

ဗဟိုအဖွဲ့အစည်းများ၊ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစသည့်ဌာနများသည် ရငွေရှာဖွေသည့်ဌာနများ မဟုတ်ပါ။ သို့ရာတွင် ၎င်းတို့ သုံးစွဲနိုင်ရန် ဘတ်ဂျက်ခွဲဝေပေးထားပါသည်။ အဆိုပါဘတ်ဂျက်များကို ခွဲဝေပေးနိုင်ခြင်းမှာ အခွန်အကောက်ဆိုင်ရာရငွေများကို ရှာဖွေပေးသောဌာနများ၏ ရငွေများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုမှ ရလာသော ရငွေများနှင့် အခြားရငွေများအခြေအနေ အပေါ်မူတည်၍ ခွဲဝေပေးနိုင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်က စာရင်းဖွင့်လှစ်ပေးထားသော ဌာနဆိုင်ရာငွေထုတ်စာရင်းများ (MD&SEE A/C) မှာ စာရင်းလက်ကျန်ရှိရန်မလိုဘဲ ထုတ်ယူနိုင်သောစာရင်းများဖြစ်ပါသည်။ ဘတ်ဂျက်ဥပဒေအရ ခွဲဝေပေးသောဘဏ္ဍာငွေများကို ဌာနအလိုက်စာရင်းတင်ပေးထားပါသည်။ အဆိုပါ ပမာဏအတွင်း သုံးလတစ်ကြိမ်ထုတ်ယူရန် အစီအစဉ်ကို ရေးဆွဲထုတ်ယူသုံးစွဲရခြင်း ဖြစ်ပါသည်။ ယင်းကို (Drawing Limit) ဟုခေါ်ခြင်း ဖြစ်ပါသည်။

**OA စာရင်း၏သဘော**

ယခုအထိရှင်းလင်းတင်ပြလျက်ရှိသည့် OA စာရင်းများဆိုသည်မှာ SEE များ၏ UFA(OA) စာရင်းများကို ဆိုလိုပါသည်။ SEE များ၏ UFA(OA) အပြင် အခြား OA များလည်း ရှိပါသည်။ ၎င်းကိုနောက်ပိုင်းမှရှင်းပါမည်။ SEE များ၏ UFA(OA) စာရင်းများကို ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့စဉ်က အောက်ပါရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်-

(က) စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန်

(ခ) မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိရပ်တည်နိုင်ရန်

၎င်း OA စာရင်းများသည် ဌာနဆိုင်ရာငွေထုတ်စာရင်း (MD၊ SEE) တို့နှင့် သဘောသဘာဝ မတူတော့ပါ။ စာရင်းလက်ကျန်မရှိဘဲ ထုတ်ယူနိုင်မှုမရှိပါ။

*စာမျက်နှာ ၁၂ သို့*

# ပြည်သူ့အလုပ်သမားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

**ပြည်သူ့အလုပ်သမားပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့်မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ပြည်သူ့အလုပ်သမားပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်

မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ပဲဖြစ်ပါတယ်။ ကျွန်ုပ်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် (၄) နေရာမှ ဝင်ရောက်အရွေးချယ်ခံမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် တာမွေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံမြို့နယ်တို့မှာ ပါဝင်မှာဖြစ်ပြီး တိုင်းဒေသကြီး လွှတ်တော်များအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် ဆိပ်ကမ်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်များမှာ ဝင်ရောက်အရွေးချယ်ခံမှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ပြည်သူ့အလုပ်သမားပါတီဟာဆိုရင်ဖြင့် ၂၀၁၇ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ယခုဆိုလျှင် နိုင်ငံရေးပါတီအဖြစ် ရပ်တည်လာတာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ တရားဝင်နိုင်ငံရေးပါတီအဖြစ် စတင်ခဲ့တဲ့ တစ်နှစ်တာကာလအတွင်းမှာ ကျွန်ုပ်တို့တတ်စွမ်းသမျှ နစ်နာသူလုပ်သားပြည်သူများအတွက် ကျွန်ုပ်တို့ကူညီဆောင်ရွက်ပေးမှုများကို ပါတီနှင့် နီးစပ်သူများ လာရောက်အကူအညီတောင်းခံခဲ့သော ကာယကံရှင်များ အသိပင်ဖြစ်ပါတယ်။ နောက်ပိုင်းကာလများတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါတီရုံးခွဲများ ဖွင့်လှစ်ပြီး ပြည်သူနှင့်တစ်သွေးတည်း ရပ်တည်ပြီး လုပ်သားပြည်သူတို့ရဲ့လိုလားချက်များကို တတ်စွမ်းသရွေ့ကူညီပေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ဦးစွာပထမ ကျွန်ုပ်တို့ပါတီတည်ထောင်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြလိုပါတယ်။ အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးနှစ်မျိုးထဲက ပါတီနိုင်ငံရေးကို ကျွန်ုပ်တို့ရွေးချယ်ခဲ့ရခြင်းမှာ အဖွဲ့အစည်းဆိုတဲ့ စုပေါင်းအားဖြင့် တိုင်းရင်းသားလုပ်သားပြည်သူများရဲ့အကျိုးအတွက် တရားဝင်ပြောဆိုခွင့်ရဖို့ဖြစ်ပါတယ်။ ကျွန်ုပ်တို့ပြည်သူ့အလုပ်သမားပါတီရဲ့အခြေခံမူဝါဒကိုလည်း ရှင်းလင်းတင်ပြလိုပါတယ်။ နိုင်ငံသားတိုင်း တန်းတူညီမျှမှုရရှိစေရေး၊ လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ အမှန်တကယ်ရရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိစေရေးတို့ကို ပါတီစတင်တည်ထောင်စဉ်ကတည်းက အခြေခံမူဝါဒအဖြစ် ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပါတယ်။

ပါတီရဲ့အခြေခံလမ်းစဉ်ကို တင်ပြရလျှင် အမျိုးသားပညာရေးနဲ့ အမျိုးသားကျန်းမာရေးကို ဦးစားပေးဆောင်ရွက်ရန် လမ်းစဉ်များ ချမှတ်ထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလုပ်သားပြည်သူ အပေါင်း ကျန်းမာကြံ့ခိုင်ပါမှ တိုင်းပြည်အတွက် အလုပ်လုပ်နိုင်ကြမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် လူငယ်များကျန်းမာကြံ့ခိုင်ဖို့ဆိုရာတွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး၊ သင့်တင့်သော ကျန်းမာရေးလိုက်စားမှုများ ပြုလုပ်စေရေးတို့ကို အလေးပေးဆောင်ရွက်စေမှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံအတွက် အားကိုးအားထားပြုရမယ့် အနာဂတ်မျိုးဆက်သစ်ကောင်းများ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ အမျိုးသားပညာရေးကဏ္ဍကို ဆောင်ရွက်တဲ့နေရာမှာ စာမတတ်သူ ပပျောက်ရုံလောက်နဲ့ မကျေနပ်ဘဲ လူငယ်တိုင်းအထက်တန်းပညာအဆင့်အထိ မသင်မနေရပြဋ္ဌာန်းနိုင်ရန် ကြိုးစားသွားမှာဖြစ်ပါတယ်။ ပညာရေးစနစ်သည်လည်း ကမ္ဘာကိုရင်ပေါင်တန်းနိုင်သော ပညာရေးစနစ် ပေါ်ပေါက်လာရေးကို အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့ စွမ်းပကားနဲ့ ဖော်ဆောင်နိုင်ရေးကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ပါတီအနေဖြင့် နောင်လာမယ့် မျိုးဆက်တစ်ခုပြီးတစ်ခု ပို၍ပို၍ အရည်အချင်းပြည့်ဝလာစေရေးကို ဦးတည်ဆောင်ရွက်သွားရန် လမ်းစဉ်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံသားများအတွက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက် အခြေခံအဆောက်အအုံများအား ပြင်ဆင်ပေးခြင်း၊ ကောင်းမွန်သောမူဝါဒများကို ခိုင်မာစွာချမှတ်ခြင်းတို့ကို ပြုလုပ်ပြီး ပြည်ပမှရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရယူကာ စက်ရုံ၊ အလုပ်ရုံများစွာ ပေါ်ပေါက်လာစေဖို့လည်း ကြိုးစားမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသား လုပ်သားများကိုလည်း အလုပ်သမားအခွင့်အရေးအပြည့်အဝရရှိစေရေး ခွဲခြားဆက်ဆံမှုမရှိစေရေးတို့အပြင် အခြားသောဥပဒေချိုးဖောက်မှုတွေ မခံစားရလေအောင် အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရန်နှင့် အငြိမ်းစားယူပြီးကာလများတွင်လည်း မူလအတိုင်းစားဝတ်နေရေး အဆင်ပြေစေရန်အပြင် သက်ရွယ်ကြီးမြင့်လာချိန် ကျန်းမာရေးအတွက်လည်း မပူပင်ရလေအောင် မူဝါဒကောင်းများချမှတ်၍ နိုင်ငံ့ဝန်ထမ်းများရဲ့ ဘဝရပ်တည်ရေးကိုလည်း အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ထိုသို့ဆောင်ရွက်နိုင်ပါမှ တိုင်းပြည်အတွင်း အဂတိကင်းစင်နိုင်မှာလို့ ယုံကြည်မိပါတယ်။

အလျဉ်းသင့်လို့ နောက်တစ်ခုတင်ပြရလျှင် အလုပ်သမားဟူသည့် အဓိပ္ပာယ်ကို ကျွန်ုပ်တို့ဖွင့်ဆိုရပါလျှင် သက်ရှိရပ်တည်နေသော လူသားအားလုံးသည် အလုပ်သမားများဖြစ်သည်ဟု မှတ်ယူရပါမည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် ပြည်သူကို အလုပ်အကျွေးပြုမည်ဟူသော သန္နိဋ္ဌာန်ချမှတ်၍ ပါတီအား ပြည်သူ့အလုပ်သမားပါတီဟု မှည့်တွင်ခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံရေးသမားတိုင်းဟာ တိုင်းပြည်နဲ့ လူမျိုးရဲ့အကျိုးကို မိမိကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်ရန်ရည်သန်ပြီး ပြည်သူ့ထံမှ ဆန္ဒမဲများအရယူကာ အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရေးသမားတိုင်း၊ နိုင်ငံရေးပါတီတိုင်းဟာ မိမိကိုထောက်ခံသူ၊ ဝန်းရံသူလောက်ကိုသာ ကိုယ်စားပြုပြီး ဆောင်ရွက်လို့မရပါဘူး။ ထောက်ခံသူ၊ ဝန်းရံသူလောက်ကိုသာ ကိုယ်စားပြုပြီး အလုပ်လုပ်မယ်ဆိုရင်ဖြင့် အတ္တမကင်းတဲ့ နိုင်ငံရေးသမားများ ဖြစ်သွားမှာပါ။ ကျွန်ုပ်တို့ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုင်ငံသား လုပ်သားပြည်သူအားလုံးကို ကိုယ်စားပြုပြီး အမြဲအလုပ်လုပ်သွားမှာဖြစ်ပါတယ်။

ပြည်သူကို ကိုယ်စားပြုတဲ့နေရာမှာ တစ်ခုပြောရမယ်ဆိုရင် ပြည်သူတွေဘာလိုအပ်သလဲမေးပြီးမှ လုပ်နေတယ်ဆိုရင် မဟုတ်သေးပါဘူး။ မိမိလိုအပ်ချက်သည် ပြည်သူရဲ့လိုအပ်ချက်အဖြစ် ခံယူပြီး အလုပ်လုပ်ရမှာဖြစ်ပါတယ်။ ဒါမှသာ ပြည်သူနဲ့ တစ်သားတည်း ပြည်သူနဲ့အတူ ဖြစ်မယ်လို့ ဆိုနိုင်ပါတယ်။ ပြည်သူ့အလုပ်သမားပါတီဟာဆိုရင်ဖြင့် ပြည်သူနဲ့ တစ်သားတည်း ပြည်သူနဲ့အတူ အမြဲရှိဖို့ရာ ၁၀၀ ရာခိုင်နှုန်း အာမခံနိုင်ပါတယ်။ ကျွန်ုပ်တို့ပါတီသည် အစဉ်အမြဲ ပြည်သူကိုသာ အလုပ်အကျွေးပြုမည့်ပါတီ ဖြစ်နေပါမယ်။ အာဏာလေးရလာတဲ့အခါ ပြည်သူကို ပြန်စော်ကားပြီး ပြည်သူ့အရှင့်သခင် မဖြစ်သွားဖို့ရာကို ပါတီစတင်တည်ထောင်စဉ်ကတည်းက ခိုင်မာသော ဆုံးဖြတ်ချက်ချမှတ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်သားပြည်သူတွေအတွက် လိုအပ်ချက်များကို တရားဝင် ပြောဆိုချင်တဲ့အတွက် ကျွန်ုပ်တို့ရဲ့ ကိုယ်စားလှယ် လွှတ်တော်ထဲကို ရောက်ချင်ပါတယ်။ ပြည်သူများထံမှ ဆန္ဒမဲကို ခံယူပါတယ်။




ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၄၇) အရ နိုင်ငံသားတိုင်း ဥပဒေရဲ့ အကာအကွယ်ကို တန်းတူညီမျှစွာ ခံစားခွင့်ရှိသည်ဟုဆိုသည့်အတိုင်း အမှန်တကယ် အောက်ခြေအထိ ဥပဒေအကာအကွယ်ပေးနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံ လုပ်သားပြည်သူနှစ်ရပ်လုံး ဒီမိုကရေစီ စံချိန်စံညွှန်းအတိုင်း တစ်ပြေးညီရှိစေမှ ဒီမိုကရေစီနိုင်ငံတော်လို့ ကြွေးကြော်၍ ရနိုင်ပါမယ်။ အုပ်ချုပ်သူသာ ဒီမိုကရေစီရနေ မယ်ဆိုရင်ဖြင့် ဘယ်လိုမှ ဒီမိုကရေစီနိုင်ငံတော်လို့ ဟစ်ကြွေး၍ ရနိုင်မည်မဟုတ်ပါဘူး။ ကျွန်ုပ်တို့ပါတီအနေဖြင့် နိုင်ငံသား လုပ်သားပြည်သူအပေါင်း ခေတ်မီ၍ စည်းကမ်းတိကျသော ဒီမိုကရေစီ၏ အရသာကို ခံစားနိုင်စေရန် ဦးလည်မသုန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့မှသာ ဥပဒေရဲ့အထက်တွင် မည်သူမျှမရှိစေရဟူသော စကားနဲ့ ကိုက်ညီနိုင်ပါမယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့လည်း လိုအပ်ပါမယ်။ ကျွန်ုပ်တို့ပါတီရဲ့ နိုင်ငံရေးမူဝါဒထဲမှာ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာကဏ္ဍကိုလည်း ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် တာဝန်ယူမှု တာဝန်ခံမှုများထားရှိကာ နားလည်မှုတည်ဆောက်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန် ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ အစဉ်ဖြစ်ထွန်းစေရန်နှင့် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော တိုင်းရင်းသားများရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရန်လည်း ကူညီဆောင်ရွက်ရပါမယ်။ နိုင်ငံတော်အတွင်း လက်နက်ကိုင်တိုက်ပွဲများ အပြီးတိုင် ချုပ်ငြိမ်းစေရန်အတွက် တိုင်းရင်းသားမျိုးနွယ်စုများရဲ့ လိုလားချက်များကို ညှိနှိုင်းအဖြေရှာခြင်းသည် အခြေခံကျတဲ့ အချက်ဖြစ်တယ်လို့ နိုင်ငံရေးမူဝါဒအဖြစ် ခံယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့မှသာ ပြည်ထောင်စုကြီး ထာဝရမပြိုကွဲဘဲ အစဉ်အမြဲ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ပါတီ၏ နိုင်ငံရေးမူဝါဒတစ်ခုဖြစ်သော လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးရဲ့ ယဉ်ကျေးမှု၊ ကိုးကွယ်မှု ယုံကြည်ရာတို့ကို ဥပဒေအတိုင်း အကာအကွယ်ပေးပြီး လွတ်လပ်၍ အေးချမ်းစွာ နေထိုင်နိုင်ရေးကိုလည်း ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ပါတီအနေဖြင့် အမျိုးသားရေးကိုလည်း အလေးပေးဆောင်ရွက်မှာဖြစ်ပါတယ်။ ဥပမာအနေဖြင့် ပြောပြရလျှင် တိုင်းပြည်တွင် ကျွန်းသစ်ကုန်သွားပါက ရေနံဖြင့် အစားထိုး၍ ရနိုင်သေးသလို၊ ရေနံကုန်ပါကလည်း အခြားရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားဖြင့် အစားထိုး၍ ရနိုင်ပါသေးတယ်။ လူမျိုးနဲ့ဘာသာကွယ်ပျောက်ရင်ဖြင့် အခြားဘယ်အရာနဲ့မှ အစားထိုးလို့ရနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်ုပ်တို့ပါတီအနေဖြင့် အမျိုးဘာသာကိုလည်း မပျောက်ပျက်ရန် အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းသွားမယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားပါမယ်။ ဒါကြောင့်မို့ ကျွန်ုပ်တို့ ပြည်သူ့အလုပ်သမားပါတီရဲ့ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်ခဲ့မယ်ဆိုရင်ဖြင့် မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း ဘယ်သောအခါမှ နောင်တမရစေရဘူးလို့ ရဲရဲကြီး အာမခံပါတယ်ခင်ဗျား။ မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်းတို့ ဆန္ဒနှင့်ဘဝတစ်ထပ်တည်း ကျကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးပထမအဆင့်ခြေစစ်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံး ပထမအဆင့်ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သည့် အုပ်စု (ဂ) ပွဲစဉ်များအား ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (ဂ) တွင် အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေပြီး နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို မူလက မန္တလေးမြို့၌ ကျင်းပရန်စီစဉ်ထားသော်လည်း နိုဝင်ဘာ ၁၂ ရက်တွင် ၂၀၁၈ အာဆီယံ ဆုဇူကီးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲဖြစ်သည့် မြန်မာနှင့် ကမ္ဘောဒီးယားပွဲကို မန္တလာသီရိကွင်း၌ ကျင်းပခွင့်ရခဲ့သောကြောင့် ရန်ကုန်မြို့၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲအဖြစ် မြန်မာအသင်းသည် နိုဝင်ဘာ ၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် နီပေါအသင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲများသာ ကစားမည်ဖြစ်ပြီး စုစုပေါင်း ခုနစ်ပွဲအထက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**-ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး**-ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ခင်သီတာအေး၊ **နောက်တန်း**-ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**-ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန္ဒမေသဇင်၊ နနု၊ ခင်မိုးဝေ၊ **ရှေ့တန်း**-ရီရီဦး၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။

**ရဲရင့်ရှိုင်း**

■ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ သရေကျသော်လည်း အဝေးဂိုးမရသောကြောင့် အိမ်ကွင်း၌ မဖြစ်မနေအနိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက ရရှိခဲ့သည့် ချန်ပီယံဆုနှစ်ခုအနက် အမှတ်ပေးချန်ပီယံဆုကို လက်လွှတ်ခဲ့ရသောကြောင့် ရှုံးထွက်ချန်ပီယံဆု ကာကွယ်နိုင်ရန်သာ ကြိုးစားရတော့မည်ဖြစ်သည်။ ပထမအကျော့ပွဲတွင် ပွဲပယ်ခံထားရသည့် ဟံသာဝတီတိုက်စစ်မှူး ဂျိုးဇက်သည် ယခုပွဲတွင် ပြန်လည်ပါဝင်လာမည်ဖြစ်ရာ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် အိမ်ကွင်း၌ အမှားအယွင်းမရှိ ကစားရမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ၂၀၁၀ ပြည့်နှစ်တွင် ချန်ပီယံဆုရယူနိုင်ခဲ့ပြီး တစ်ကျော့ပြန် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသောကြောင့် ဒုတိယအကျော့တွင် အနိမ့်ဆုံးသရေကစားရုံဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သလို အဝေးကွင်းဂိုးသွင်းနိုင်ပါက တစ်ဂိုးအကွာဖြင့် ရှုံးနိမ့်လျှင်လည်း တက်ရောက်နိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အမှတ်ပေးချန်ပီယံဆုကို ပူပူနွေးနွေးရယူထားနိုင်ပြီး တစ်ရာသီအတွင်း ဖလားနှစ်လုံးရယူနိုင်ရန် ဆက်လက်ကြိုးပမ်းဖွယ် ရှိနေသည်။ **ညီမြတ်သော်တာ**

# ရန်ကုန်အသင်း ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရ

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ရန်ကုန်အသင်းသည် လာမည့်နှစ်တွင် နိုင်ငံတကာကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး အာရှချန်ပီယံလိဂ်တွင် အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။



၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်အသင်း။ ဓာတ်ပုံ-ဖိုးသော်ဇင်

အာရှဘောလုံး အဖွဲ့ချုပ်သည် အဖွဲ့ဝင်နိုင်ငံများမှ ကလပ်အသင်းများအတွက် ပြိုင်ပွဲသုံးခုကျင်းပလျက်ရှိပြီး မြန်မာကလပ်အသင်းများသည် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲတွင် တစ်သင်း၊ AFC Cup ပြိုင်ပွဲတွင် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားသည်။ အမှတ်ပေးချန်ပီယံဆုရသည့် အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အုပ်စုအဆင့်သို့ တက်ရောက်ခွင့်မရပါက AFC Cup ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရပါက AFC Cup တွင် ယင်းအသင်းအစား အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရသည့်အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ လာမည့်ရာသီတွင် အာရှအဆင့်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရသည့် အသင်းတစ်သင်း ထွက်ပေါ်ခဲ့ပြီး ပူပူနွေးနွေး အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံအသင်းမှာ တစ်သင်းတည်းဖြစ်ပါက အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရသည့်အသင်းမှာ AFC Cup ပြိုင်ပွဲတွင် အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ၂၀၁၆ ရာသီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ခြေစစ်ပွဲမအောင်သောကြောင့် AFC Cup ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခဲ့ရသည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် မကြာခဏဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယခုနှစ် AFC Cup ပြိုင်ပွဲတွင်လည်း ယှဉ်ပြိုင်ခဲ့ကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုနှစ် AFC Cup ပြိုင်ပွဲတွင် အုပ်စု(G)၌ ပါဝင်ခဲ့ပြီး ဂလိုဘယ် (ဖိလစ်ပိုင်)၊ ထန်ဟွာ(ဗီယက်နမ်)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)တို့နှင့် ကျရောက်ခဲ့ကာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ၁၃ မှတ် ဖြင့် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ရန်ကုန်အသင်းသည် ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် ရှုံးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

ရန်ကုန်အသင်းသည် ယခုနှစ်တွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သော်လည်း လာမည့်ရာသီတွင် ပိုမိုကောင်းမွန်သည့်အဆင့်ရရန် ပြင်ဆင်မှုများစွာ ပြုလုပ်ရမည်ဖြစ်သလို ကစားသမားသစ်များလည်း အင်အားဖြည့်တင်းရမည်ဖြစ်သည်။ ရန်ကုန်အသင်းကို အဆင့်တစ်ခုရအောင် ပို့ဆောင်ပေးခဲ့သည့် နည်းပြချုပ် ဦးမျိုးမင်းထွန်း၏ စွမ်းဆောင်ရည်နှင့် ပြင်ဆင်မှုကို စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၁၀ မှ*

စာရင်းလက်ကျန်ရှိရမည့်အပြင် ဘတ်ဂျက်က ခွဲဝေထားသည့် အသုံးစရိတ်အတိုင်းသာ အဆိုပါလက်ကျန်ထဲမှ ထုတ်ယူသုံးစွဲနိုင်ခြင်း ဖြစ်ပါသည်။ နောက်တစ်ချက်မှာ OA မှ ထုတ်ယူခြင်း၊ OA သို့ ပေးသွင်းခြင်းများသည် ငွေထုတ်စာရင်းမှထုတ်ယူခြင်း၊ပေးသွင်းခြင်းများထက် ပိုမိုလွယ်ကူမြန်ဆန်မှု ရှိပါသည်။ စီးပွားရေးဆန်ဆန် ဆောင်ရွက်ရခြင်းကြောင့် ဖြစ်ပါသည်။ Drawing Limit မလိုအပ်ပါ။ အဆင့်ဆင့်တင်ရန် မလိုပါ။

စာရင်းသဘောအရ MD၊SEE A/C များသည်နှစ်စတွင် ဘတ်ဂျက်ခွဲဝေရရှိသော အသုံးစရိတ်များဖြင့်စတင်ခဲ့ပြီး နှစ်အတွင်း ရငွေများသုံးငွေများ ဝင်ထွက်ခြင်းဆောင်ရွက်၍ နှစ်ကုန်တွင် စာရင်းသဘောအရ ပိုလျှံငွေပြန်လည်အပ်နှံရသဖြင့် သုညဖြစ်သွားလေသည်။ UFA(OA) A/C များမှာမူ နှစ်စတွင်၎င်း၏ ယခင်နှစ်လက်ကျန်ဖြင့် စတင်ပြီး နှစ်အတွင်း ရငွေများသုံးငွေများ ဝင်ထွက်ခြင်းဆောင်ရွက်၍ နှစ်ကုန်တွင်ကျန်ရှိသည့်လက်ကျန်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကစစ်ဆေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ရှေ့နှစ်သို့ ဆက်လက်သယ်ဆောင်သွားလေသည်။ ဤသည်မှာ ငွေထုတ်စာရင်းနှင့် OA စာရင်းတို့ ကွာခြားချက်ပင် ဖြစ်သည်။

**OAလက်ကျန်များသည် စာရင်းအရဖော်ပေးထားသော လက်ကျန်များသာဖြစ်ခြင်း**


UFA(OA)စာရင်းများ၏ နှစ်ကုန်လက်ကျန်များကို ရှေ့ဘဏ္ဍာရေးနှစ်သို့ ဆက်လက် သယ်ဆောင်ခြင်းမှာ စာရင်းအရသာဖြစ်ပေသည်။ ငွေအရကျန်မည်မဟုတ်တော့ပေ။ ဘတ်ဂျက်တွင် ပါဝင်သောရငွေများသာဖြစ်သဖြင့် ဘတ်ဂျက်အရသုံးစွဲခဲ့သော အသုံးစရိတ်များအတွက် သုံးပြီး ဖြစ်ပေသည်။ သက်ဆိုင်ရာ SEE တစ်ခုတည်း၏ ရှုထောင့်မှကြည့်ပါက အမြတ်ရရှိသည့်အဖွဲ့အစည်းများသည် OA လက်ကျန်ရှိမည်ဖြစ်ပြီး စာရင်းအရ ရှေ့နှစ်သို့သယ်ဆောင်သွားလေသည်။ သို့ရာတွင် ထိုအမြတ်များသည် ဘတ်ဂျက်အတွင်း အခြားသောဌာနများအတွက်ပါ ခွဲဝေသုံးစွဲပြီးဖြစ်သဖြင့် စာရင်းအရသာ သယ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် တစ်နှစ်ပြီး တစ်နှစ် စုဆောင်းလာပါက နှစ်ကြာလာလျှင် လက်ကျန်များလာမည် ဖြစ်သည်။

၎င်းလက်ကျန်သည် ထို SEE မည်မျှထိ မြတ်ခဲ့သည်ကိုပြသနေသည်။ အကယ်၍သာ ဘတ်ဂျက် ပြင်ပမှ လွတ်လွတ်လပ်လပ် ဆောင်ရွက်ရတော့မည်ဆိုပါက ၎င်း SEE ကို နိုင်ငံတော်က မည်မျှမတည်ပေးရမည်ဆိုသည်ကို ထိုလက်ကျန်ပမာဏကို ကြည့်၍ ချင့်ချိန်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် OA စာရင်းမှ ငွေများကို နိုင်ငံတော်က ဘတ်ဂျက်အသုံးစရိတ်အဖြစ် ယူသုံးထားပြီးပေးရန်ရှိအဖြစ်သတ်မှတ်၍ စာရင်းဖော်ထားခြင်း ဖြစ်သည်။ SEE အားလုံးသည် ရာနှုန်းပြည့်နိုင်ငံတော်ပိုင်သာဖြစ်သဖြင့် နိုင်ငံတော်က OA လက်ကျန်များစာရင်းပေါ်နေမှုကို လိုအပ်သလိုစီမံခန့်ခွဲ ဆောင်ရွက်နိုင်ပေသည်။ SEE တစ်ခုသည် ပုဂ္ဂလိကသို့ လုံးလုံးလျားလျားကူးပြောင်း ဆောင်ရွက်တော့မည်ဆိုလျှင်သို့မဟုတ်အများပိုင်ကုမ္ပဏီအဖြစ်သို့ လုံးလုံးလျားလျား ကူးပြောင်းဆောင်ရွက်တော့မည်ဆိုလျှင် ၎င်းအတွက်လိုအပ်သော တန်ဖိုးဖြတ်မှု၊ မတည်ရင်းနှီးငွေကိစ္စ၊ ပင်စင်ကိစ္စ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ကိစ္စစသည်တို့ကို သုံးသပ်ဆောင်ရွက်ရသည့်အချိန်တွင် OA လက်ကျန်အခြေအနေသည် သုံးသပ်မှုကို အထောက်အကူပြုနိုင်သည့် အချက်တစ်ချက်ဖြစ်သည်။

**အခြားသော OA စာရင်းများ**

SEE များ၏ UFA (OA)အပြင် အခြား OA များလည်း ရှိပါသည်။ ယင်းတို့မှာ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများကဖြစ်စေ၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများကဖြစ်စေ ပြည်ပအကူအညီရငွေချေးငွေများအရလည်းကောင်း၊ လှူဒါန်းငွေများအရလည်းကောင်း၊ စာရင်းအဝင်အထွက်များကို သီးခြားထိန်းသိမ်းထားရှိရန် လိုအပ်ချက်အရလည်းကောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ဖွင့်လှစ်ရသော OA စာရင်းများ ဖြစ်ပါသည်။ အချို့အဖွဲ့အစည်းများတွင် ထူးခြားသော အခြေခံစာရင်းပြုဌာနများ၏ ပြန့်ကျဲနေသည့် အနေအထားအရ ဘတ်ဂျက်မှသုံးစွဲသည့် အသုံးစရိတ်များကို OA စာရင်းများ ထပ်မံဖွင့်လှစ်၍ ဆောင်ရွက်ကြရသည်လည်း ရှိပါသည်။ (ဥပမာ- ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်း-ရေ-လေတပ်ရင်းတပ်ဖွဲ့များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနစသည်)

**OA စာရင်းများ၏ ဘတ်ဂျက်တွင် ပါဝင်ပုံကိုအောက်ပါ ဇယားချပ်ဖြင့် လေ့လာနိုင်ပါသည်-**




**OA စာရင်းများကို ပိတ်ရန်သင့်မသင့်**

နိဂုံးချုပ်အားဖြင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ OA စာရင်းများသည် အချို့သူများ ထင်သကဲ့သို့ လက်ကျန်များစွာရှိနေပြီး ၎င်းတို့သဘောဖြင့် သုံး၍ရသော စာရင်းများမဟုတ်ပေ။ ၎င်းလက်ကျန်များကိုကြည့်ပြီး အခြားနေရာတွင် သုံးစွဲရန်မှာလည်း ဘတ်ဂျက်အတွက် သုံးထားပြီးသောငွေရပ်ဖြစ်၍ ဘတ်ဂျက်အသုံးစရိတ်ခွဲဝေမှုဖြင့်သာ ပြန်ပေးနိုင်မည်ဖြစ်ပြီး အသုံးစရိတ်မြင့်တက်လာမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ပေသည်။ အဆိုပါ OA စာရင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်လိုပါက သေချာသုံးသပ်၍ ဆောင်ရွက်သင့်ပါသည်။ OA စာရင်းများကိုပိတ်၍ ယခင်အတိုင်း SEE A/C သာပြန်ထားလျှင် ရသော်လည်း ဗဟိုချုပ်ကိုင်သည့်ပုံစံဖြင့် စီးပွားရေးလုပ်ငန်းမဆန်သော ဦးစီးဌာနဆန်သော လုပ်ငန်းများ ပြန်ဖြစ်သွားပေမည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်လည်း ကိုက်ညီမှုမရှိနိုင်ပေ။ UFA (OA) ကိုပိတ်ရန် / မပိတ်ရန်ထက် SEE ပြုပြင်ပြောင်းလဲရေးကိုသာ လွှတ်တော်တွင် ဆွေးနွေးကြသကဲ့သို့ မဟာဗျူဟာချမှတ်၍ ဆောင်ရွက်သင့်သည်ကို စဉ်းစားသင့်ပါသည်။

SEE UFA (OA) များမှ လွဲ၍ကျန် OA များမှာလည်း လုပ်ငန်းလိုအပ်ချက်အရ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ရခြင်း၊ စာရင်းစစ်ဆေးခံရခြင်းတို့ကို ဆောင်ရွက်ရပါသည်။ မည်သို့ပင်ဆိုစေ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်းထိန်းသိမ်းရေးညွှန်ကြားချက်များ၊ ဘဏ္ဍာရေးအခြေခံကျင့်စဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ပါက OA စာရင်းများသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအတွက် အကျိုးပြုသော စနစ်တကျဖွင့်လှစ်ထားသည့် စာရင်းများသာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၄**

မောင်တောမြို့နယ် နယ်မြေ(၂)၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရံ့ချောင်း ကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) BGB တပ်ရင်း Gorjonbuniya ကင်းစခန်းမှ Naib Subedar Md. Sultan Ahmad ဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်မှ ၁၂ နာရီ ၄၅ မိနစ်ထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင် (၄၀)မှ(၄၁)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီ ၂၅ မိနစ် မှ ၁၂ နာရီထိ မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ မှတ်တိုင်(၅၁-ခွဲ) ကင်းစခန်းမှ ဒုတိယရဲအုပ် ညွန့်ဝင်းဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Panchari ကင်းစခန်းမှ Naib Subedar Md. Salim Miah ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ စကားပြန်/ လမ်းပြတို့သည် မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်း အတိုင်း နယ်နိမိတ်မှတ်တိုင် (၅၀/၅)မှ (၅၂)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင် လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# မင်္ဂလာဒုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၈၃ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၂ ရက် နေ့လယ်ပိုင်းတွင် လားရှိုးမြို့အဝေးပြေး ကားဝင်းအတွင်းရှိ ရတနာသယ်ယူပို့ဆောင်ရေး ကားဂိတ်သို့ အမည်စိစစ်ဆဲ အမျိုးသားတစ်ဦးက အိတ်တစ်လုံးကို ရန်ကုန်သို့ တန်ဆာခဖြင့်ပို့ဆောင်ရန် လာရောက်အပ်နှံခဲ့ပြီး မသင်္ကာကြောင်းကားဂိတ်မှ သတင်းပို့သဖြင့် မူးယစ်အထူးအဖွဲ့မှ လျှို့ဝှက်စုံစမ်းခဲ့ရာ အိတ်အတွင်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ပါရှိနေကြောင်း တွေ့ရှိသဖြင့် ရန်ကုန်မြို့တွင် ဖုန်းဆက်သွယ်ပါက လာရောက်ယူဆောင်မည့် မူးယစ်ဆေးဝါး ပိုင်ရှင်ဖမ်းဆီးရမိရေးအတွက် လားရှိုးမြို့မှ ရန်ကုန်မြို့သို့ထွက်မည့် ခရီးသည်တင်ယာဉ်ပေါ်၌ မူးယစ်ဆေးဝါးအိတ်ကို တန်ဆာပစ္စည်းအဖြစ် တင်ဆောင်ကာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး အသွင်ယူလိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အောင်မင်္ဂလာကားဝင်းသို့ ရောက်ရှိခဲ့သည်။

အဆိုပါ ခရီးဆောင်အိတ်အား AYA/GG----- (NISSAN TIIDA) အငှားယာဉ်ဖြင့် ဇေရဲထွဏ်း (ခ) စစ်သွေး(သရုပ်ဆောင်)နှင့် ခင်မောင်ဝင်းတို့ နှစ်ဦးက လာရောက်ရွေးယူခဲ့သဖြင့် အမှုဖြင့်ဖမ်းဆီးပြီး စစ်ဆေးရှာဖွေရာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၀ ထုပ်စည်း ၁၀ တောင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူနှစ်ဦး ငှားရမ်းနေထိုင်သည့် အမှတ်(၂၈)၊ မြစန္ဒာလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ် ဗီရိုအံဆွဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၃ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဇေရဲထွဏ်း (ခ)စစ်သွေးနှင့် ခင်မောင်ဝင်းတို့ နှစ်ဦးအား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဇေရဲထွဏ်း(ခ)စစ်သွေးနှင့် ခင်မောင်ဝင်းတို့နှစ်ဦးကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဘူးသီးတောင်မြို့နယ်၌ အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိ

**မောင်တော စက်တင်ဘာ ၂၄**

ဘူးသီးတောင်မြို့နယ် ကျောက်ဖြူတောင်အုပ်စု ကျောက်ဖြူတောင်ကျေးရွာနှင့် နှစ်ဖာလုံခန့်အကွာ ရွာအဝင်လမ်းတွင် ယနေ့ နံနက်ပိုင်းက အမျိုးသားအလောင်း တစ်လောင်းအား ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် ကျောက်ဖြူတောင်အုပ်စု ကျောက်ဖြူတောင်ရွာနှင့် နှစ်ဖာလုံခန့်အကွာ ရွာအဝင်လမ်းတွင် အမျိုးသားအလောင်းတစ်လောင်းအား ဖားရှာရန်ထွက်လာသည့် ကျေးရွာသားများကတွေ့ရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ သွားရောက် သတင်းပေးပို့ခဲ့သည်။

သတင်းအရ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မာမတ်တူဆောင်း(၁၈ နှစ်) ကျောက်ဖြူတောင်ကျေးရွာတွင် နေထိုင်သူဖြစ်ကာ တောင်ဘဇာနယ်မြေရဲစခန်းမှ အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဟိန်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၅ . ၉ . ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | "စီးပွားရေးစကားဝိုင်း" (နိုင်ငံ့စီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်)(ပထမပိုင်း) |
| ၉း၃၀ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၄း၁၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း- ၂၃) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၇း၂၀ | - | "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၆) |
| ၁၇း၃၅ | - | မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း |
| ၁၈း၃၅ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၄၆) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | "စီးပွားရေးစကားဝိုင်း" (နိုင်ငံ့စီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်)(ဒုတိယပိုင်း) |
| | - | အနုပညာခန်းရိပ်သာ "စည်သူဒေါက်တာ ဦးသော်ကောင်း (ဥက္ကဋ္ဌ) (အမျိုးသားစာပေစိစစ်ရေးအဖွဲ့)နှင့် တွေ့ဆုံခန်း" |

# ရဲတပ်ဖွဲ့မှ အလိုရှိနေသည့် နာမည်ကြီးတရားခံပြေးအား ဖမ်းဆီးရမိ



နိုင်ဝင်း

**ရေတာရှည် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အတွင်း ခိုးမှုဖြင့် ထောင်ကျနေစဉ် ပြန်လည်ထွက်ပြေးလာခဲ့ပြီး မိန်းကလေး တစ်ဦးကို သားမယားပြုကျင့်မှု ထပ်မံကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင် နေသဖြင့် ရဲတပ်ဖွဲ့က ဝိုင်းဝန်းဖမ်းဆီးရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကိုပါ ဓားဖြင့်ခုတ်၍ ထွက်ပြေးတိမ်းရှောင်နေသော နာမည်ကြီး တရားခံပြေးတစ်ဦးအား စက်တင်ဘာ ၂၄ ရက် နံနက် ၅ နာရီက ဖမ်းဆီးရမိပြီဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦးထံမှ သိရသည်။

စက်တင်ဘာ ၂၃ ရက်က ရေတာရှည် မြို့မရဲစခန်းမှ ပြစ်မှုမျိုးစုံဖြင့် အလိုရှိနေသော နိုင်ဝင်း(၄၁ နှစ်) ပေါက်ချောင်းကျေးရွာနေသူသည် ၎င်း၏ နေအိမ်သို့ ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး၊ ရေတာရှည်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ကြည်ဖေ ဦးဆောင်သော ရေတာရှည်၊ ဆွာ၊ သာဂရ ရဲစခန်းများရှိ တပ်ဖွဲ့ဝင်များက သွားဖမ်းဆီးခဲ့ရာ နိုင်ဝင်းသည် အသာတကြည်အဖမ်းခံခြင်း မရှိသည့်အတွက် ၁၂ ဗို့ပြောင်းချော သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ကာ လုံးထွေး သတ်ပုတ်ဖမ်းဆီးရမိခဲ့သည်။

နိုင်ဝင်း၏ ထွက်ဆိုချက်များအရ ၂၀၁၀ ပြည့်နှစ်ခန့်က ဇနီးဖြစ်သူ မထွေးနှင့်ကွဲကာ နွားထိုးကြီးမြို့နယ် ပြင်စီကနားကျေးရွာနေ မတင်တင်မွန်နှင့် ထပ်မံအိမ်ထောင်ကျနေထိုင်စဉ် လက်နက်ပုဒ်မဖြင့် မြင်းခြံထောင်၌ ထောင် ၆ လ ကျခံခဲ့ရကြောင်း၊ ထောင်ကျနေချိန်အတွင်း ရေတာရှည်မြို့ ခိုးမှု ကျူးလွန်ရာ၌ ပါဝင်ခဲ့၍ တောင်ငူထောင်တွင် ထောင်တစ်နှစ်ထပ်မံ ကျခံခဲ့ရကြောင်း၊ ပြစ်ဒဏ်ကျခံနေစဉ်အတွင်း ထွက်ပြေးလာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ညောင်ပင်ကိုင်းကျေးရွာနေ အသက်(၁၉ နှစ်)အရွယ်ရှိ မိန်းကလေးအား သားမယားအဖြစ်ပြုကျင့်ခဲ့ပြီး ကိုယ်ဝန်နှစ်လ ရရှိခဲ့သည့်အတွက် ရေတာရှည်မြို့မရဲစခန်း၌ မုဒိမ်းမှုဖြင့် ထပ်မံအမှုဖွင့်ခံခဲ့ရပြီး ထွက်ပြေးတိမ်းရှောင်နေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ထွက်ပြေးတိမ်းရှောင်နေရင်း ၂၀၁၈ ခုနှစ် မတ် ၁၄ ရက်က ချိန် နေအိမ်သို့ လာရောက်ဖမ်းဆီးသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ငှက်ကြီးတောင် ဓားဖြင့်ခုတ်ကာ အမြန်လမ်းမကြီး အနောက်ဘက်ရှိ ရိုးမတောအတွင်း ထွက်ပြေးတိမ်းရှောင်နေခဲ့ခြင်း ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် ဖမ်းဆီးခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရပြီး ရဲစခန်းတွင်ဖွင့်လှစ်ထားသည့် ပြစ်မှုပုဒ်မများအလိုက် တရားစွဲဆို တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**

## လှိုင်ကော်၊ ခါမ်းပါတ်၊ ပြင်ဦးလွင်နှင့် ပင်လောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၀) လှိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ည ၈ နာရီခွဲက လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု နွားလဝိုးကျေးရွာသွားကားလမ်းတွင် သန်းဌေးဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ငွေကျပ် ၇၅၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

**ခါမ်းပါတ်**

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် ခါမ်းပါတ်မြို့ တွိဗန်ကျေးရွာအထွက် လမ်းဆုံတွင် အိန္ဒိယနိုင်ငံသား ထောင်းလျင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏ခါးပတ် အိတ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၁ ဂရမ်ကို လည်းကောင်း၊ အလားတူ မွန်းလွဲပိုင်း တွင် ခါမ်းပါတ်မြို့ တွိဗန်ကျေးရွာအဝင် သစ်တောအတွင်း၌ တွေ့ရှိသူ ခင်မောင်ဆန်းအား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃ ဂရမ်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ တွိဗန်ကျေးရွာအဝင် နန်းမော်ကူးတံတားအနီး သစ်တောအတွင်းနေ ထောင်းမင်လက်နှင့် မနိန်ခိုလိုန် တို့၏ မိုးကာတဲကိုရှာဖွေရာ တဲကြမ်းခင်း ပေါ်ရှိ ခရီးဆောင်အိတ် အတွင်းမှ ဘိန်းဖြူ ၆၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၊ ငွေကျပ် ၂၅၉၅၀၀၀၊ အိန္ဒိယ ရူပီး ၆၀၀ ကို လည်းကောင်း။

**ပြင်ဦးလွင်**

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ် ရွှေသင်းကျေးရွာအုပ်စု အင်းပုတ်ကျေးရွာနေ အိုက်မူ(ခ)စိန်မြင့်အောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၆ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ပြင်ဦးလွင်မြို့နယ် ကျားရေတွင်းကျေးရွာနေ ဦးအာလူးက နေအိမ်သို့ လာရောက်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အိုက်မူ(ခ)စိန်မြင့်အောင်နှင့် ဦးအာလူး (ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ပင်လောင်း**

အလားတူ ယမန်နေ့ နံနက်ပိုင်းတွင် ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ဖိုးပြုံး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၄ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်လာသူလေးဦး ဖမ်းဆီးရမိ

**အထက်မင်းလှ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် စက်တင်ဘာ၂၃ ရက်က အထောက်အထားမဲ့ ဝင်ရောက်လာသူ လေးဦးဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာ ၂၃ ရက်က လက်ပံတံခါးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် သတင်းအရ အတည်ပြုစုံစမ်း၍ သွားရောက်စစ်ဆေးခဲ့ရာ လယ်ယားရှည်ကျေးရွာ ရွာအပြင်တောစပ်တွင် မင်းပြားမြို့နယ် လက်မကျေးရွာနေ ရာဆိမ်းနှင့် ဒေါလာတို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ ထို့အတူ စက်တင်ဘာ ၂၄ ရက်က ရှမ်းတပ်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၂၃၉/၄)အနီးတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပေရင်းကျေးရွာနှင့် စစ်တွေမြို့တို့မှ အထောက်အထားမဲ့ ဝင်ရောက်သော မာရိုရှီး(ခ) မင်းနိုင်နှင့် နိုဟာရှင်း(ခ)ကျော်မြင့်တို့နှစ်ဦးကို ထပ်မံဖမ်းဆီးမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေအရအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# အမေရိကန်သမ္မတ ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ နယူးယောက်တွင် တွေ့ဆုံဆွေးနွေး




**တိုကျို စက်တင်ဘာ ၂၄**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ၎င်းနှင့်အမေရိကန်သမ္မတထရန့်တို့သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယား လက်နက်ကင်းစင်ရေးအတွက် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

၎င်းတို့နှစ်ဦးစလုံးသည် တနင်္ဂနွေနေ့က နယူးယောက်ရှိထရန့်တာဝါတွင် နှစ်နာရီကြာတွေ့ဆုံပြီး ညစာစားခဲ့ကြသည်။ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဂျပန်ဝန်ကြီးချုပ်က ၎င်းနှင့်သမ္မတ ထရန့်တို့သည် ဇွန်လအတွင်းက အမေရိကန်-မြောက်ကိုရီးယား သမိုင်းဝင် ဆွေးနွေးပွဲကို အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားရန် သဘောတူထားကြောင်း ပြောသည်။ ဝန်ကြီးချုပ်အာဘေးက ၎င်းသည် မြောက်ကိုရီးယားများ၏ ပြန်ပေးဆွဲခံရသော ဂျပန်နိုင်ငံသားများ၏ မိသားစုများနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းတို့၏သဘောထားများကို နားထောင်ခဲ့ကြောင်း၊ မိသားစုဝင်များ၏ ခံစားချက်များကို အမေရိကန်သမ္မတထံ ပြောပြသွားမည်ဖြစ်ကြောင်းလည်း ပြောသည်။

နောက်ထပ်အဆင့်မှာ မြောက်ကိုရီးယား ခေါင်းဆောင်နှင့် တိုက်ရိုက်တွေ့ဆုံပြီး ဆွေးနွေးရန်ဖြစ်သည်ဟု အာဘေးက ဆက်လက်ပြောကြားသည်။ ထို့ပြင် ဂျပန်နှင့် အမေရိကန်တို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ကြာသပတေးနေ့တွင်လည်းနောက်ထပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု အာဘေးက ပြောသည်။ ဂျပန်စီးပွားရေး ရှင်သန်ဖွံ့ဖြိုးရေးဝန်ကြီး တိုရှိမစ်ဆုမိုတီဂီသည် အင်္ဂါနေ့တွင် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်ရောဘတ်လိုက်သီဇာနှင့်တွေ့ဆုံ ဆွေးနွေးသွားဖွယ်ရှိသည်။ ထရန့်အစိုးရအဖွဲ့သည် ဂျပန်နှင့်လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုကိုဆောင်ရွက်သွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း ပြောသည်။ ၎င်းသည် အမေရိကန်၏ ကုန်သွယ်ရေးလိုငွေကို လျှော့ချနိုင်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# မော်လ်ဒိုက်ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် အနိုင်ရ

**မာလီ စက်တင်ဘာ ၂၄**

အိန္ဒိယလိုလားသူ သမ္မတလောင်း အီဘရာဟင် မိုဟာမက်ဆိုလစ်သည် တနင်္ဂနွေနေ့က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် တရုတ်ထောက်ခံသူ သမ္မတအဗ္ဗဒူလာယာမင်းကို မဲအသာဖြင့် အနိုင်ရခဲ့ကြောင်း မော်လ်ဒိုက် ရွေးကောက်ပွဲကော်မရှင်က ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲရလဒ်များတွင် အတိုက်အခံဘက်ခေါင်းဆောင် ဆိုလစ်သည် လက်ရှိသမ္မတယာမင်းထက် ၅၈ ရာခိုင်နှုန်း မဲအသာရရှိခဲ့သည်။

၎င်းသည် ၁၃၄၆၁၆ မဲ ရရှိခဲ့ပြီး မစ္စတာယာမင်းကမူ ၉၆၁၃၂ မဲ သာ ရရှိခဲ့သည်။

တရားဝင်ရလဒ်များကို တစ်ပတ်အတွင်း ကြေညာပေးသွားမည်ဖြစ်သည်။



တနလ်ာနေ့ နံနက်ပိုင်းတွင် ဆိုလစ်မှ ၎င်းအနိုင်ရရှိခဲ့ကြောင်း ကြေညာခဲ့ပြီး ပြိုင်ဘက်ဖြစ်သူ ယာမင်းကို ရှုံးနိမ့်ကြောင်း ဝန်ခံရန် တိုက်တွန်းသွားသည်။

ထို့ပြင် အာဏာအလွှဲအပြောင်းကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးရေးနှင့် ဖမ်းဆီးထောင်ချခံထားရသည့် အတိုက်အခံခေါင်းဆောင်များကို ပြန်လွှတ်ပေးရန် တိုက်တွန်းခဲ့သည်။

၎င်းကိုထောက်ခံသူများဖြင့်လည်း မာလီမြို့လမ်းမများပေါ်တွင် ပြည့်နှက်သွားခဲ့သည်။ အဓိကအတိုက်အခံခေါင်းဆောင် ဆိုလစ်သည် နယ်နှင်ဒဏ်ပေးခံထားရသည့် သမ္မတဟောင်းမိုဟာမက် နက်ရှိရှီး၏ ထောက်ခံမှုကို ရယူထားသူလည်းဖြစ်သည်။ ဆိုလစ်သမ္မတဖြစ်လာလျှင် စီးပွားရေးနှင့်အမျိုးသားလုံခြုံရေးတို့တွင် အိန္ဒိယကိုလိုလားသော လုပ်ရှားမှုများ ဆောင်ရွက်လာနိုင်ဖွယ်ရှိသည်။


**အင်န်အိတ်ချ်ကေ**

# ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တိုက်ဂါးဝုဒ် ပြန်လည်အနိုင်ရ

**အတ္တလန္တာ စက်တင်ဘာ ၂၄**

တိုက်ဂါးဝုဒ်သည် စက်တင်ဘာ ၂၃ ရက်က ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အနိုင်ရရှိခဲ့သည်။ တိုးချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ငါးနှစ်အတွင်းစံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၄၂ နှစ်အရွယ် တိုက်ဂါးဝုဒ်သည် အဓိကပြိုင်ပွဲကြီးများတွင် ၁၄ ကြိမ် ဗိုလ်စွဲခဲ့ပြီး ၎င်း၏ ရွှေရောင်လွှမ်းသော ကာလအတွင်း ဆုတံဆိပ်ပေါင်း ၈၀ ကျော် ရရှိခဲ့သည်။ တိုးချန်ပီယံရှစ်ပြိုင်ပွဲ၏ သတ်မှတ်ရိုက်ချက် ၂၆၉ ချက်တွင် ၁၁ ချက် လျှော့ရိုက်ခဲ့ပြီး တိုက်ဂါးဝုဒ်အနိုင်ရရှိခဲ့သည့်အခါ ထောင်ပေါင်းများစွာသော ပရိသတ်များသည် ‘တိုက်ဂါး တိုက်ဂါး’ ဟု ဟစ်ကြွေးခဲ့ကြသည်။ တိုက်ဂါးဝုဒ်ကိုယ်တိုင်လည်း ၁၈ ကျင်းမြောက်ဆီ လျှောက်လှမ်းသွားသည့်အခါ စိတ်လှုပ်ရှားခဲ့ကြောင်း ဝန်ခံခဲ့သည်။ “မငိုမိအောင် ထိန်းထားရတဲ့ ခက်ခဲတဲ့အချိန်တွေကို ဖြတ်ကျော်ခဲ့ရပါတယ်”ဟု တိုက်ဂါးဝုဒ်က ပြောသည်။

နောက်တစ်ကြိမ် ဂေါက် ပြန်မကစားနိုင်တော့ဘူးဟု ယူဆထားရသည့်အချိန်ကို ကျော်ဖြတ်ကာ တိုက်ဂါးဝုဒ်အနေဖြင့် နောက်တစ်ကြိမ် ပြန်လည်အနိုင်ရသည်ကို တွေ့ရသည်မှာ စိတ်လှုပ်ရှားမှုများနှင့် ပြည့်နှက်နေသော ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ယခုတစ်ကြိမ် အောင်မြင်မှုသည် တိုက်ဂါးဝုဒ်အနေဖြင့်နောက်တစ်ကြိမ် အဆင့်မြင့်အနေအထားသို့ ပြန်မရောက်နိုင်တော့ဘူးလားဟူသည့် သံသယများကို ဖြေဖျောက်နိုင်ခဲ့သည်။ တိုက်ဂါးဝုဒ်သည် ဒဏ်ရာအနေအထားကြောင့် လွန်ခဲ့သောနှစ်နှစ်ခန့်က အနားယူခဲ့ရာမှာ ဇန်နဝါရီလအတွင်း ပြန်လည်ကစားနိုင်ခဲ့သည်။ အဖွင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ခဲ့သော တိုက်ဂါးဝုဒ်အတွက် နောက်တစ်ကြိမ် ကမ္ဘာ့နံပါတ်တစ် ချန်ပီယံဖြစ်ရေး အိပ်မက်များ ပြန်လည်စတင်နိုင်ပြီဖြစ်သည်။ **အေအက်ဖ်ပီ**



# ရေနံထုတ်လုပ်နိုင်ငံများ ထုတ်လုပ်မှုပမာဏမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည်

**အယ်ဂျီးရီးယား စက်တင်ဘာ ၂၄**

ရေနံအဓိကထုတ်လုပ်သည့်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ရေနံတိုးမြှင့်ထုတ်လုပ်ရေး သဘောတူခဲ့ကြသည်။ အမေရိကန်မှ အီရန်နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများကြောင့် ရေနံပြတ်လပ်မှု စိုးရိမ်နေမှုများကို ပပျောက်စေရန် ကြိုးပမ်းလျက်ရှိသည်။

ရေနံတင်ပို့ရောင်းချသူနိုင်ငံများအသင်းမှ အဖွဲ့ဝင်နိုင်ငံ များနှင့် OPEC အဖွဲ့ဝင်မဟုတ်သောနိုင်ငံဖြစ်သည့် ရုရှား နိုင်ငံတို့သည် တနင်္ဂနွေနေ့က အယ်လ်ဂျီးရီးယားနိုင်ငံတွင် တွေ့ဆုံခဲ့ကြသည်။ ဇွန်လအတွင်း ရေနံတိုးမြှင့်ထုတ်လုပ်မည်ဟု သဘောတူထားခဲ့မှုကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ ကြောင်း ရေနံထုတ်လုပ်သူနိုင်ငံများမှ ကိုယ်စားလှယ်များက ပြောသည်။ ယခုတစ်ကြိမ်ဆွေးနွေးပွဲတွင် ဆော်ဒီအာရေဗျမှ စွမ်းအင်ဝန်ကြီး ခါလက်အယ်လ်ဖယ်လာက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းက ဆော်ဒီအာရေဗျသည် တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၅ သန်း တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်းပြောခဲ့သည်။ OPEC အဖွဲ့ဝင်နိုင်ငံများသည် ရေနံတိုးမြှင့်ထုတ်လုပ်ရန် သဘောတူခဲ့ကြပြီး အီရန်နိုင်ငံဘက်မှလည်း OPEC အဖွဲ့သည် ၎င်း၏ ရေနံထုတ်လုပ်မှု ဖြတ်ချပစ်မည်ကို စိုးရိမ်နေကြသည်။




အကယ်၍ ရေနံထုတ်လုပ်သူနိုင်ငံများမှ ရေရှည်တွင် တိုးမြှင့်ထုတ်လုပ်ရန် အစီအစဉ်မရှိပါက ရေနံစိမ်းဈေးနှုန်းတိုးမြှင့်မှုကို ထိန်းချုပ်နိုင်ခြင်း ရှိ မရှိကိုမူ အသေအချာမပြောနိုင်ပေ။ အမေရိကန်ပြည်ထောင်စုကမူ နိုဝင်ဘာလမှစတင်ကာ အီရန်ကို စီးပွားရေးပိတ်ဆို့သည့်အနေဖြင့် အီရန်နိုင်ငံမှ ရေနံများမဝယ် ကြရန် အခြားသော နိုင်ငံများကို တိုက်တွန်းထားသည်။

အီရန်နိုင်ငံမှ ရေနံထုတ်လုပ်မှုသည် လွန်ခဲ့သောလတွင် တစ်နေ့လျှင် ၁၅၀၀၀၀ ကျဆင်းခဲ့ပြီး အီရန်နိုင်ငံမှ ရေနံထုတ်လုပ်မှု ဆက်လက်ကျဆင်းမည်ကို စိုးရိမ်နေကြသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံစိမ်းဈေးနှုန်းမှာ ဆက်လက်မြင့်တက်သွားမည်ဟု ခန့်မှန်းထားကြသည်။ **အင်န်အိတ်ချ်ကေ**

# တူရကီတွင် အာဏာသိမ်းရန် ကြိုးပမ်းသူဟု သံသယရှိသူ ၂၁ ဦးကို ထိန်းသိမ်း

**အစ္စတန်ဘူလ် စက်တင်ဘာ ၂၄**

တူရကီရဲများသည် ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သောမအောင်မြင်သည့်အာဏာသိမ်းမှုတွင် ပါဝင်သည်ဟု သံသယရှိသူ ၂၁ ဦးကို တနင်္လာနေ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။ အစ္စတန်ဘူလ်မြို့ရှိ နေရာပေါင်း ၅၄ နေရာတွင် အာဏာသိမ်းရန်ကြိုးပမ်းမှု၌ ဆက်စပ်မှုရှိသည့်သူများကို ရဲများက ဆက်လက်ရှာဖွေမှုများ ပြုလုပ်နေဆဲဖြစ်သည်။ ဖမ်းဆီးခံရသူများထဲတွင် အဓိကပါဝင်သူများမှာ ပြည်နယ်ပညာရေးကျောင်းများနှင့်အာဏာသိမ်းမှုတွင် အဓိကကြိုးကိုင်သူ ကွန်ရက်မှ ဖွင့်လှစ်ထားသော ကျောင်းများတွင် လုပ်ကိုင်နေကြသော ကျောင်းဆရာများဖြစ်ကြသည်။ မအောင်မမြင်ဖြစ်ခဲ့ရသည့် အာဏာသိမ်းရန်ကြိုးပမ်းမှုအတွက် ကြိုးကိုင်သူမှာ တူရကီဘုန်းကြီး ဖက်တူလာဂူလန်ဖြစ်သည်ဟု တူရကီအစိုးရက အပြစ်တင်ထားသည်။ အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့် လူပေါင်း ၂၅၀ ခန့် သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တူနီးရှား၌ မိုးသည်းထန် ရွာသွန်းမှုကြောင့် ငါးဦးသေဆုံး

**တူနစ် စက်တင်ဘာ ၂၄**

တူနီးရှား အရှေ့မြောက်ဘက်ရှိ နဘူးလ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူငါးဦးသေဆုံးခဲ့ကြောင်း တူနီးရှားပြည်သူ့ကာကွယ်ရေးမှ ပြောရေးဆိုခွင့်ရှိသူ မော့ဇ်ထရှိုင်ရာက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

သေဆုံးသူများထဲတွင် ညီအစ်မနှစ်ဦးနှင့်အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးတို့ပါဝင်ကြောင်း ထရှိုင်က ပြောသည်။ စနေနေ့ နံနက်ပိုင်းမှ စတင်ကာ တူနီးရှားနယ်မြေအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းမှုကို ခံစားခဲ့ရသည်။

တူနီးရှား ပြည်သူ့ကာကွယ်ရေးတပ်စုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လမ်းမပေါ်တွင်ပိတ်မိနေသော ယာဉ် ၈၆ စီးကို ကယ်တင်ခဲ့ကြပြီး ကမ်းခြေအနီး လမ်းမပေါ်တွင် ပိတ်မိနေသော ဂျပန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များကိုလည်း ကယ်တင်ခဲ့သည်။

**ဆင်ဟွာ**

### ဆီးရီးယားပြည်တွင်းစစ်အတွင်း အမေရိကန်မဟာမိတ်များကြောင့် အရပ်သားထောင်နှင့်ချီသေဆုံး

**ဒမတ်စကတ် စက်တင်ဘာ ၂၄**

ဆီးရီးယားပြည်တွင်းစစ် လေးနှစ်တာကာလအတွင်း အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်များ၏ အိုင်အက်စ်အဖွဲ့ကို လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားထောင်နှင့်ချီ၍ အသတ်ခံရကြောင်း စစ်ပွဲစောင့်ကြည့်ရေးအုပ်စုမှ တနင်္ဂနွေနေ့တွင် ပြောသည်။

အမေရိကန် ဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသူသူပုန် ၁၂၀၀၀ တွင်အရပ်သားများလည်း ပါဝင်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောသည်။ ဗြိတိန်အခြေစိုက် စောင့်ကြည့်ရေးအုပ်စုက သေဆုံးသူများထဲတွင် ဆီးရီးယားတပ်ဖွဲ့ဝင် ၁၆၉ ဦး ပါဝင်ကြောင်း၊ ၎င်းတို့သည် ဆီးရီးယားအစိုးရသိမ်းပိုက်ထားရာနယ်မြေများတွင် အမေရိကန်ဦးဆောင်သောမဟာမိတ်များ၏ တိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ရကြောင်း သိရသည်။

ကာ့ဒ်သူပုန်များ ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ် တပ်ဖွဲ့ကို အမေရိကန်က အထောက်အပံ့ပြုထားပြီး ရေနံကြွယ်ဝသော Derial -Zour ပြည်နယ်မှ အိုင်အက်စ်တို့ကို တိုက်ထုတ်ရာတွင် အဆိုပါတပ်ဖွဲ့က ဦးဆောင်တိုက်ခိုက်ခဲ့သည်။

ဆီးရီးယားအစိုးရသည် အရပ်သားများ သေဆုံးသူ အရေအတွက်ကိုထောက်ပြကာ မဟာမိတ်တပ်များ ဆီးရီးယားမှထွက်ခွာသွားရန် ကုလသမဂ္ဂကို တိုက်တွန်းခဲ့သည်။

**ဆင်ဟွာ**

# နည်းပညာဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆိုက်ဘာတိုက်ခိုက်မှုများ

**ထွန်းသစ်စ**

ယနေ့ကမ္ဘာကြီးမှာ သတင်းအချက်အလက်နဲ့ နည်းပညာ (အိုင်တီ) ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ခေတ်နဲ့အညီ အရှိန်အဟုန်ကောင်းကောင်းနဲ့ဖြစ်ထွန်းလာတာကို အားလုံးမျက်မြင်ပဲဖြစ်ပါတယ်။ ယခင်က နည်းပညာမဖွံ့ဖြိုးခင်မှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အုပ်စုတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သတင်းအချက်အလက် ဖလှယ်တာတို့၊ သတင်းစကားအမှာပါးတဲ့နေရာတို့မှာ စာတိုက်တွေ၊ ကြေးနန်းတွေနဲ့ စာပို့ခိုတွေကို အသုံးပြုခဲ့ရပါတယ်။ အချိန်တွေလည်း အများကြီးကုန်ခဲ့သလို၊ မြန်ဆန်ထိရောက်မှုအပိုင်းမှာလည်း အားနည်းချက်တွေ ရှိခဲ့ပါတယ်။

**စက္ကန့်မခြား**

အခုတော့ အဲဒီလိုမဟုတ်တော့ပါဘူး။ နည်းပညာတွေဟာ ရေးကန့်မတူဘဲ အဆင့်မီမီ ပြောင်းလဲလာခဲ့ပါပြီ။ ကလစ်လေးတစ်ချက်နှိပ်ရုံနဲ့ စက္ကန့်မခြားဘဲ စေလိုရာစေနိုင်ပြီ ဖြစ်ပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့်ရလာတဲ့ အကျိုးရလဒ်က အံ့မခန်းဖြစ်သလို အဲဒီလိုပဲ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေနောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာတိုက်ခိုက်မှုကလည်း ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေပါပြီ။

အပတ်စဉ်အပတ်တိုင်း လစဉ်လတိုင်းဘဏ်တွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေကို အဓိကဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ အာရ်အက်စ်အေ၏ အကြီးတန်းနည်းပညာအတိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ဦးက ဆိုပါတယ်။


**အကောင့်များ လုံခြုံမှုမရှိ**

ထိတ်လန့်စရာ အကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာတိုက်ခိုက်မှုပင်ဖြစ်ပြီး အဆိုပါကိစ္စမှာ ရာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရှိ အကောင့်တွေ မလုံမခြုံဖြစ်ခဲ့ရပါတယ်လို့ ရာဟူးက ကြေညာခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကမ္ဘာ့အကြီးဆုံးလူမှုမီဒီယာကုမ္ပဏီဖြစ်တဲ့ ဖေ့စ်ဘုတ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ ပတ်သက်တဲ့ တောင်းပန်စာကို ဗြိတိန်နဲ့ အမေရိကန် သတင်းစာတွေမှာ စာမျက်နှာ တစ်မျက်နှာပြည့်ထည့်သွင်း ဖော်ပြခဲ့တယ်လို့ သတင်းတွေမှာ ထပ်မံလေ့လာ သိရှိခဲ့ ပြန်ပါတယ်။

**ဘယ်သူ့ကို အပြစ်တင်ရမလဲ**

အဲဒီလို ကိစ္စတွေဖြစ်ပွားလာခဲ့ပါက ဘယ်သူ့ကို အပြစ်တင်ရမလဲ။ ငြင်းလို့မရတဲ့ အချက်ကတော့ ဆိုက်ဘာ တိုက်ခိုက်သူတွေဟာ အခုလိုဖြစ်ပွားလာတဲ့ ကိစ္စတွေနဲ့ မကင်းဘူးဆိုတာပဲ ဖြစ်ပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုတွေ ရှိခဲ့ပါက စီးပွားရေးခေါင်းဆောင်တွေဟာ သူတို့ရဲ့ အိုင်တီဌာနတွေအနေနဲ့ အဆိုပါကိစ္စရပ်တွေအတွက် အပြည့်



အဝတာဝန်ယူရမှာ ဖြစ်တယ်လို့ ပြောခဲ့သော်လည်း တကယ့်ဆိုက်ဘာတိုက်ခိုက်မှုတွေအပေါ် ပြစ်တင်မှုတွေကတော့ ဆက်လက်ပြီး အားကောင်းစွာဖြစ်ပေါ်လျက်ရှိဆဲပါ။

ထိုသို့ ဖြစ်ပွားလာခဲ့တဲ့ တကယ့်ရင်းမြစ်တွေကတော့ စီးပွားရေးလုပ်ငန်းရှင်တွေ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေနဲ့ လုံခြုံရေးအဖွဲ့တွေကြား ပေါင်းစည်းညှိနှိုင်းမှုတွေ အားနည်းသောကြောင့် ဖြစ်တယ်လို့ တချို့လေ့လာသူတွေက ဆိုပါတယ်။ အိုင်တီကျွမ်းကျင်ပညာရှင်တွေဟာ ဆိုက်ဘာကျိုးပေါက်မှုတွေ ဘာကြောင့်ဖြစ်လာသလဲဆိုတဲ့အပေါ် နားလည်သဘောပေါက်ဖို့ သာမက အနာဂတ်မှာ ဘယ်လိုကာကွယ်မှုတွေ လုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီး စိတ်အားထက်သန်နေချိန်မှာ စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်တွေကတော့ ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် အဖွဲ့အစည်းအတွင်းဖြစ်ပေါ်လာတဲ့ ရလဒ်ကိုပဲ သုံးသပ်ပါတယ်။ အခုလို ပေါင်းစပ်ညှိနှိုင်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းတွေအနေနဲ့ အမြင့်မားဆုံးသော ခြိမ်းခြောက်မှုတွေကို တုံ့ပြန်မှုနဲ့ ကာကွယ်မှုတွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ အားမနည်းအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာနဲ့ရော ဆိုက်ဘာခြိမ်းခြောက်မှု အန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ရော လိုအပ်ပါတယ်။

**နားလည်မှုကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်များ**

ဝမ်းနည်းစွာ နားလည်မှုလွဲခြင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်အနေနဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေအနေနဲ့ စီးပွားရေး ဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို အတူတကွလုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေဟာ အိုင်တီနယ်ပယ်နဲ့ စီးပွားရေးကဏ္ဍတွေမှာပါ ပြဿနာဖြစ်စေပါတယ်။

ဒုတိယအချက်အနေနဲ့ လုံခြုံရေးအဖွဲ့ဟာ အဖွဲ့တစ်တစ်ခုလုံးကို အချိန်တိုင်း ကြည့်နေဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိကမ္ဘာကြီးမှာ မိုဘိုင်းနည်းပညာ၊ အင်တာနက်တွင် သိုလှောင်သိမ်းဆည်းနိုင်သော ကလောက်နည်းပညာနဲ့ အင်တာနက်နည်းပညာတွေဟာ ဆိုက်ဘာခြိမ်းခြောက်တိုက်ခိုက်မှုကို အချိန်တိုင်း လမ်းဖွင့်ပေးနေသလိုဖြစ်နေပါတယ်။ ဒါကြောင့် အဖွဲ့အစည်းတွေဟာ ယခင်ကထက်ကိုပဲ ဘေးအန္တရာယ်ပိုများလာခဲ့ပါပြီ။ ယနေ့ခေတ် အဖွဲ့အစည်းတွေဟာ ဆိုက်ဘာတိုက်ခိုက်မှုတွေ ဘယ်အချိန်ဖြစ်လာမလဲ ဆိုတာကို ကြိုမမြင်နိုင်ပါဘူး။ ဆိုက်ဘာခြိမ်းခြောက်မှုတွေဟာ ၃၉ စက္ကန့်တိုင်းမှာ တစ်ကြိမ်ဖြစ်ပေါ်လျက်ရှိတယ်လို့ လေ့လာမှုစစ်တမ်းတွေမှာ ဆိုထားပါတယ်။

> “အဖွဲ့အစည်းတွေအနေနဲ့ နည်းပညာလုံခြုံရေးအဖွဲ့ကို ဆိုက်ဘာတိုက်ခိုက်လာမှုမှ ကာကွယ်ရန်နဲ့ ခြိမ်းခြောက်မှုမှ တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တွေခွင့်ပြုပေးရမှာဖြစ်ပါတယ်။ အကယ်၍ တိုက်ခိုက်မှုတွေကို မခုခံမကာကွယ်ဘူးဆိုရင်တော့ ပိုဆိုးတဲ့ အခြေအနေတွေရောက်လာမှာဖြစ်”

တတိယအချက်အနေနဲ့ အဖွဲ့အစည်းတွေအနေနဲ့ နည်းပညာလုံခြုံရေးအဖွဲ့ကို ဆိုက်ဘာတိုက်ခိုက်လာမှုမှ ကာကွယ်ရန်နဲ့ ခြိမ်းခြောက်မှုမှ တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တွေခွင့်ပြုပေးရမှာဖြစ်ပါတယ်။ အကယ်၍ တိုက်ခိုက်မှုတွေကို မခုခံမကာကွယ်ဘူးဆိုရင်တော့ ပိုဆိုးတဲ့ အခြေအနေတွေ ရောက်လာမှာဖြစ်ပါတယ်။

စီးပွားရေးဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို ဖန်တီးဖို့ဆိုရင် စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေဟာ သူတို့ရဲ့ နည်းဗျူဟာတွေ၊ ဦးစားပေးလုပ်ဆောင်ရမယ့် ကိစ္စတွေကို ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

**ခေါင်းဆောင်တွေ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်တွေကို ချမှတ်ပေးရမယ်**

လုံခြုံရေးအပိုင်းမှာ စွန့်စားခြင်းနဲ့ အောင်မြင်မှုတန်ဖိုးကြားမှာ ခြားနားမှုတွေရှိပါတယ်။ အိုင်တီကျွမ်းကျင်သူတွေဟာ စီးပွားရေးခေါင်းဆောင်တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ မရှိသလောက်ရှားပါတယ်။ အမှုဆောင်အရာရှိတွေကလည်း ဖြစ်ကာမှဖြစ်ရော မဖြစ်သေးတဲ့ဆိုက်ဘာတိုက်ခိုက်မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာတွေနဲ့ ခေါင်းခြောက်လျက် ရှိပါတယ်။ စီးပွားရေးခေါင်းဆောင်တွေဟာလည်း လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုတွေမှာ ဖြစ်တတ်တဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု၊ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်တွေ၊ ဂုဏ်သိက္ခာဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတော့ သက်ရောက်မှုအနည်းအများကို နားလည်ထားသင့်ပါတယ်။

အိုင်တီ ပညာရှင်တွေကလည်း ညှိနှိုင်းဆွေးနွေးပွဲတွေမှာ သက်ဆိုင်ရာအိုင်တီအကြောင်းအရာတွေကို စီးပွားရေးခေါင်းဆောင်တွေ နားလည်အောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။ ထို့အတူ ဆိုက်ဘာလုံခြုံရေးရင်းနှီးမြှုပ်နှံမှုရဲ့တန်ဖိုးကိုလည်း နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးရပါမယ်။ စီးပွားရေး ခေါင်းဆောင်တွေအနေနဲ့လည်း သူတို့ရဲ့အိုင်တီဌာနတွေအနေနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်တွေကို ချမှတ်ပေးရမှာဖြစ်သလို အပြည့်အဝနားလည်အောင်လည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။

အိုင်တီကျွမ်းကျင်သူ ထက်ဝက်လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝနားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် ဆိုက်ဘာခြိမ်းခြောက်မှုတွေနဲ့ ဆိုက်ဘာတိုက်ခိုက်မှုတွေ ဖြစ်ပေါ်နိုင်မှုကို အပြည့်အဝ နားလည်ဖို့ လိုအပ်ပါတယ်။

အဖွဲ့အစည်း တစ်ခုလုံးကို အပြည့်အဝ မြင်အောင်ကြည့်နိုင်ခြင်းဟာ လုပ်ငန်းတွေလည်ပတ်ခြင်းနဲ့ ဆိုက်ဘာခြိမ်းခြောက်မှု အန္တရာယ်ကို ကာကွယ်နိုင်မှာဖြစ်သလို ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ပျက်စီးမှုလျော့နည်းအောင် လုပ်ဆောင်နိုင်မှာပဲဖြစ်ပါတယ်။ ခေါင်းဆောင်ပိုင်းတွေဟာ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ စီးပွားရေးအန္တရာယ်ကြား ကွာဟချက်တွေကို နားလည်ထားဖို့လိုအပ်ပါတယ်။ ထို့အတူ အဖွဲ့အစည်းအတွင်းပိုင်း ဆက်သွယ်မှုအားလုံးကို မြင်တွေ့ပြီး အချိန်မီစီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။

ဖော်ပြပါအချက်တွေကို လုပ်ဆောင်မယ်ဆိုရင် ယနေ့ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ ကြုံတွေ့နေတဲ့ ခေတ်မီနည်းပညာကိုအသုံးပြုနေတဲ့ဘဏ်တွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံးကျောင်းတွေအပါအဝင် ပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ အနည်းနဲ့ အများဆိုသလို သက်သာမှာဖြစ်ပါတယ်။

အိုင်တီပညာရှင်တွေနဲ့ စီးပွားရေး ဦးဆောင်သူတွေကြား နားလည်မှုတွေလည်း အပြန်အလှန်ရှိရမှာဖြစ်ပါတယ်။ သို့မှသာ ဆိုက်ဘာတိုက်ခိုက်မှုမှ အချိန်မီကာကွယ်နိုင်မှာဖြစ်ပါတယ်။

**ကိုးကား-ချန်နယ်နယူးအေးရှ**

# ကမ္ဘာ့သားဆက်ခြားခြင်းနေ့အခမ်းအနား မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

ကမ္ဘာ့သားဆက်ခြားနေ့ဖြစ်သော စက်တင်ဘာ ၂၆ ရက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ World Contraception Day အဖြစ် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံတွင်လည်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့သားဆက်ခြားနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးရုံးဝင်းအတွင်းရှိ ကနောင်ခန်းမ၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ Department for International Development,UK မှ အကြီးအကဲ ဒေါက်တာ Gail Marzetti နှင့် PSI/Myanmar အဖွဲ့မှ အကြီးတန်းဒါရိုက်တာ Barry Whittle တို့က အမှာစကားများ ပြောကြားကြသည်။

ကမ္ဘာ့သားဆက်ခြားနေ့အထိမ်းအမှတ် အခမ်းအနားကို လှိုင်သာယာတွင်ကျင်းပရခြင်းမှာ လှိုင်သာယာသည် ရန်ကုန်မြို့၏ လူဦးရေထူထပ်သော မြို့နယ်တစ်ခုဖြစ်ပြီး အထည်ချုပ်စက်ရုံများ၊ အကြီးစား၊ အသေးစားစက်မှုလုပ်ငန်းများနှင့် ရွှေ့ပြောင်းနေထိုင်သူ အများဆုံးစုဝေးရာနေရာဖြစ်သောကြောင့် ရွေးချယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခမ်းအနားကျင်းပသည့် ရည်ရွယ်ချက်မှာ သားဆက်ခြားနည်းလမ်းများအကြောင်းကို သိရှိနားလည်ပြီး မလိုလားဘဲရရှိလာသော ကိုယ်ဝန်များနှင့် သားပျက်သားလျှောဖြစ်ပွားမှုများကို လျှော့ချနိုင်ရန်၊ မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိသည့် အမျိုးသမီးများအား ကျန်းမာရေးဝန်ထမ်းများနှင့် ချိတ်ဆက်ပေးကာ သားဆက်ခြားခြင်းဝန်ဆောင်မှုများကို အဆင်ပြေစွာရရှိနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် သားဆက်ခြားခြင်းဆိုင်ရာ အထိမ်းအမှတ်နေ့များကို ၂၀၀၇ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး သားဆက်ခြားနည်းလမ်းအမျိုးမျိုး၏ အကျိုးကျေးဇူးများကို သတိမူလာမိစေရန်၊ လူငယ်များအပါအဝင် လူတိုင်း မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတနှင့် အသိပညာကြွယ်ဝကာ မိမိတို့နှင့်သင့်တော်မည့် သားဆက်ခြားနည်းလမ်းများ ရွေးချယ်သုံးစွဲနိုင်စေရန်ဟူသော ရည်မှန်းချက်တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



ယခုနှစ် ကမ္ဘာ့သားဆက်ခြားခြင်းဆိုင်ရာ အထိမ်းအမှတ်နေ့၏ဆောင်ပုဒ်မှာ သင့်ဘဝလှပဖို့ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်လို့ သားဆက်ခြားနည်းလမ်းသုံးကြစို့ (Your Life Your Responsibility)ဟုဖြစ်ပြီး သားဆက်ခြားဝန်ဆောင်မှုများအတွက် တစ်ဒေါ်လာအပိုသုံးစွဲတိုင်း ကိုယ်ဝန်ပြုစုစောင့်ရှောက်မှုနှင့်ဆက်နွှယ်သည့် ကုန်ကျစရိတ် ၂ ဒသမ ၂ ဒေါ်လာကို သက်သာစေမည်ဖြစ်သောကြောင့် ခေတ်မီသားဆက်ခြားနည်းကို အသုံးပြုသည့်ကုန်ကျစရိတ်သည် မရည်ရွယ်ဘဲကိုယ်ဝန်ရသည့်အခါ ပြုစုစောင့်ရှောက်မှုအတွက် ပေးရသောကုန်ကျစရိတ်ထက် များစွာလျော့နည်းကြောင်း သိရသည်။

ပျိုရွယ်သောအချိန်သည် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ရရှိခံယူရန် လိုအပ်သောအချိန်ဖြစ်ပြီး မျိုးဆက်ပွားကျန်းမာရေးအသိပညာများပေးခြင်းဖြင့် မှားယွင်းသောအတွေးအခေါ်တို့ကြောင့် မရည်ရွယ်ဘဲ ကိုယ်ဝန်ရရှိခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း၊ စွန့်ပစ်ကလေးသူငယ်များပြားလာခြင်း၊ ပျိုရွယ်သူမွေးဖွားမှုနှုန်းမြင့်တက်လာခြင်း၊ လိင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် အိပ်ချ်အိုင်ဗွီရောဂါ စသည်တို့ကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း အခမ်းအနားတွင် ဆွေးနွေးချက်များအရ သိရသည်။

အခမ်းအနားတွင် သားဆက်ခြားခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးစကားဝိုင်းဆွေးနွေးပွဲကိုလည်း ပြုလုပ်ခဲ့ပြီး DKT အဖွဲ့အစည်းမှ ဒေါက်တာဖြိုးသီဟက ဦးဆောင်ဆွေးနွေးကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲနှင့် မာရီစတုပ်အင်တာနေရှင်နယ်(MSI)တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးသံတမန် အကယ်ဒမီ ဒေါက်တာပိုင်ဖြိုးသုနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးသံတမန် ဒေါက်တာစိုးညီညီထွန်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့သားဆက်ခြားခြင်းဆိုင်ရာ အထိမ်းအမှတ်နေ့ အခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် 3MDG ရန်ပုံငွေ၏ ပံ့ပိုးမှုနှင့်အတူ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် PSI/Myanmar တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားတွင် တက်ရောက်လာကြသော စက်ရုံအလုပ်သမားများနှင့် ပြည်သူများအား ဖြိုးပြည့်စုံ၊ အောင်ထက်၊ ရဲနောင်၊ အိမ့်ချစ်နှင့် ဘီလီလမင်းအေးတို့က သီဆိုဖျော်ဖြေကာ NGO အဖွဲ့ ၁၆ ဖွဲ့ကလည်း ပြခန်းပေါင်း ၁၈ ခုဖြင့် အသိပညာများကို မြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# ယင်းမာပင်ခရိုင်မှ ဆီးသီးပင်များနေရာတွင် ဈေးကွက်ဝင်နှစ်ရှည်ပင်များ အစားထိုးစိုက်ပျိုးလာ

**ကနီ စက်တင်ဘာ ၂၄**

ယခင်က ဆီးသီးကို အဓိကစိုက်ပျိုးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ဆီးသီးပင်များကို ခုတ်ထွင်ရှင်းလင်းပြီး အခြားဈေးကွက်ဝင် နှစ်ရှည်သီးနှံများကို ပြောင်းလဲစိုက်ပျိုးလာကြကြောင်း ဒေသခံဆီးသီးစိုက်တောင်သူများထံမှ သိရသည်။



ကနီမြို့နှင့် ယင်းမာပင်မြို့နယ်အတွင်းတွင် ဆီးသီးများကို ပြည်တွင်းနှင့် နိုင်ငံခြားပို့ကုန်များအဖြစ် ယခင်ကပင် စိုက်ပျိုးခဲ့ကြသော်လည်း ၂၀၀၅ ခုနှစ် နောက်ပိုင်းမှစတင်၍ နိုင်ငံခြားဆီးသီးဈေးကွက်ပျက်ခဲ့ပြီးနောက် အခြားနှစ်ရှည်သီးနှံများ ပြောင်းလဲစိုက်ပျိုးမှုများ ရှိလာခဲ့ပြီး ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင်မူ ဆီးသီးပင်များကို လုံးဝခုတ်ထွင်ရှင်းလင်းကာ အခြားဈေးကွက်ဝင် နှစ်ရှည်သီးနှံများကို ပြောင်းလဲစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။

“တရုတ်ဝယ်လက်ရဲ့ ဈေးကွက်အနေအထားကမောက်ကမဖြစ်တဲ့အပြောင်းအလဲကြောင့် ဆီးပင်တွေကိုခုတ်ထွင်ပြီး လျှော်ဖြူပင်တွေကို အသစ်ပြောင်းလဲစိုက်ပျိုးကြတာပါ၊ ၂၀၀၅ ခုနှစ်လောက်ကစပြီးတော့ နှစ်နှစ်တစ်ကြိမ်လောက်ကို ဆီးသီးဈေးကွက်က ပျက်နေတာ၊ အခုနောက်ပိုင်းမှာ ပိုပြီးဆိုးလာတယ်လို့ ပြောရမယ်၊ ဆီးသီးပင်တွေခုတ်ရတာက အလုပ်သမားစရိတ်မြင့်မားလာတယ်၊ အလုပ်သမားလည်း ရှားပါးလာတယ်၊ ဆီးသီးဈေးကွက်ကလည်း နှစ်နှစ် တစ်ကြိမ်လောက်ပျက်နေတယ်၊ နောက်ပြီး ဆီးသီးပင်ရဲ့နေရာယူမှုကြောင့် အခြားသီးနှံကိုစိုက်လို့မရဘဲ မြေအလကားဖြစ်နေတယ်၊ ဒါကြောင့်ခုတ်ရတာပါ”ဟု ကနီမြို့နယ် ဇီးပင်တွင်းကျေးရွာမှ ဆီးသီးစိုက်တောင်သူ ဦးဌေးနိုင်ဝင်းက ပြောသည်။

ဆီးသီးဈေးကွက်ပျက်သဖြင့် တောင်သူများအနေဖြင့် အကျိုးအမြတ်မရှိသောဆီးပင်များကို စိတ်ဝင်စားမှုနည်းပါးလာပြီး ပတ်ဝန်းကျင်ဒေသများတွင်လည်း အသစ်ပြောင်းလဲစိုက်ပျိုးနေကြသည့် အခြားနှစ်ရှည်သီးနှံများကိုစိုက်ပျိုးရန် စိတ်ဝင်စားမှုများလာ၍ ယခင်ကရှိခဲ့သောဆီးပင်များကို လက်ရှိအချိန်တွင် ခုတ်ထွင်ရှင်းလင်းမှုများလာခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပျော်ဘွယ်မြို့နယ်မှ ကျေးရွာနှစ်ရွာ၌ လျှပ်စစ်မီးစတင်ရရှိ

**ပျော်ဘွယ် စက်တင်ဘာ ၂၄**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှ ကျေးရွာနှစ်ရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက်က တစ်ပြိုင်တည်းကျင်းပခဲ့ပြီး ဖွင့်ပွဲသို့ ပျော်ဘွယ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ဦးတင်စိုး၊ ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာ၊ ရန်အောင်မြို့ လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၂ သန်း ပံ့ပိုးမှုဖြင့် ပျော်ဘွယ်မြို့နယ် ရန်အောင်မြို့ လျှပ်စစ်မန်နေဂျာရုံးက ကြီးကြပ်၍ ဆိတ်ချိုကျေးရွာအုပ်စု ကန်ဆွယ်ကျေးရွာနှင့် နှောကုန်းကျေးရွာတို့တွင် ၁၁ ကေဗွီဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်သွယ်တန်းခြင်းနှင့် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး တည်ဆောက်ခြင်းတို့ကို ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ပြီး မီးလင်းရေးလုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်သည်။

ပျော်ဘွယ်မြို့နယ် ရန်အောင်မြို့နှင့် ပတ်ဝန်းကျင်၌ ကျေးရွာ ၈၅ ရွာရှိသည့်အနက် ယနေ့အထိ ကျေးရွာ ၁၃ ရွာတွင် မီးလင်းပြီဖြစ်ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၂ ရွာ၌ ထပ်မံမီးလင်းမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနေလင်းဖြိုးထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၃၅/၁၀၅၅ ကျပ် | ၁၁၀၀/၁၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၆၅ ကျပ် | ၁၁၁၅/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၅/၁၀၂၅ ကျပ် | ၁၁၀၀/၁၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၅/၁၀၇၅ကျပ် | ၁၁၅၀/၁၁၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၉၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၆၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၆၄ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၈၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၂ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၇ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၃၁ . ၈၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ . ၀၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၂ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၄ . ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ . ၉၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



## မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# သရက်မြို့ တူရကီစစ်သင်္ချိုင်း

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ-ခင်မေထွန်း(မြကန်သာ)

လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည့် ကမ္ဘာစစ်ကြီးနှစ်ခု ပြီးဆုံးပြီးနောက် စစ်အတွင်းကျဆုံးခဲ့သည့် စစ်သည်များ၏ အထိမ်းအမှတ်ဂူဗိမာန်များကို ကမ္ဘာ့နိုင်ငံများ၌ တည် ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ သေဆုံး၊ ကျဆုံးခဲ့ကြသည့် ပြည်ပနိုင်ငံသား စစ်သည်များ၏ အထိမ်းအမှတ်အုတ်ဂူများထားရှိသည့် သင်္ချိုင်းများသည်လည်း စစ်ပြီးဆုံးချိန်တွင် မြန်မာနိုင်ငံ၌ ပေါ်ပေါက်လာခဲ့သည်။

ယင်းတို့အနက် ရန်ကုန်မြို့ရှိ ထောက်ကြံ့စစ်သင်္ချိုင်း၊ ရန်ကုန်စစ်သင်္ချိုင်းနှင့် သံဖြူဇရပ်မြို့ရှိ မဟာမိတ်စစ်သင်္ချိုင်းတို့သည် အလွန်ထင်ရှားသည်။ မြန်မာနိုင်ငံအတွင်း အခြားမြို့ရွာများတွင်လည်း ပြည်ပနိုင်ငံသားများကို မြှုပ်နှံခဲ့သည့် သင်္ချိုင်းများရှိသည့်အနက် မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်းသည် တစ်ခုအပါအဝင်ဖြစ်ပေသည်။

**သရက်မြို့**

သရက်မြို့သည် ပုဂံခေတ်ကပင် စည်ပင်ထွန်းကားခဲ့ဟန်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားကာ ပုဂံမင်းဆက် နောက်ဆုံးမင်းဖြစ်သော ကျော်စွာမင်းလက်ထက်တွင် သားတော် မင်းရှင်စောကို သရက်မြို့စားအဖြစ် ခန့်အပ်ခဲ့ကြောင်း ရေးသားထားသည်။ မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်တည်ရှိသည့် သရက်သည် ခရိုင်မြို့တစ်ခုဖြစ်ကာ သရက်ခရိုင်ကို သရက်၊ ကံမ၊ ဆင်ပေါင်ဝဲ၊ မင်းတုန်း၊ မင်းလှ၊ အောင်လံမြို့များဖြင့် ဖွဲ့စည်းထားသည်။

သရက်မြို့နယ်၏အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် အောင်လံမြို့နယ်၊ အနောက်ဘက်တွင် မင်းတုန်းမြို့နယ်၊ တောင်ဘက်တွင် ကံမမြို့နယ်၊ မြောက်ဘက်တွင် မင်းလှနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ တည်ရှိသည်။

သရက်မြို့ဧရိယာသည် မြေပြန့်လွင်ပြင်ဖြစ်ပြီး မြို့နယ်အတွင်း နေရာအများစုသည် တောင်ကုန်းတောင်တန်းများ ဖြစ်ကြသည်။ သရက်မြို့၏ တောင်ဘက်တွင် ထုံးတောင်၊ အနောက်တောင်ဘက်တွင် ကဝေတောင်၊ အနောက်မြောက်ဘက်တွင် ငွေသင်ပုန်းတောင်၊ မြောက်ဘက်တွင် ဇာလီတောင်နှင့် မြင်ဘာတောင်တို့ တည်ရှိသည့်အနက် ၁၆၆၈ ပေမြင့်သည့် မြင်ဘာတောင်သည် အမြင့်ဆုံးဖြစ်သည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက သရက်မြို့နယ်ကို ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာ ၁၅၈ ရွာဖြင့် ၁၉၇၂ ခုနှစ် ဩဂုတ် ၃၀ ရက်က ဖွဲ့စည်းခဲ့သည်။ ဧရာဝတီမြစ်သည် သရက်မြို့နယ်ကိုဖြတ်သန်းလျက် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသဖြင့် သရက်မြို့သို့အောင်လံမြို့မှ ဧရာဝတီမြစ်အတိုင်း ရေယာဉ်ဖြင့် စုန်ဆင်းသွားရောက်နိုင်သည်။ ထို့အတူ ပြည်နဝဒေးတံတားကို ဖြတ်သန်း၍ဖြစ်စေ၊ ပုသိမ်-မုံရွာလမ်းအတိုင်းဖြစ်စေ မော်တော်ကားလမ်းဖြင့်လည်း သွားရောက်နိုင်ကြသည်။ သရက်မြို့မှ ၁၈ မိုင်ကွာဝေးသည့် မင်းတုန်းမြို့၊ ၁၃ မိုင်ကွာဝေးသည့် ကံမမြို့နှင့် ၂၈ မိုင်ကွာဝေးသည့် မင်းလှမြို့သို့ ကားဖြင့်အလွယ်တကူ သွားရောက်နိုင်သည်။

ပင်လယ်ရေမျက်နှာပြင် အထက် ၁၁၉ ဒသမ ၂၉ ပေမြင့်သည့် သရက်မြို့နယ်တွင် ၂၀၁၇ ခုနှစ် မတ်လ စာရင်းများအရ လူဦးရေ ၁၀၃၂၉၄ ဦး နေထိုင်လျက်ရှိကာ မြို့နယ်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အထက်တန်းကျောင်း သုံးကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ခုနစ်ကျောင်း၊ ခုတင် ၁၀၀ ဆံ့ ခရိုင်ဆေးရုံ တစ်ရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံတို့ကို ဖွင့်လှစ်ထားသည်။ သရက်မြို့နယ်ရှိ သမိုင်းဝင်အဆောက်အအုံများတွင် ရုံးရပ်ကွက်ရှိ သံတဲ၊ ပြည်တော်အေးရပ်ကွက်ရှိ ဂေါက်ကွင်းနှင့် တူရကီစစ်သင်္ချိုင်းတို့ ပါဝင်သည်။

**မြန်မာနိုင်ငံရှိ မဟာမိတ်စစ်သင်္ချိုင်းများ**

ခရစ်နှစ် ၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်တွင် လူ ၁၇ သန်း သေဆုံး၍ သန်း ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခရစ်နှစ် ၁၉၃၉ ခုနှစ် မှ ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်တွင် လူဦးရေ သန်း ၆၀ ကျော် သေကျေဒဏ်ရာရရှိခဲ့ကြသည်။ ကမ္ဘာအနှံ့ စစ်မြေပြင်အသီးသီးတွင် စစ်သည်များသာမက အရပ်သားပြည်သူများပါ အသက်ဆုံးရှုံးခဲ့ကြရပြီးနောက် စစ်ပွဲကြီးများအပြီးတွင် စစ်၏ပြယုဂ်တစ်ခုအဖြစ် စစ်သင်္ချိုင်းများကို မြင်တွေ့ခဲ့ကြရသည်။

ကမ္ဘာစစ်ကြီးနှစ်ခု ပြီးဆုံးပြီးနောက် မဟာမိတ်နိုင်ငံများသည် မဟာမိတ်စစ်သင်္ချိုင်းများကို တည်ဆောက်ကာ ကျဆုံးခဲ့သည့်စစ်သည်များ၏ အထိမ်းအမှတ်ဂူများကို ထားရှိခဲ့ကြသဖြင့် နှစ်ကာလကြာရှည်လာချိန်တွင် ယင်းတို့သည် သမိုင်းဝင် အထိမ်းအမှတ်များအဖြစ် ထင်ရှားလာခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှတို့သည် ရန်ကုန်မြို့၌ စစ်သင်္ချိုင်းနှစ်ခုနှင့် သံဖြူဇရပ်မြို့၌ စစ်သင်္ချိုင်းတစ်ခုကို ဖွင့်လှစ်ခဲ့သည်။ စမ်းချောင်းမြို့နယ်ရှိ ရန်ကုန်စစ်သင်္ချိုင်းကို ၁၉၄၅ ခုနှစ်တွင် ဖွင့်လှစ်၍ အထိမ်းအမှတ်အုတ်ဂူ ၁၃၈၁ ခု ထားရှိခဲ့သည်။ မင်္ဂလာဒုံမြို့နယ်၌ ၁၉၅၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ထောက်ကြံ့စစ်သင်္ချိုင်းတွင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်များအတွင်း မြန်မာနိုင်ငံ စစ်မြေပြင်အသီးသီး၌ ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦး၏ အထိမ်းအမှတ်အုတ်ဂူငယ်များကို ထားရှိသည်။ ထို့အတူ မွန်




ပြည်နယ် သံဖြူဇရပ်မြို့၌ အထိမ်းအမှတ်အုတ်ဂူ ၃၇၇၁ ခုရှိသည့် မဟာမိတ်စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

**ရန်ကုန်စစ်သင်္ချိုင်း**

မြန်မာနိုင်ငံ၏ ပထမဆုံး မဟာမိတ်စစ်သင်္ချိုင်းဖြစ်သည့် ရန်ကုန်စစ်သင်္ချိုင်းကို စမ်းချောင်းမြို့နယ် ယခုဟံသာဝတီအဝိုင်းအနီးတွင် ၁၉၄၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ဗြိတိသျှတို့သည် ၁၉၄၅ ခုနှစ် မေလတွင် ရန်ကုန်မြို့ကို ဂျပန်များလက်အောက်မှ ပြန်လည်ရယူခဲ့ပြီးနောက် ယင်းနေရာကို သင်္ချိုင်းအဖြစ် စတင်အသုံးပြုခဲ့သည်။ ရန်ကုန်ထောင်အတွင်းကွယ်လွန်ခဲ့သည့် မဟာမိတ်စစ်သုံ့ပန်းများနှင့် ရန်ကုန်မြို့နှင့် အနီးဝန်းကျင်နေရာများတွင် မြှုပ်နှံခဲ့သည့် မဟာမိတ်စစ်သည်များ၏ အလောင်းများကို ရန်ကုန်စစ်သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ရန်ကုန်မြို့တွင်သေဆုံးခဲ့ပြီး ရန်ကုန်တပ်မြေသင်္ချိုင်းတွင် မြှုပ်နှံခဲ့သည့် မဟာမိတ်စစ်သည် ၃၅ ဦးနှင့် ပုဇွန်တောင်တွင် မြှုပ်နှံခဲ့သူတစ်ဦးကို ၁၉၄၈ ခုနှစ်တွင် ရန်ကုန်သင်္ချိုင်းသို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။ ရန်ကုန်စစ်သင်္ချိုင်းရှိ အထိမ်းအမှတ်ဂူ ၁၃၈၁ ခုအနက် ၈၆ ခုသည် အမည်မှတ်တမ်းမရှိချေ။

“ဤနေရာ၌ ဂုဏ်ပြုအပ်သည့် ရေတပ်၊ ကုန်းတပ်နှင့် လေတပ်သားများ နိယာမခေါင်းချဖို့ရန် ဤသုသာန်တည်ရှိသော မြေနေရာသည်ကား မြန်မာလူမျိုးတို့၏ကောင်းမှုတည်း”ဟု ကွယ်လွန်ခဲ့သူများအား ရည်ညွှန်းလျက် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရန်ကုန်စစ်သင်္ချိုင်း အဝတွင် ကမ္ပည်းရေးထိုးထားသည်။

**သံဖြူဇရပ် စစ်သင်္ချိုင်း**

သံဖြူဇရပ် စစ်သင်္ချိုင်းသည် ၂၅ ဧကကျော် ကျယ်ဝန်း၍ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်သည့် သေမင်းတမန်ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းတွင် သေဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၃၁၄၉ ဦးနှင့် ဒတ်ချ်စစ်သည် ၆၂၁ ဦးတို့၏ အထိမ်းအမှတ်အုတ်ဂူများကို ထားရှိသည်။ သံဖြူဇရပ်စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံဆာဟူးဘတ်ရန့်တို့က ဖွင့်လှစ်ခဲ့သည်။

ဂျပန်နိုင်ငံသည် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကိုဖြတ်ကျော်၍ မိုင် ၂၅၀ ကျော်ရှည်သည့် မီးရထားလမ်းကို ၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၄၃ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ မီးရထားလမ်းသည် မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှစတင်၍ ထိုင်းနိုင်ငံ ဘန်ပေါင်းတွင် အဆုံးသတ်ခဲ့ရာ မြန်မာနိုင်ငံဘက်ခြမ်းတွင် မိုင် ၇၀ ကျော် ရှည်လျားသည်။

ရထားလမ်းဖောက်လုပ်ခဲ့စဉ်က မြန်မာပြည်သူများနှင့် စစ်သုံ့ပန်းများစွာ အသက်ဆုံးရှုံးခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဟု အမည်တွင်ခဲ့သည်။ ရထားလမ်းဖောက်လုပ်စဉ် အစာအာဟာရမပြည့်စုံမှု၊ ရာသီဥတုဆိုးရွားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုမရရှိမှု၊ ဖက်ဆစ်များ၏ ညှဉ်းပန်းမှု စသည့် အကြောင်းများစွာကြောင့် မြန်မာတိုင်းရင်းသား ၈၀၀၀၀ ကျော်နှင့် မဟာမိတ်တပ်သား ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး သေဆုံးသူများအား ရထားလမ်းတစ်လျှောက် မြှုပ်နှံခဲ့သည်ဟု စစ်သင်္ချိုင်းများမှတ်တမ်းတွင် ရေးသားထားသည်။

သေမင်းတမန်မီးရထားလမ်းဖောက်လုပ်ရာတွင် မဟာမိတ်စစ်သုံ့ပန်း ၆၁၀၀၀ အနက် ၁၂၃၉၉ ဦး သေဆုံးခဲ့ပြီး မြန်မာတိုင်းရင်းသားများအပါအဝင် အာရှတိုင်းရင်းသား ၂၇၀၀၀၀ အနက် ၉၀၀၀၀ ကျော် သေဆုံးခဲ့ကြရကြောင်း ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်းတွင် ဖော်ပြထားသည်။ ရထားလမ်းတစ်မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးတပ်အလုပ်သမား ၃၄၆ ဦး သေဆုံးခဲ့ရကြောင်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်းကို ပြုစုသူ စာရေးဆရာ လင်းယုန်သစ်လွင်က ရေးသားခဲ့သည်။

**ထောက်ကြံ့စစ်သင်္ချိုင်း**

ထောက်ကြံ့စစ်သင်္ချိုင်းသည် ရန်ကုန်-ပြည်ကားလမ်းမ၏ အရှေ့ဘက်ခြမ်း မင်္ဂလာဒုံမြို့နယ်အတွင်းတည်ရှိပြီး ရန်ကုန်မြို့မှ မြောက်ဘက်သို့ ၂၅ ကီလိုမီတာ(၁၆ မိုင်) ကွာဝေးသည်။ စစ်သင်္ချိုင်းအဝတွင် စိုက်ထူထားသည့် အစိမ်းရောင်ဆိုင်းဘုတ်ပေါ်တွင် “ဤသင်္ချိုင်းတည်ရှိရာမြေသည်ကား ပထမနှင့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော ကုန်းတပ်၊ ရေတပ်၊ လေတပ်သားတို့၏ ထာဝရလဲလျောင်းရာနှင့် ကျန်ရစ်သူတို့ လာရောက်ဂါဝရပြုရာ ဆိတ်ငြိမ်ပရဝဏ်ဖြစ်သည်”ဟု မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသည်။



ထောက်ကြံ့စစ်သင်္ချိုင်းတွင် မြန်မာနိုင်ငံ၌ ပထမကမ္ဘာစစ်အတွင်းကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၅၂ ဦးနှင့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် စစ်သည် ၆၃၂၂ ဦး(စုစုပေါင်း ၆၃၇၄ ဦး)တို့၏ အထိမ်းအမှတ်အုတ်ဂူများကို ထားရှိသည်။ ယင်းတို့အနက် အိန္ဒိယလူမျိုးစစ်သည် ၁၈၁၉ ဦးပါဝင်ပြီး ၈၆၇ ဦး၏ အမည်ကို ဖော်ပြနိုင်ခြင်းမရှိချေ။ ထူးခြားမှုအနေဖြင့် ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ကျဆုံးခဲ့သည့် မြန်မာအင်ဂျင်နီယာတပ်(Burma Sapper & Miners)မှ အသက် ၃၁ နှစ်အရွယ် ဗိုလ်ကြီး စိန်ထွန်း၏ အမှတ်တရအုတ်ဂူကို မြင်တွေ့ရပေသည်။

စစ်သည်အများစုသည် မိတ္ထီလာ၊ စစ်တွေ၊ မန္တလေးနှင့် ဆားမော်တို့တွင် ကျဆုံးခဲ့ကြပြီး ယင်းတို့၏ရုပ်ကြွင်းများကို အဆိုပါဒေသသုသာန်များတွင် ရေရှည်ထိန်းသိမ်းရန် ခက်ခဲမှုရှိသဖြင့် ထောက်ကြံ့စစ်သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့ရာ မြစ်ကြီးနား ချင်ဒစ်သုသာန်တွင် မြှုပ်နှံထားသော စစ်သည်ရုပ်ကြွင်းများသည် နောက်ဆုံးရောက်ရှိလာခဲ့သည်။

ပထမကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည်များအနက် ဟင်္သာတမှ ရုပ်အလောင်းတစ်ခု၊ မိတ္ထီလာစစ်တပ်နယ်မြေမှ ရုပ်အလောင်း ရှစ်ခု၊ သရက်မှ လေးခု၊ တာမခန်မှ လေးခု၊ မန္တလေးစစ်တပ်မှ ၁၂ ခုနှင့် မေမြို့တပ်နယ်မှ ၂၂ ခု(စုစုပေါင်း ၅၁ ခု)ကို ၁၉၅၀ ပြည့်နှစ်တွင် ထောက်ကြံ့စစ်သင်္ချိုင်းသို့ သယ်ယူခဲ့သည်။ ပထမကမ္ဘာစစ်အတွင်းက စစ်သည် ၁၉ ဦးတို့၏ ရုပ်ကြွင်းများကို အောင်ပန်း၊ ပုသိမ်၊ ကွမ်းခြံကုန်း၊ လှိုင်ကော်၊ မိုင်းတုံ၊ ပြည်၊ ပျဉ်းမနားနှင့် ရွှေဘိုတို့တွင် မြှုပ်နှံခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ တောတွင်းနှင့် မြို့ရွာများ၏ လမ်းဘေးနေရာအချို့၌ မြှုပ်နှံထားခဲ့သည့် အချို့ရုပ်အလောင်းများကိုလည်း ထောက်ကြံ့စစ်သင်္ချိုင်းသို့ သယ်ယူခဲ့သည်။

စစ်သင်္ချိုင်းအလယ်ရှိ အထိမ်းအမှတ်ကျောက်စာတိုင်ကြီးများပေါ်တွင် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ ကျဆုံးခဲ့သော စစ်သည် ၂၇၀၀၀၏ အမည်များကို ရေးသားထားသည်။ ထောက်ကြံ့ မဟာမိတ်စစ်သင်္ချိုင်းသည် အာရှစစ်ဘက်ဆိုင်ရာ အမှတ်တရနေရာများတွင် လာရောက်ကြည့်ရှုသူအများဆုံးနေရာတစ်ခုအဖြစ် နိုင်ငံတကာတွင် Taukkyan War Cemetery ဟု ထင်ရှားခဲ့သည်။

**သရက် တူရကီစစ်သင်္ချိုင်း**

ပထမကမ္ဘာစစ်အတွင်းက အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်များတွင် ဗြိတိသျှတို့သည် အော်တိုမန်အင်ပိုင်ယာနိုင်ငံများနှင့် စစ်ဖြစ်ခဲ့ကာ စစ်ပွဲအပြီး၌ အော်တိုမန်အင်ပိုင်ယာ စစ်သုံ့ပန်းများကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်ခဲ့၍ မိတ္ထီလာနှင့် သရက်မြို့တို့တွင် ထိန်းသိမ်းထားရှိခဲ့သည်။ ယင်းတို့အနက် တူရကီစစ်သုံ့ပန်းများသည် ဦးရေ ထောင်နှင့်ချီ၍ ပါဝင်ခဲ့ပြီး စစ်ကြီးပြီးဆုံးချိန်တွင် အသက်ရှင်ကျန်ရှိနေသူများသည် မိခင်နိုင်ငံသို့ ပြန်သွားနိုင်ခဲ့ကြသည်။

သေဆုံးခဲ့သူများကို မိတ္ထီလာနှင့် သရက်မြို့တို့တွင် မြှုပ်နှံခဲ့ရာ မိတ္ထီလာစစ်သင်္ချိုင်းသည် မိတ္ထီလာကန်အနီးတွင်ရှိခဲ့ကာ ယခုအခါ ပျက်စီးနေပြီဖြစ်သည်။ သရက်စစ်သင်္ချိုင်းမှာမူ ထင်ရှားစွာ ကျန်ရှိနေဆဲဖြစ်သည်။ ပထမကမ္ဘာစစ်အတွင်းက ဗြိတိသျှတို့သည် စစ်သုံ့ပန်း ၁၂၀၀၀ ကို မြန်မာနိုင်ငံတွင်ထားရှိခဲ့ရာ ၁၉၁၇ ခုနှစ်တွင် သရက်မြို့၌ စစ်သုံ့ပန်း ၃၅၀၀ ရှိခဲ့သည်။ ယင်းတို့အနက် အများစုသည် တူရကီလူမျိုးများဖြစ်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိခဲ့ကာ သရက်မြို့တူရကီစစ်သင်္ချိုင်းတွင် စစ်သည်တစ်ဦးချင်းစီ၏အမည်များ ရေးထိုးထားသည့်အထိမ်းအမှတ်အုတ်ဂူ ၂၂၂ ခု ကို မြင်တွေ့ကြရသည်။

သရက်မြို့၏မြောက်ဘက်ရှိ စစ်သင်္ချိုင်းကို ၂၀၁၂ ခုနှစ်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ စစ်သင်္ချိုင်းတံတိုင်းနှင့် အထိမ်းအမှတ်အုတ်ဂူများကို အဖြူရောင်စကျင်ကျောက်များဖြင့် ပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည့် တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Mevlut Cavusoglu က ဖွင့်လှစ်ပေးခဲ့သည်။

အထိမ်းအမှတ်အုတ်ဂူများ၏အလယ်တွင် စိုက်ထူထားသည့် အဖြူရောင် လေးထောင့်ကျောက်တိုင်၌ “ပထမကမ္ဘာစစ်အတွင်း အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်များတွင် အော်တိုမန်တပ်မတော်နှင့် ဗြိတိသျှတပ်မတော်တို့၏ တိုက်ပွဲများအတွင်း မြန်မာနိုင်ငံသို့ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရ၍ ဤနေရာတွင်ကျဆုံးခဲ့သော တူရကီစစ်သားများနှင့် အစိုးရအမှုထမ်းများအား အောက်မေ့သတိရခြင်းအထိမ်းအမှတ်” ဟု မြန်မာ၊ အင်္ဂလိပ်၊ တူရကီဘာသာတို့ဖြင့် ရေးထိုးထားသည်။

ပထမကမ္ဘာစစ်အတွင်းက သရက်မြို့သို့ ပို့ဆောင်ခံခဲ့ရသည့် တူရကီစစ်သုံ့ပန်းများသည် ဧရာဝတီမြစ် ရေထိန်းနံရံတည်ဆောက်ခြင်းနှင့် လမ်းဖောက်လုပ်ခြင်းတို့တွင် အလုပ်လုပ်ခဲ့ကြရသည်ဟုဆိုသည်။ သရက်မြို့တွင် တူရကီသုံ့ပန်းများနေထိုင်ခဲ့သည့် ယခု ပြည်တော်အေးရပ်ကွက်နေရာကို ယခင်က ဂေါ်ယာဈေးဟု ခေါ်ဆိုခဲ့သည်။ အသစ်ပြုပြင်ဖွင့်လှစ်ခဲ့သည့် သရက်မြို့ တူရကီစစ်သင်္ချိုင်းထိန်းသိမ်းစောင့်ရှောက်ရေးကို ယခုအခါ သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် တူရကီသံရုံးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

စစ်သင်္ချိုင်းများကို စစ်၏အနိဋ္ဌာရုံများဟု ဆိုနိုင်သကဲ့သို့ ကမ္ဘာစစ်ကြီးနှစ်ခု၏ သမိုင်းအထောက်အထားများဟုလည်း ဆိုနိုင်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ စစ်သင်္ချိုင်းများအနက် သရက်မြို့တူရကီစစ်သင်္ချိုင်းသည်လည်း စစ်၏ သင်္ကေတတစ်ခုအဖြစ်ရော၊ မြန်မာ-တူရကီ နှစ်နိုင်ငံအတွက် သမိုင်းသက်သေတစ်ရပ်အဖြစ်ပါ ထင်ရှားစွာ တည်ရှိနေပေသည်။ ။

# ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲအကြို ဓမ္မစကြာပြိုင်ပွဲ ဆုချီးမြှင့်

ပျဉ်းမနား စက်တင်ဘာ ၂၄

**နေပြည်တော် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်(၁၀၀)ပြည့် ပတ္တမြားရတု နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်ပူဇော်ပွဲ အကြိုဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲတွင် ဆုရရှိသောအသင်းများအား ဆုချီးမြှင့်ခြင်းကို ယနေ့ စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီက ရွာကောက်ဝတ်ဖြူတော်အသင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။**

အခမ်းအနားကို ပျဉ်းမနားမြို့ တောင်သာရပ် သန္တာရာမသီလရှင် စာသင်တိုက် ကျောင်းထိုင်ဆရာကြီး ဒေါ်သမ္မာရီ အမှူးပြုသော စာချဆရာကြီး ဒေါ်သိယံဝရဉာဏီနှင့် အောင်မင်္ဂလာရပ်ရှိ ဇေယျာရာမ သီလရှင်စာသင်တိုက် ကျောင်းထိုင်ဆရာကြီး ဒေါ်ကစ္စေသီတို့နှင့် တက်ရောက်လာသော ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ဖြင့် ရွတ်ဆိုဖွင့်လှစ်ကာ သြကာသ၊ ငါးပါးသီလ ခံယူတည်ဆောက်ခဲ့ပြီး ရွာကောက်ဝတ်ဖြူတော်အသင်းဥက္ကဋ္ဌ ဦးခင်ဇော်က ဝမ်းမြောက်ကြောင်း ပြောကြားကာ ဓမ္မစကြာပြိုင်ပွဲများတွင် ပထမဆုရရှိသော ရွာကောက်ရပ်ကွက် မြို့သစ်ရပ်ရှိ ပုညာကာရီဓမ္မစကြာအသင်း ဒုတိယဆုရရှိသောယန္တရားရပ်ရှိ မေတ္တာဖြူစင်ဓမ္မစကြာအသင်း၊ တတိယဆုရရှိသော ရောင်ခြည်ဦး ဓမ္မစကြာအသင်းတို့အား ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။



ပျဉ်းမနားမြို့၏ အထင်ကရ အစည်းကားဆုံး ပွဲတော်တစ်ခုဖြစ်သည့် ပျဉ်းမနား သီတင်းကျွတ် နှစ် ၁၀၀ ပြည့် ပတ္တမြားရတု အခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ ရွာကောက်ဝတ်ဖြူတော်အသင်း၏ ဓမ္မစကြာဝတ်ရွတ်အသင်းများကို ယှဉ်ပြိုင်၍ ဆုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း ရွာကောက်ဝတ်ဖြူတော်အသင်းဥက္ကဋ္ဌ ဦးခင်ဇော်က ပြောကြားသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ငါးသိုင်းချောင်းမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မအူကုန်ကျေးရွာအုပ်စု ဒေါင့်မှန်ကုန်းဓမ္မာရုံ၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှမျိုးအောင်က ပြည်သူ့စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ငါးသိုင်းချောင်းမြို့အုပ်ချုပ်ရေးမှူး ဦးဟန်လင်းအောင်၊ ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်၊ မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးဟုတ်စိန်၊ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာ ဒေါ်အေးအေးဝင်း နှင့် မြို့စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသာစောထူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် မအူကုန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲငါးရွာမှ ပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပတ်သက်သည့်အချက်များ၊ မိမိတို့ကျေးရွာခွဲအလိုက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ဒေသအတွင်းရှိ ဝန်မြစ်ရေကာတာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ချောင်းမြောင်းများအခြေအနေ၊ လယ်ယာမြေနှင့် စိုက်ပျိုးရေးကဏ္ဍ အစရှိသည့် လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည့်အချက်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ်မှ ရေကြီး၍ပိတ်ခဲ့ရသော ကျောင်း ၄၇၀ ကျော် ပြန်လည်ဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၂၄**

ကရင်ပြည်နယ်အတွင်း ပြီးခဲ့သည့် သြဂုတ်လက ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်းပေါင်း ၄၇၀ ကျော်ကို ပိတ်ထားခဲ့ရာမှ ယခုအခါ ကျောင်းအားလုံးကို ပုံမှန်ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးစိုးမြင့်က ပြောကြားသည်။

"ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ မြို့နယ်အားလုံးရဲ့အခြေခံပညာကျောင်းတွေမှာ မိုးရွာသွန်းပြီး တောင်ကျရေနဲ့ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ကျောင်းအတွင်း ရေဝင်ရောက်လို့ နှစ်လနီးပါးကြာ ရေနစ်မြုပ်ခဲ့တဲ့ကျောင်းတွေကို အားလုံးပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပါပြီ၊ တချို့ကလေးတွေကတော့ စာသင်ကြားဖို့အတွက် အနည်းငယ်အခက်ခဲရှိတယ်၊ ရေဘေးကယ်ဆယ်ရေးစခန်းမှာ နေနေရသေးတဲ့အတွက် စာလာရောက် မသင်ကြားနိုင်သေးတာတွေ လည်း ရှိနေသေးတယ်"ဟု ၎င်းက ပြောသည်။

ကရင်ပြည်နယ်တွင် ဇူလိုင် ၂၇ ရက်မှစ၍ ရေကြီးရေလျှံမှုများကြောင့် ဘားအံမြို့နယ်တွင် ၁၄၈ ကျောင်း၊ လှိုင်းဘွဲမြို့နယ်တွင် ၈၃ ကျောင်း၊ ဖာပွန်မြို့နယ်တွင် ၅၄ ကျောင်း၊ ကော့ကရိတ်မြို့နယ်တွင် ၅၇ ကျောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ၃၂ ကျောင်း၊ မြဝတီမြို့နယ်တွင် သုံးကျောင်း စုစုပေါင်းမြို့နယ် ခြောက်ခုတွင် ကျောင်းပေါင်း ၄၇၇ ကျောင်းကို ပိတ်ထားခဲ့ရကာ အချို့ကျောင်းများမှာ သြဂုတ်လတစ်လလုံးနှင့် စက်တင်ဘာလ တတိယပတ်အထိ ပိတ်ခဲ့ရပြီးနောက် စက်တင်ဘာလ တတိယပတ်တွင်မူ ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်၍ စာသင်ကြားပေးနေပြီဖြစ်ကြောင်း ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ သိရသည်။

ပိတ်ထားခဲ့သော ကျောင်းများကို ပြန်လည်ဖွင့်လှစ် စာသင်ကြားပေးရာတွင် တစ်ချိန်တည်း ဖွင့်လှစ်ခြင်းမဟုတ်ဘဲ ရေအရင်ကျသွားသော နေရာများမှ ကျောင်းများကို ရေကျသည်နှင့် တစ်ခုချင်း ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးသဖြင့် ပိတ်ခဲ့ရသောရက်များတွင် စာသင်ကြားချိန် ပျက်ခဲ့မှုများအတွက် တရားဝင် ကျောင်းပိတ်ရက်နှစ်ရက်တွင် စာသင်ကြားချိန်တစ်ရက်ထပ်ယူ၍ ကုစားအချိန်ပိုအနေဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်ရက်များတွင်လည်း ဖွံ့ဖြိုးရေးအချိန်ကို စာသင်ချိန်အဖြစ်ယူပြီး ကျောင်းသား ကျောင်းသူများအား သင်ကြားပေးလျက်ရှိကြောင်း ညွှန်ကြားရေးမှူးက ပြောသည်။

ဘားအံမြို့အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းတွင် ပညာသင်ကြားနေသူ မခင်မိုးမိုးအေးက "သမီးတို့ ပြည်နယ် မိုးလုံလေလုံ အားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းကို စရောက်တဲ့အချိန်ကစပြီး ကျောင်းမတက်ရတာ ၁၀ ရက်ကျော်တယ်၊ ကျောင်းပြန်ဖွင့်လို့ စာသင်ကြားပေးတဲ့အချိန်မှာ ဆရာ ဆရာမတွေက ဥပုသ်နေ့နဲ့ ကျောင်းပိတ်ရက်တစ်ရက်ကို ယူပြီးတော့ အချိန်ပြည့်ပြန်ပြီး သင်ကြားပေးနေတယ်၊ ဆရာမတွေကလည်း ဂရုစိုက်ပြီးတော့ သင်ခန်းစာကိုမကျော်ဘဲ သင်ကြားပေးတဲ့အတွက် စာမလိုက်နိုင်တာမရှိဘူး၊ စာမေးပွဲအတွက်လည်း ထိခိုက်လာမှာမရှိပါဘူး"ဟု ပြောသည်။

ရေကြီးရေလျှံမှုဖြစ်ချိန်က ရေနစ်မြုပ်ခဲ့ရသော ကျောင်းများအနက် ၅၅ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ ပစ္စည်းများ၊ သင်ကြားရေးအထောက်အကူပစ္စည်းများနှင့် ကျောင်းခြံစည်းရိုး ပျက်စီးမှုများရှိခဲ့ရာ အဆိုပါ ပျက်စီးသည့်ကျောင်းများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလှူငွေကျပ် ၂၉၆ သိန်း လှူဒါန်းထားသလို ပညာရေးဝန်ကြီးဌာနကလည်း ပြင်ဆင်ထိန်းသိမ်းမှုအသုံးစရိတ်များ ချပေးပြီး ယင်းငွေများကို ကျောင်းများသို့ ပြန်လည်ချထားပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# မြန်မာနယ်နိမိတ်အတွင်း တရုတ်ဘက်မှ မြေတူးသည့်နေရာကို မြန်မာနိုင်ငံဘက်မှ ဒေသခံများက မြေပြန်ဖို့ပြီး ပုံမှန်သွားလာလျက်ရှိ

**မူဆယ် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ပန်ဆိုင်း(ကျူကုတ်)မြို့ မန်ကျယ်ကျေးရွာ၏ မြောက်ဘက် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ရှိ နယ်ခြားမှတ်တိုင် ၉၀-၂(၂)၏ အရှေ့ဘက် တစ်ဖာလုံခန့်တွင် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီခန့်က တရုတ်နိုင်ငံဘက်မှ မြန်မာနယ်နိမိတ်အတွင်း ကွန်ကရစ်နံရံ ပြုလုပ်ရန် မြေတူးဖော်မှု ပြုလုပ်ခဲ့သည်။

အဆိုပါ ပြုလုပ်မှုကို မြန်မာဘက်ခြမ်းမှ အုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းကြည့်ရှု၍ မူဆယ်မြို့ နယ်စပ်ဒေသ အာဏာပိုင်အဖွဲ့မှ တရုတ်နိုင်ငံ ရွှေလီမြို့ ပြည်ပရေးရာဌာနသို့ ကန့်ကွက်လွှာ ပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ ညနေ ၅ နာရီတွင် တရုတ်နိုင်ငံဘက်မှ လာရောက်ဖယ်ရှား ရှင်းလင်းသော်လည်း မြေတူးဖော်ထားရှိမှုမှာ မူလအတိုင်း သာရှိနေ၍ စက်တင်ဘာ ၂၃ ရက် နံနက်



၁၁ နာရီခွဲတွင် ဒေသခံလယ်သမားများက မြေစာပုံများကို သွားလာရေး အဆင်ပြေစေရန် ပြန်လည်မြေဖို့ခဲ့ကြကြောင်း သိရသည်။

ယနေ့ညနေ ၂ နာရီခန့်တွင် ပန်ဆိုင်း(ကျူကုတ်)မြို့ အုပ်ချုပ်ရေးမှူးနှင့် နယ်မြေရဲစခန်းမှူးတို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လမ်းကိုဖြတ်၍ တူးဖော်ထားသောမြေများ ဖို့ပြီးဖြစ်၍ မူလအတိုင်း ပြန်လည်တည်ရှိနေပြီဖြစ်ကြောင်းနှင့် ဒေသခံများလည်း ပုံမှန်သွားလာလျက်ရှိနေကြောင်း သိရသည်။

**ဇန်ရိုးထန်(ပြန်/ဆက်)**

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

၂၀၁၈ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day) အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ယမန်နေ့က မန္တလေးမြို့ လမ်း ၇၀၊ ၃၂ လမ်းထောင့်ရှိ မန္တလေး ဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနမှ အငြိမ်းစားပါမောက္ခဌာနမှူး ဆရာကြီး ဦးထွန်းရွှေက အမှာစကားပြောကြားပြီး နှလုံးရောဂါနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးရာ အထူးကုဆရာဝန်ကြီးများဖြစ်သည့် ပါမောက္ခ ဒေါက်တာသန်းသန်းကြိုင်၊ ပါမောက္ခ ဦးကျော်စိုးဝင်း၊ ပါမောက္ခ ဒေါက်တာမြင့်ငွေနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ ခင်ဦးလွင်တို့က မေးမြန်းသည်များ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**



**စက်တင်ဘာ ၂၀ ရက်က ဗိုလ်တထောင်မြို့နယ် (၁၀) ရပ်ကွက် ၄၆ လမ်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးရုံးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းက တရားမဝင်ဆေးဝါးများ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းများ မပြုလုပ်ရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။**

မီးမီး(လှိုင်)

# ပေါင်မြို့နယ်တွင် မွန်ရိုးရာ ဆွမ်းတော်တစ်ထောင် တင်လှူပူဇော်ပွဲ ကျင်းပ

**ပေါင် စက်တင်ဘာ ၂၄**
နှစ်စဉ် တော်သလင်းလပြည့်နေ့ရောက်တိုင်း မွန်လူမျိုးများ နေထိုင်သည့် ဒေသအသီးသီးတွင် မွန်ရိုးရာဓလေ့ ဆွမ်းတော်တစ်ထောင်တင်လှူပူဇော်ပွဲကို ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း ပေါင်မြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

တော်သလင်းလပြည့်နေ့တွင် ဘုရားစေတီ ပရဝဏ်အတွင်းများနှင့် မွန်ဘုန်းတော်ကြီးကျောင်းများ၌ ပြည်သူများက မိမိတို့တတ်စွမ်းနိုင်သမျှ လုပ်အားဖြင့်လည်းကောင်း၊ အလှူငွေအားဖြင့်လည်းကောင်း ထည့်ဝင်၍ သင်္ဘောတစ်စင်းတည်ဆောက်ကာ ဆွမ်း၊ ဆီမီး၊ သစ်သီး၊ ပန်း၊ နံ့သာ၊ ကွမ်း၊ တံခွန်၊ ကုက္ကားစသည့် အမျိုးအမည်တစ်ထောင်မကသော လှူဖွယ်ဝတ္ထုအမျိုးမျိုးဖြင့် ယင်းသင်္ဘောကုန်းပတ်ပေါ်တွင် တင်လှူပူဇော်ကြကြောင်း သိရသည်။

ဓမ္မစေတီကျမ်းအရ သီလစင်ကြယ်သော သာသာနာပြုရဟန်းတော်များ မွေးထုတ်နိုင်ရန်အတွက် ကောဇာသက္ကရာဇ် ၈၃၈ ခုနှစ်တွင် ဓမ္မစေတီမင်းက မွန်သံဃာတော် ၄၄ ပါးအား သီဟိုဠ်(သီရိလင်္ကာနိုင်ငံ)သို့ ရာမဒူတနှင့် စိတြဒူတအမည်ရှိ သင်္ဘောနှစ်စီးဖြင့် စေလွှတ်ခဲ့ပြီးနောက် အပြန်လမ်းခရီးတွင် သင်္ဘောနှစ်စီးအနက် ရာမဒူတသင်္ဘောက ခရီးစဉ်ချောမွေ့စွာ ပြန်ရောက်ခဲ့သော်လည်း စိတြဒူတသင်္ဘောမှာ လေပြင်းမုန်တိုင်းမိ၍ ပြန်မရောက်လာသဖြင့် မင်းဧကရာဇ်နှင့် တိုင်းသူပြည်သားများက ရဟန်းသံဃာတော်များ ဘေးအန္တရာယ်မကျရောက်ရလေအောင် စိတြဒူတသင်္ဘော ပုံသဏ္ဌာန်တူ ဖန်တီးတည်ဆောက်ကာ တော်သလင်းလပြည့်နေ့မနက် အရုဏ်တက်ချိန်တွင် ယင်းသင်္ဘောကုန်းပတ်ပေါ်၌ လှူဖွယ်ဝတ္ထုအစုစုကို ထည့်ဝင်၍ ဘုရားအား ကပ်လှူပူဇော် သီလခံယူတည်ဆောက်ကာ ဆုတောင်းခဲ့ကြသည်။ ထို့နောက် တော်သလင်းလဆုတ်နှစ်ရက်နေ့တွင် စိတြဒူတသင်္ဘောမှာ ခရီးချောမွေ့စွာပြန်ရောက်လာခဲ့သည်ကို အကြောင်းပြုကာ ထိုအချိန်မှစ၍ ဆွမ်းတော်တစ်ထောင်တင်လှူပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပေါင်မြို့နယ် ရွှေတိဂုံဖူးမြော်စေတီဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ဟန်သိန်းက ပြောသည်။

ရှေးယခင်က မနက်အရုဏ်တက်ချိန်တွင် စုပေါင်းလောင်းလှူကြသည့် လှူဖွယ်ဝတ္ထုများကို သင်္ဘောငယ်ဖြင့်တင်၍ မြစ်ပြင်ထဲသို့ လွှတ်ချပူဇော်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် အချို့ဒေသများ၌ မြစ်ချောင်းထဲသို့ လွှတ်ချမှုမရှိတော့ဘဲ လှူဖွယ်ဝတ္ထုများကို ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများ၊ လိုအပ်သည့်နေရာများသို့ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မွန်တိုင်းရင်းသားတို့၏ ကောင်းမွန်သော အစဉ်အလာတစ်ရပ်ဖြစ်သည့် ဆွမ်းတော်တစ်ထောင်တင်လှူပွဲကို ရှေးယခင်က တော်သလင်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် ကျင်းပခဲ့ကြပြီး ယခုနောက်ပိုင်းများတွင်မူ တော်သလင်းလဆန်း ၁၄ ရက်(အဖိတ်နေ့)ညနေပိုင်းအချိန်မှ စတင်ကျင်းပ တင်လှူပူဇော်လျက်ရှိကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**


သစ်သီးနှင့် လှူဖွယ်ဝတ္ထုအမျိုးမျိုးကို လှေပေါ်တွင် တင်ဆောင်ထားစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**မုံရွာ စက်တင်ဘာ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့မြို့တော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မျှော်မှန်းချက်များ၊ မူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ချမှတ်ထားသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် ဒေသတွင်းတွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ကဏ္ဍအလိုက် ဖော်ထုတ်ရန်၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံးတွင်ရှိသည့် ပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်နိုင်ရန်၊ ပြည်ထောင်စုမှထုတ်ပြန်သော လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအရ တိုင်းဒေသကြီးအတွင်း လုပ်ငန်းစဉ်များ၊ ရေတိုကာလနှင့် ရေရှည်ရည်မှန်းချက်များ ဆောင်ရွက်ကြမည့်လုပ်ငန်းစဉ်များကို ရွေးချယ်ချမှတ်နိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးသည် ရာသီဥတုကွဲပြားမှု၊ မြေမျက်နှာသွင်ပြင်ခြားနားမှု၊ မိုးရွာသွန်းပျံ့နှံ့မှုမတူညီခြင်းတို့ကြောင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံအပါအဝင် သီးနှံစုံဖြစ်ထွန်းကြောင်း၊ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို ပြောင်းလဲမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲ၌ ပွင့်လင်းမြင်သာစွာ ဆွေးနွေးအဖြေရှာကာ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် Economic Aspect of Agriculture; Opportunities & Challenges၊ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာရေးဆွဲရေးမူဘောင်တင်ပြချက်၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆန်းစစ်တင်ပြခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆက်စပ်မှုအခြေအနေ စသည့် ခေါင်းစဉ်များကို ပညာရှင်များက ဦးဆောင်ဆွေးနွေးကာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများက အဖွဲ့လိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# ဆမီးမြို့၌ ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်

**ပလက်ဝ စက်တင်ဘာ ၂၄**
ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာရှိပြည်သူများ ဆက်သွယ်ပြောဆိုမှု အဆင်ပြေချောမွေ့စေရန် MPT နှင့် တယ်လီနောတာဝါတိုင်များ တည်ဆောက်ခွင့်ရရှိရေးအတွက် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းတောင်းဆိုမှုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုတို့ကြောင့် လက်ရှိတွင် တယ်လီနောတာဝါတိုင်တစ်တိုင်ကို တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်၍ စက်ပိုင်းဆိုင်ရာများ ပါတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ MPT တာဝါတိုင် တစ်တိုင်ကိုလည်း တည်ဆောက်ပေးရန် သက်ဆိုင်ရာက ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်နေပြီဖြစ်ကာ မကြာတော့မည့်ကာလတစ်ခုတွင် ဆမီးမြို့နှင့် ဝန်းကျင်ဒေသများ၌ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်မှုနှင့်အတူ ဒေသခံပြည်သူများ၏ ဆက်သွယ်ရေးကို လွယ်ကူချောမွေ့စေတော့မည်ဖြစ်၍ အဆိုပါ ဆက်သွယ်ရေးတာဝါတိုင်များ အမြန်တည်ဆောက်ပြီးစီးရန် ဒေသခံပြည်သူများအနေဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

# မကူးစက်နိုင်သောရောဂါများကာကွယ်ရေး မိုင်းရယ်မြို့၌အသိပေး

**မိုင်းရယ် စက်တင်ဘာ ၂၄**
မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုအခြေအနေ၊ ဖြစ်ပွားစေတတ်သည့်အကြောင်းရင်းများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအကြောင်း အသိပညာပေးရှင်းလင်းပွဲကို မိုင်းရယ်မြို့ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလွင်က မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ ကင်ဆာ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုအခြေအနေများ၊ ဖြစ်ပွားစေသည့် အကြောင်းအရင်းများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောခဲ့သည်။

မိုင်းရယ်မြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် အထက်ပါ မကူးစက်နိုင်သောရောဂါများကို မိုင်းရယ်မြို့နယ်အတွင်းရှိ ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာနတိုင်းတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လာရောက်စစ်ဆေး ကုသမှုခံယူနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းရေး မြင်းခြံ၌ဟောပြော

**မြင်းခြံ စက်တင်ဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းရေးအတွက် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီမှ ဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာယုယုမေက အသင်းဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားပြီး အသင်း၏ရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် မိဘမဲ့ဖြစ်ရသည့်ကလေးများ၊ စွန့်ပစ်ခံကလေးငယ်များအား ကူညီစောင့်ရှောက်ပေးရန်၊ အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ဝန်ရှိလာခြင်းမှ ရရှိလာသည့် ကလေးငယ်များအား စွန့်ပစ်ခြင်းမှ လျော့ပါးအောင် ကူညီစောင့်ရှောက်ပေးရန် စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ၊ ကျန်းမာရေးနှင့် ပညာရေးဆပ်ကော်မတီတာဝန်ခံ ဒေါက်တာဌေးမောင်က အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌက အသင်း၏ ဖွဲ့စည်းပုံဆိုင်ရာစာအုပ်ကို မြင်းခြံခရိုင် အမျိုးသမီးကော်မတီမှ တာဝန်ရှိသူများထံ ပေးအပ်သည်။ ထို့နောက် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်တို့မှ အသင်းဝင်လျှောက်လွှာ ၁၀၀ ကို ဒုတိယဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# မိုးညှင်းတွင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး ဆွေးနွေး

**မိုးညှင်း စက်တင်ဘာ ၂၄**
ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက ကျောင်းစာကြည့်တိုက်များရှင်သန်ရေးနှင့် ပန်းချီပြိုင်ပွဲထည့်သွင်းကျင်းပရေးတို့ကို ပြောကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ကလေးငယ်များအား စနစ်တကျပြုစုပျိုးထောင်ရေးနှင့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးသည်။ ထို့နောက် ခရိုင်ပြန်ဆက်ဦးစီးမှူး ဒေါ်နန်းမေဆုအောင်က ကလေးစာပေပွဲတော်ကျင်းပခြင်း ရည်ရွယ်ချက်များနှင့် ကျင်းပရန်လုပ်ကိုင်စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ အစည်းအဝေးတက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့သည်။ အဆိုပါ ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၇ ရက်တွင် မိုးညှင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

# နေပြည်တော်၌ အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကျင်းပရန် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**
နေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် နေပြည်တော် အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး နေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းက စက်ဘီးစီးပြိုင်ပွဲတွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဝင်ရောက်ယှဉ်ပြိုင်စေပြီး ထူးချွန်သောပြိုင်ပွဲဝင်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်စက်ဘီးစီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ကူညီပေးရန်နှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ရာတွင် ကျောင်းသူပြိုင်ပွဲဝင်များကို ကျောင်းသားပြိုင်ပွဲဝင်များထက် ငါးမိနစ်စော၍ တာလွှတ်ကာ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်း ဥပ္ပါတသန္တိစေတီတော် ဘုရားဝင်းရှေ့ညာဘက်မှ စတင်တာထွက်၍ ကြာပန်းအဝိုင်းကိုပတ်ကာ ဥပ္ပါတသန္တိစေတီတော် ဘုရားဝင်းရှေ့ဘယ်ဘက်တွင် ပန်းဝင်မည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ငါးသိုင်းချောင်းမြို့ အလက(ခွဲ) ဗိုလ်ချုပ်လမ်း ကျောင်းဆောင်သစ် ဖွင့်ပွဲတက်ရောက်

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုချက်ရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်အား ဇွန် ၃၀ ရက် က ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်း အလက (ခွဲ) ကျောင်းဝင်းအတွင်း၌ ဆောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမန်းသိန်းကျော်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာများ ပက်ဖျန်းပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

လက်ရှိအချိန်တွင် ငါးသိုင်းချောင်း မြို့ပေါ်ရပ်ကွက်ခြောက်ခုတွင် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းနှင့် အလက(ခွဲ) ကျောင်းနှစ်ကျောင်းရှိရာ မူလွန်ဗိုလ်ချုပ်လမ်းကျောင်းမှာ ၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် အလယ်တန်းကျောင်းခွဲအဖြစ်သို့ တိုးမြှင့်ချထားခဲ့ပြီး ပညာသင်နှစ်အလိုက် ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းနှင့် မြို့ပေါ်ရပ်ကွက်များနှင့် သွားလာဆက်သွယ်ရေး နီးစပ်လွယ်ကူသော အခြေအနေများကြောင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အဆိုပါကျောင်း၌ တက်ရောက်ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူ ၆၁၂ ဦးအထိရှိလာခဲ့ကြောင်း ကျောင်းဆောင်သစ်အဆောက်အအုံ လိုအပ်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်များဖြင့် အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို နမ့်တဘက်ချောင်းရေပေးဝေရေးစီမံကိန်း ဒီဇိုင်းရေးဆွဲရေးလုပ်ငန်းတာဝန်များ ညှိနှိုင်းဆွေးနွေး

**လွိုင်ကော် စက်တင်ဘာ ၂၄**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း နှစ်စဉ်နွေရာသီ၌ ရေရှားပါးမှု ခံစားနေရသည့် ဒေသများအတွက် သောက်သုံးရေ ဖူလုံစွာရရှိရေး၊ အနာဂတ်တွင် တိုးတက်လာမည့် လူဦးရေအရ ရေလိုအပ်ချက်များ ကြိုတင်ဖြည့်ဆည်းပေးနိုင်ရေး၊ ရေအရင်းအမြစ် အနည်းငယ်ကိုသာ အားကိုးအားထားပြုသည်ထက် ရေအရင်းအမြစ် များများ ရှာဖွေ၍ ဖော်ဆောင်ပေးခြင်းဖြင့် သဘာဝရေ အရင်းအမြစ်များ အကျိုးရှိရှိ အသုံးပြုနိုင်ရေးနှင့် ရေအရင်းအမြစ်များ ရေရှည်တည်တံ့နိုင်စေရေး၊ ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်လာပါကလည်း ရေရရှိရေး နည်းလမ်းများစွာ ဆောင်ရွက်ထားသည့်အတွက် ထိခိုက်မှုမဖြစ်ပေါ်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထိုသို့ ရည်မှန်းချက်ထား၍ မြို့နယ်များတွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် ဆောင်ရွက်ချက်အနေဖြင့် နမ့်တဘက်ချောင်း ရေပေးဝေရေး ဒီဇိုင်းရေးဆွဲရေး စီမံကိန်းနှင့် ပတ်သက်၍ ဖွဲ့စည်းထားသည့် ကော်မတီဝင်များနှင့် ဒီဇိုင်းကုမ္ပဏီတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု ဆွေးနွေးပွဲကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရေရရှိရေးလုပ်ငန်းအတွက် ဖွဲ့စည်းထားသည့် ကော်မတီဝင်များ၊ ဒီဇိုင်းရေးဆွဲသည့် ကုမ္ပဏီဖြစ်သော Royal Country Development Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးသန်းဦး ဦးဆောင်သော အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးက နမ့်တဘက်ချောင်း ရေသွယ်တန်းရေးလုပ်ငန်းနှင့် ပတ်သက်၍ ပင်မအဆောက်အအုံဆောက်လုပ်ရန် လိုအပ်သော မြေနေရာလျာထားမှုအခြေအနေ၊ ရေပေးဝေရေးနှင့်ပတ်သက်၍ စီမံကိန်းကုန်ကျစရိတ်များ၊ ရေသွယ်တန်းမည့်လမ်းကြောင်းများ၊ မြေပြင်ကွင်းဆင်းစစ်ဆေးမှုရလဒ်များ၊ ရေမီတာစနစ်ဖြင့် ရေရလိုမှု၊ ရေခွန်ပေးချေနိုင်မှုစသည်တို့ပါဝင်သော အသိပညာပေးမှုများကို ကျေးရွာများအတွက် ကျေးရွာ ရေကော်မတီကို လည်းကောင်း၊ မြို့နယ်၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့သို့ လည်းကောင်း ရှင်းလင်းတင်ပြပြီး ဒီဇိုင်းရေးဆွဲရေး ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာက ပင်မအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ၊ လွိုင်လင်လေးမြို့မှ လွိုင်ကော်မြို့ပေါ်အထိ ရေသွယ်တန်းရေး အပိုင်း သုံးပိုင်းဖြင့် ဆောင်ရွက်မည့် အသေးစိတ်အစီအမံများ၊ လုပ်ငန်းတစ်ခုချင်းအလိုက် ကုန်ကျမှုစာရင်းများ၊ လူဦးရေ၊ အိမ်ထောင်စုအလိုက် ရေအသုံးပြုနိုင်မှု ပမာဏများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး အဆိုပါတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လွိုင်လင်လေးမြို့ရှိ ရေသွယ်တန်းရေး ပင်မအဆောက်အအုံအတွက် အသုံးပြုမည့်မြေအား စည်ပင်သာယာရေးအဖွဲ့ပိုင်မြေအဖြစ် ဆောင်ရွက်သွားရေး၊ ပြည်နယ်ကော်မတီအနေဖြင့် ရေသွယ်ယူရေးလုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျဖြစ်စေရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး စနစ်တကျ ပူးပေါင်းစီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ရေမီတာတပ်ဆင်မှုအပိုင်း၊ ကောက်ခံမှုအပိုင်းတွင်လည်း လက်ရှိမြို့နယ်စည်ပင်မှ ကောက်ခံလျက်ရှိသော နှုန်းထားဖြစ်သည့် တစ်ယူနစ်ကျပ် ၄၀၀ ဖြင့်သာ ကောက်ခံရေး ကော်မတီဝင်များ သဘောတူ ဆုံးဖြတ်ပါက ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။



**စိုင်းညဏ်လင်းထွန်း**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ ကျိုက်ထိုဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကျိုက်ထို စက်တင်ဘာ ၂၄**

မွန်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ကျိုက်ပိကျေးရွာ ဇန့်ဂျီကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ ပြုလုပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကာ မြို့နယ်ပြည်သူ့ဆေးရုံ၏ လိုအပ်ချက်များကို သွားရောက်ကြည့်ရှုစစ်ဆေး၍ မြို့နယ်သာသနာ့ဗိမာန်၌ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ ဒေသခံပြည်သူများနှင့်အတူ ဖက္ကလိပ်ကျေးရွာပြည်သူများနှင့် ဆွေးနွေးခဲ့သည်။

ယင်းနောက် စွပ်ပွန်းကျေးရွာ ကျောက်ရေကန်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**ဝင်းမောင်(ကျိုက်ထို)**

# တပ်ကုန်းမြို့ပေါ်တွင် လုံခြုံရေးကင်မရာများ မကြာမီတပ်ဆင်မည်

**တပ်ကုန်း စက်တင်ဘာ ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ပြည်သူလူထု ပူးပေါင်းပါဝင်သော လှည့်ကင်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ရောင်ပြန်ဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အမှာစကားပြောကြားပြီး မြို့နယ်အတွင်း အချက်အချာကျသည့် နေရာများတွင် လုံခြုံရေးကင်မရာများ မကြာမီတပ်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရောင်ပြန်ဝတ်စုံ အထည် ၆၀ အား ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ပေးအပ်ရာ ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့က လက်ခံယူခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာဦးနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# အချိန်မရွေးဖုန်းဆက်ပါ၊ ပြည်သူ့ဆေးရုံ ပြည်သူ့အတွက်ဖြစ်ရမည်ဟု ရွှေပြည်သာဆေးရုံအုပ်ကြီး ပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၄**

ဆေးရုံတွင် လိုအပ်ချက်များစွာ ရှိနေကြောင်း၊ အလှူရှင်များက ဆေးရုံကို လှူဒါန်းမည်ဆိုလျှင် လည်းကောင်း၊ ကလေးများ သွေးလွန်တုပ်ကွေးကိစ္စ အရေးကြီးလျှင် လည်းကောင်း အချိန်မရွေး ဖုန်းဆက်ရန်နှင့် ပြည်သူ့ဆေးရုံသည် ပြည်သူ့အတွက်ဖြစ်ကြောင်း ရွှေပြည်သာ ဆေးရုံအုပ်ကြီးက ပြောကြားသည်။

ရွှေပြည်သာ အမှတ် ၁၂ ရပ်ကွက် အခြေစိုက် ပေါင်းစည်း လူမှုဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းက ရွှေပြည်သာပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးနှင့် မသန်စွမ်းသူသုံး အထောက်အကူပြု ပစ္စည်းများအား ယမန်နေ့က ဆေးရုံခန်းမ၌ ပေးအပ်လှူဒါန်းရာ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်မြတ်နှင်းက အထက်ပါအတိုင်း ပြောကြားခဲ့ပြီး လှူဒါန်းပစ္စည်းများကို လက်ခံယူသည်။

အခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကံဝင်းဇော်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး (ငြိမ်း) သန်းထိုက်၊ ၁၂ ရပ်ကွက် ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှ၊ ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအမှုဆောင် ဒါရိုက်တာ ဒေါ်ရီမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖောင်ဒေးရှင်းအဖွဲ့မှ လှူဒါန်းပစ္စည်းများမှာ ပြည်သူ့ဆေးရုံသို့ ငွေကျပ် ၇၅၇၁၀၀ တန်ဖိုးရှိ ဆေးရုံသုံး ခုတင်တစ်လုံးပါ ပစ္စည်း ရှစ်မျိုး၊ အမှတ် ၁၂ ရပ်ကွက် ပရဟိတအသင်းသို့ ငွေကျပ် ၉၀၈၀၀ တန်ဖိုးရှိ အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများ၊ မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင် တစ်လုံး၊ စတီး တုတ်ကောက် နှစ်ချောင်း၊ စတီးတုတ်ကောက် ကြက်ခြေပါတစ်ချောင်း၊ စတီးလေးချောင်းထောက် တစ်ခု၊ ဆေးရုံအတွက် ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ခွဲစိတ်ခန်းသုံး လေအေးပေးစက်တစ်လုံးတို့ကို တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

"ရွှေပြည်သာမြို့နယ်ဟာ ရပ်ကွက် ၂၇ ခုရှိတယ်။ လူဦးရေ သုံးသိန်း နီးပါးရှိတယ်။ ၂၀၁၇ ခုနှစ်က သွေးလွန်တုပ်ကွေးဖြစ်ပွားတဲ့လူဦးရေ ၄၀၀ ကျော် ရှိတယ်။ ဒီရောဂါကြောင့် သေဆုံးတာ လေးဦးရှိတယ်။ တစ်နှစ်နဲ့ တစ်နှစ်ကြိုတင်ပြင်ဆင်မှုကြောင့်လည်း ဒီနှစ်မှာ ဖြစ်ပွားသူဦးရေဟာ ၁၄၀ ပဲရှိတယ်။ သေဆုံးတာ တစ်ဦးပါ။ သိသိသာသာ လျော့ကျသွားပါတယ်။ နောက်နှစ်တွေမှာ ဒီထက်မက လျော့ကျသွားဖို့ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းတွေကို အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပညာပေးလုပ်ငန်းတွေ အဆက်မပြတ်လုပ်နေပါတယ်။ အဓိကအချက်က ပူးပေါင်းပါဝင်ကြပါ။ ကလေးတစ်ဦး ဒီချိန်ခါမှာ ဖျားနာတယ်။ ကိုယ်ပူရှိန်မြင့်တက်လာတယ်ဆိုရင် ဆေးခန်းကို အရောက်လာစေချင်ပါတယ်။ ကုသဖို့အတွက် စက်ကိရိယာတွေ အရန်သင့်ရှိပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်မြတ်နှင်းက ပြောကြားသည်။



**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖူလာတန် ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်

═══ အောင်အောင် IR ═══




ဖူလာတန်ဟိုတယ် (The Fullerton Hotel) ဆိုတာ စင်ကာပူ မြို့လယ်၊ စင်ကာပူမြစ်ကမ်းနံဘေးမှာ တည်ရှိတဲ့ စင်ကာပူနိုင်ငံရဲ့သမိုင်းဝင်ဟိုတယ်ကြီး ဖြစ်ပါတယ်။ ဒီဟိုတယ်ကြီးအကြောင်းကို ကျွန်တော်စင်ကာပူကို စရောက်တဲ့ ဒီနှစ် ဇွန်လအစကတည်းက စင်ကာပူမီဒီယာတွေမှာ၊ နိုင်ငံတကာမီဒီယာတွေမှာ မကြာခဏကြားခဲ့ရပါတယ်။ အကြောင်းကတော့ ဇွန်လ ၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် သမိုင်းဝင် ထရန့်- ကင် ထိပ်သီးအစည်းအဝေးပွဲ (United States - North Korea summit) ကို ကျင်းပပြုလုပ်မယ်လို့ သတင်းထွက်တဲ့ စင်ကာပူက ဟိုတယ်ကြီးနှစ်ခု အမည်စာရင်းထဲမှာ ဒီ The Fullerton Hotel ကြီးလည်း အပါအဝင် ဖြစ်ပါတယ်။ နောက်တော့ ထိပ်သီးအစည်းအဝေးက သတင်းတွေ ဖြစ်နေတဲ့ ဟိုတယ်ကြီးတွေမှာ မလုပ်ဖြစ်တော့ဘဲ လုံခြုံရေးအကြောင်းပြချက်နဲ့ ဆန်တိုဆာအပန်းဖြေကျွန်း (Sentosa Island) က ကပဲလားဟိုတယ် (Capella Resort) မှာ ပြုလုပ်ဖြစ်ခဲ့ပါတယ်။ ဘာပဲပြောပြော အဲဒီဖူလာတန်ဟိုတယ်ဆိုတာ နားထဲမှာတော့ အတော် စွဲငြိသွားခဲ့ပါတယ်။ စင်ကာပူမြို့ထဲ၊ စင်ကာပူမြစ်ကမ်းဘက်ရောက်ဖြစ်ရင်လည်း မြစ်ကမ်းတစ်ဖက်က ခံ့ညားထည်ဝါလှတဲ့ ဖူလာတန်ဟိုတယ်ကြီးကို မကြာခဏတွေ့မြင်နေရပါတယ်။

## ဝင်ရောက်လည်ပတ်လေ့ရှိ

စာရေးသူ ပြည်ပနိုင်ငံတွေရောက်ရင် ထင်ရှားတဲ့ အဆောက်အအုံတွေ၊ အဖွဲ့အစည်းတွေဆီ ကိုယ့်ဘာသာကိုယ် မိတ်ဆက်ပြီး ဝင်ရောက်လည်ပတ်လေ့ရှိပါတယ်။ အီးမေးလ်က တစ်ဆင့် တစ်ဖက်ကိုယုံကြည်အောင်တော့ ဆွဲဆောင်ပြောဆိုရတာပေါ့။ စာရေးသူအတွေ့အကြုံအရ များသောအားဖြင့် အလုပ်ဖြစ်တာ တွေ့ရပါတယ်။ စင်ကာပူမှာ စာရေးသူရောက်ရှိစဉ် သွားရောက်လည်ပတ်ချင်တဲ့အထဲမှာ မာရီနာဘေးဆန်းဟိုတယ် (Marina Bay Sands Hotel)၊ ဖူလာတန်ဟိုတယ် (Fullerton Hotel) နဲ့ စင်ကာပူနိုင်ငံရေးပါတီတွေ ပါဝင်ပါတယ်။ မာရီနာဘေးဆန်းဟိုတယ်ဆီ အီးမေးလ်ပို့တော့ သူတို့ကလာခဲ့ပါ၊ လိုက်ပြပါ့မယ်ဆိုလို့ ဟိုတယ်ကြီးဆီ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ သွားရောက်လည်ပတ်ခဲ့ပြီးပါပြီ။ လည်ပတ်တဲ့ ခရီးစဉ်ကိုလည်း " Marina Bay Sands Hotel လေ့လာရေး ခရီးစဉ်" ဆိုပြီး ကြေးမုံနေ့စဉ်သတင်းစာမှာ ရေးသားခဲ့ပါတယ်။ Marina Bay Sands Hotel ပြီးတော့ နောက်ထပ်ပစ်မှတ်တစ်ခုက The Fullerton Hotel ဖြစ်ပါတယ်။ ဒါနဲ့ အလုပ်နည်းနည်းပါးချိန်မှာ The Fullerton Hotel ဆီ ငါနင်တို့ ဟိုတယ်ကို လာပြီး လေ့လာချင်တယ် ဖြစ်နိုင်မလားဆိုပြီး ကိုယ်ရေးအချက်အလက်အချို့နဲ့ အီးမေးလ်ပို့ပြီး မေးမြန်းပါတယ်။

ဟိုတယ်ဘက်က "ငါတို့ဆီမှာ ဖူလာတန် ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ် (The Fullerton Heritage Tour) ဆိုတဲ့ အခမဲ့ ဝန်ဆောင်မှုခရီးစဉ်ရှိတယ်။ ဟိုတယ်အကြောင်းနဲ့ စင်ကာပူ သမိုင်းကြောင်းကို ဂိုက်တစ်ယောက်က ရှင်းပြမယ်။ တစ်နာရီလောက် ကြာမယ်။ နိုင်ငံခြားသားပဲ ဖြစ်ဖြစ်၊ စင်ကာပူနိုင်ငံသားပဲ ဖြစ်ဖြစ်လက်ခံတယ်" ဆိုပြီး ပြန်ကြားလာပါတယ်။ ဒါနဲ့ စာရေးသူလည်း ငါနဲ့ငါ့ညီ နှစ်ယောက်လာမယ်ဆိုပြီး သူပို့ပေးတဲ့ ဝက်ဘ်ဆိုဒ်ကတစ်ဆင့် register လုပ်ပါတယ်။ သို့သော် register လုပ်ရတာ အဆင်မပြေပါဘူး။ အခုလက ဇူလိုင်လ ၂၇ ရက်နေ့ဆိုရင် စက်တင်ဘာ ၁ ရက်နေ့လောက်မှာမှ သွားချင်တာပါ။ ဒါနဲ့ဟိုတယ်ကို ပြန်ပြီးပြောတော့ register က တစ်လပဲ ကြိုဖွင့်တယ်။ အခုက တစ်လကျော်နေလို့ မဖွင့်သေးဘူး။ ဖွင့်မှ register ပြန်လုပ်ပါဆိုပြီး ပြန်ကြားလာပါ တယ်။ ဒါနဲ့ ဟိုတယ်ကို ငါကမြန်မာနိုင်ငံ ခဏပြန်ရဦးမှာ ဖြစ်တယ်။ ငါတို့အစား နင်လုပ်ပေးလို့ ရမလားဆိုပြီး register အတွက် အချက်အလက်အချို့ကို တစ်ပါတည်း လှမ်းပို့လိုက်ပါတယ်။ နောက်ဆုံးဟိုတယ်က ခြွင်းချက်အနေနဲ့ နင်နဲ့နင့်ညီအတွက် ကြိုပြီး register လုပ်လိုက်ပြီ။ ချိန်းထားတဲ့အချိန် ငါးမိနစ်ကြိုပြီး ဟိုတယ်ဧည့်ခန်းဆောင်ဆီလာခဲ့ပါဆိုလို့ အဆင်ပြေသွားပါတယ်။

## ဖူလာတန်ဟိုတယ်

ဖူလာတန်ဟိုတယ်ကြီးကို ၁၉၂၈ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပြီး အဲဒီတုန်းကတော့ ဖူလာတန်အဆောက်အအုံကြီး (Fullerton Building) လို့ လူသိများခဲ့ပါတယ်။ ဖူလာတန်ဟာ အရှေ့အာရှမှာ နာမည်ကျော်ကြားတဲ့ စင်ကာပူစာတိုက်ကြီးလည်း ဖြစ်ခဲ့ဖူးပြီး အခြားသော အစိုးရရုံးများအခြေစိုက်ရာ အဆောက်အအုံကြီးလည်း ဖြစ်ခဲ့ပါတယ်။ စင်ကာပူဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင် (Goh Chok Tong) အပါအဝင် စင်ကာပူခေါင်းဆောင်အများအပြားဟာ သူတို့ငယ်စဉ်က ဖူလာတန်မှာရှိတဲ့ အစိုးရရုံးခန်းတွေမှာ လုပ်ကိုင်ဆောင်ရွက်ရင်း ရာထူးအဆင့်ဆင့်တက်ပြီး နောင်တစ်ချိန်မှာ နိုင်ငံ့ထိပ်တန်းတာဝန်တွေ ထမ်းဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဖူလာတန်ဆိုတဲ့အမည်ဟာ တစ်ချိန်က ပီနန်ကျွန်း (Penang) ရဲ့ အုပ်ချုပ်ရေးမှူး (၁၈၂၄-၁၈၂၆) ဖြစ်ခဲ့ပြီး ဗြိတိသျှအပိုင် Straits Settlements ရဲ့ ပထမဆုံးအုပ်ချုပ်ရေးမှူး (၁၈၂၆-၁၈၂၉) လည်း ဖြစ်သူ ဗြိတိသျှလူမျိုး Robert Fullerton ရဲ့ အမည်ကို အစွဲပြုမှည့်ခေါ်ထားတာ ဖြစ်ပါတယ်။ ဗြိတိသျှတွေဟာ ဒုတိယကမ္ဘာစစ်ကာလ ဂျပန်တွေ စင်ကာပူကို ဝင်မသိမ်းမီ ဖူလာတန်ကို စစ်ဆေးရုံအဖြစ် အသုံးပြုခဲ့ပါတယ်။ ၁၉၄၂ ခုနှစ် ဗြိတိသျှအလွန် ဂျပန်ခေတ်မှာတော့ ဂျပန်တပ်တွေက ဖူလာတန်ကို စင်ကာပူမှာရှိတဲ့ ဂျပန်တပ်များရဲ့ ဌာနချုပ်အဖြစ် အသုံးပြုခဲ့ပါတယ်။

ဒါ့အပြင် ဒီဖူလာတန် အဆောက်အအုံကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းမှာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ်နှစ်ခုကိုလည်း ဖြစ်ထွန်းစေခဲ့ပါတယ်။ အဲဒါကတော့ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်မှာ ဒီအဆောက်အအုံကြီးမှာ ခိုလှုံနေထိုင်နေတဲ့ ဗြိတိသျှအုပ်ချုပ်ရေးမှူး Governor Shenton Thomas ဆီ စင်ကာပူက ဗြိတိသျှတပ်ပေါင်းစု ဒုတိယဗိုလ်ချုပ်ကြီး Arthur E. Percival ရောက်ရှိလာပြီး ဗြိတိသျှစစ်တပ်တွေ ဂျပန်တွေဆီမှာ လက်နက်ချတော့မယ်ဆိုတာ လာအကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်နေ့ ၁၅ ရက် ဖေဖော်ဝါရီလ ၁၉၄၂ ခုနှစ်မှာ ဗြိတိသျှနဲ့ မဟာမိတ်စစ်သည် ထောင်ပေါင်းများစွာဟာ ဂျပန်တပ်တွေထံ လက်နက်ချလိုက်ခြင်းဖြင့် ဗြိတိသျှစစ်သမိုင်းမှာ အဆိုးရွားဆုံး အရှက်တကွဲရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ဒါ့အပြင် ဒီအဆောက်အအုံကြီးထဲမှာပဲ ဂျပန်ဗိုလ်ချုပ်ကြီး Tomoyuki Yamashita က စင်ကာပူနဲ့ မလေးရှားက တရုတ်လူမျိုးတွေကို ဖိအားပေးပြီး ဂျပန်တွေအပေါ် တရုတ်တွေက ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် လျော်ကြေးဆိုပြီး တရုတ်တွေဆီက ဒေါ်လာသန်း ၅၀ ချက်လက်မှတ်ကို လက်ခံရယူခဲ့တာပဲ ဖြစ်ပါတယ်။

စစ်ပြီးကာလ ၁၉၅၀ ပြည့်နှစ်များမှာ ဖူလာတန် အဆောက်အအုံကြီးဟာ စင်ကာပူဒေသရဲ့သင်္ကေတအမှတ်အသား ဖြစ်လာခဲ့ပါတယ်။ အဲဒီတုန်းကဆိုရင် စင်ကာပူဆိုတာနဲ့ ဖူလာတန်အဆောက်အအုံကြီးနဲ့ ယှဉ်တွဲသိခဲ့ကြပါတယ်။ ၁၉၇၀ ပြည့်နှစ်များကနေ ၁၉၉၅ ခုနှစ်အထိ စင်ကာပူပြည်တွင်းအခွန်များဦးစီးဌာနရဲ့ ရုံးချုပ်ဟာ ဖူလာတန်မှာ တည်ရှိခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ စင်ကာပူစာတိုက်ကြီးလည်း ဖူလာတန်ကနေ ပြောင်းရွှေ့သွားပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဟောင်ကောင်အခြေစိုက် ကုမ္ပဏီတစ်ခုက စင်ကာပူအစိုးရဆီကနေ ဖူလာတန်အဆောက်အအုံကို လွှဲပြောင်းယူလိုက်ပြီး ဟိုတယ်အဖြစ် အသွင်ပြောင်းဖန်တီးလိုက်ပါတယ်။ ဖူလာတန်ဟိုတယ်ဖွင့်ပွဲကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ ကျင်းပပြုလုပ်ခဲ့ပြီး အဲဒီကာလ စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင် (Goh Chok Tong) ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီနေ့မှာတော့ ဖူလာတန်ဟိုတယ်ဟာ အခန်းပေါင်း ၄၀၀ ပါဝင်တဲ့ ကြယ်ငါးပွင့်အဆင့်ရှိ စင်ကာပူရဲ့ ထိပ်တန်းကမ္ဘာကျော်ဟိုတယ်ကြီး ဖြစ်လို့နေပါပြီ။

## ဖူလာတန် ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်

ဖူလာတန်ယဉ်ကျေးမှု အမွေအနှစ်ခရီးစဉ်ဆိုတာ ဖူလာတန်ဟိုတယ်က ပြည်တွင်း၊ ပြည်ပကဟိုတယ်သမိုင်းကြောင်း၊ စင်ကာပူရဲ့သမိုင်းကြောင်းတွေကို စိတ်ဝင်စားသူတွေအတွက် ဟိုတယ်က ငှားရမ်းထားတဲ့ တိုးဂိုက်ကတစ်ဆင့် ဟိုတယ်အတွင်း၊ အပြင်မှာ ရှင်းလင်းပြောကြားတဲ့ တစ်နာရီကြာ အခမဲ့ဝန်ဆောင်မှုပေးတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။ ဖူလာတန်ဟိုတယ်ဟာ သူ့သက်တမ်းတစ်လျှောက် အင်္ဂလိပ်ခေတ်၊ဂျပန်ခေတ်၊ လွတ်လပ်ရေးအကြိုခေတ်၊ လက်ရှိခေတ်ကာလ စတဲ့ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ပြီး ထင်ရှားတဲ့ နိုင်ငံခေါင်းဆောင် အများအပြားဟာလည်း ဒီအဆောက်အအုံကြီးမှာ ရုံးတက်၊ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်လုပ်ဆောင်ခဲ့တာဖြစ်လို့ သူ့မှာ ပြောစရာတွေ အများကြီးရှိနေပါတယ်။ စာရေးသူတို့ ညီအစ်ကို နှစ်ဦးချိန်းထားတဲ့ အချိန်အတိုင်း အဲဒီကိုရောက်သွားပြီး အချိန်နည်းနည်းပိုနေလို့ ဟိုတယ်အတွင်းမှာ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ကြပါတယ်။ အတွင်းမှာ ကျောက်သားလှေကားတွေ၊ အလှငါးမွေးကန်တွေ၊ ရေတံခွန်၊ ရေပန်းတွေနဲ့ ပြင်ဆင်ထားပြီး အင်မတန် ခမ်းနားလှပတာကို တွေ့ရပါတယ်။ နောက်တိုးဂိုက်လုပ်သူ ရောက်လာတာနဲ့ သူနဲ့အတူ အုပ်စုလိုက် ဟိုတယ်အတွင်း ဧည့်ဆောင်အနားက ဖူလာတန်ယဉ်ကျေးမှုအမွေအနှစ် ပြခန်း (The Fullerton Heritage Gallery) ဆီ သွားကြပါတယ်။ စာရေးသူတို့ အုပ်စုမှာ စပိန်၊ ဗြိတိသျှ၊ ဂျာမနီ၊ စင်ကာပူ၊ မြန်မာ စသည်ဖြင့် စုစုပေါင်း ၁၀ ဦးလောက် ပါဝင်ပါတယ်။

ပြခန်းမှာ ချိတ်ဆွဲထားတဲ့ ပြက္ခဒိန်တစ်ခုချင်းကတစ်ဆင့် ဂိုက်လုပ်သူက ရှင်းပြရာမှာ ဒီဖူလာတန် အဆောက်အအုံကြီးဟာ စင်ကာပူရဲ့ ခေတ်သစ်သမိုင်းအစ ကနဦးလည်း ဖြစ်တယ်။ ဘာလို့လဲဆိုတော့ စင်ကာပူကိုစတင်အခြေစိုက် တည်ထောင်ခဲ့တဲ့ Sir Stamford Raffles ဟာ ၁၈၁၉ ခုနှစ်မှာ အခုဒီအဆောက်အအုံကြီးတည်နေရာနဲ့ မလှမ်းမကမ်းမှာ သင်္ဘောဆိုက်ကပ်၊ စင်ကာပူမြေကို ခြေချခဲ့တာ ဖြစ်တယ်။ ၁၈၂၅ ခုနှစ်မှာ ဒီဖူလာတန်အနီးမှာ စင်ကာပူမြစ်ကြောင်းကို ကာကွယ်ဖို့ဆိုပြီး ဖူလာတန်ခံတပ် (Fort Fullerton) ကို တည်ဆောက်ခဲ့ပါတယ်။ နောက်တဖြည်းဖြည်းနဲ့ ဒီနေရာ က ဖွံ့ဖြိုးလာပြီးဒီဖွံ့ဖြိုးမှုနဲ့အတူ အခြားစင်ကာပူနေရာတွေဆီပါ ပျံ့နှံ့လွှမ်းခြုံသွားတယ်ပေါ့။ ဒါကြောင့် ဒီအဆောက်အအုံနယ်မြေဟာ တစ်ချိန်က တံငါရွာလေးကနေ ဒီနေ့ စင်ကာပူဆိုတဲ့ ကမ္ဘာ့ထိပ်တန်းမြို့တော်ကြီးအဖြစ် ကူးပြောင်းမှုဖြစ်စဉ်ကို အစအဆုံးမြင်တွေ့ခဲ့တယ်လို့ ပြောနိုင်ပါတယ်ဆိုပြီး ရှင်းပြပါတယ်။ အနီးမှာလည်း နံရံမှာမြှုပ်ထားတဲ့ တီဗွီကနေ ကွယ်လွန်သူ စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယုရဲ့ လှုပ်ရှားမှုတွေ၊ မိန့်ခွန်းတွေကို ပြသနေပါတယ်။ စာရေးသူလည်း စင်ကာပူမှာ လီကွမ်ယုအမှတ်တရပစ္စည်းတွေကို မြင်ရခဲ့တာကြောင့် တီဗွီမှာပြနေတဲ့ လီကွမ်ယုမှတ်တမ်းရုပ်သံကို လက်ကိုင်ဖုန်းနဲ့ သုံးမိနစ်လောက် ဗီဒီယို ရိုက်ယူမှတ်တမ်းတင် ရယူထားလိုက်ပါတယ်။ ဂိုက်လုပ်သူ ရှင်းပြတဲ့အထဲမှာ စိတ်ဝင်စားစရာကောင်းတာက စင်ကာပူရဲ့ အတိတ်နိုင်ငံရေး အခြေအနေအချို့ပါ။ သူ့အဆိုအရ စင်ကာပူဟာ ၁၉၆၅ ခုနှစ်မှာ လွတ်လပ်ရေးရတော့ နိုင်ငံက မတည်ငြိမ်ဘူး။ လူမျိုးရေး တင်းမာမှုတွေ ရှိတယ်။ ၁၉၆၄ ခုနှစ်မှာတင် စင်ကာပူမှာ မလေးရှားလူမျိုးနဲ့ တရုတ်လူမျိုးတွေ အဓိကရုဏ်းဖြစ်ထားတာ ပူပူနွေးနွေးရှိသေးတယ်။ ဒီတော့ လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံမှာ ကာကွယ်ရေးဆိုတာ အင်မတန်အရေးကြီးတယ်။

## ကောင်းမွန်တဲ့ကာကွယ်ရေးတပ်ဖွဲ့ရှိဖို့လိုအပ်

စင်ကာပူမှာ ကောင်းမွန်တဲ့ ကာကွယ်ရေးတပ်ဖွဲ့ ရှိဖို့လိုတယ်လို့ မြော်တွေးပြီး စင်ကာပူခေါင်းဆောင်တွေဟာ စင်ကာပူအတွက် အကောင်းဆုံးကာကွယ်ရေးစွမ်းရည်ကို ရှာဖွေတဲ့အခါမှာ ဟိုးအရှေ့အလယ်ပိုင်းဒေသက အစ္စရေးနိုင်ငံကို သွားတွေ့တယ်။ ဒါနဲ့ ဗန်ကောက်မှာရှိတဲ့ အစ္စရေးသံရုံးနဲ့ ဆက်သွယ်ပြီး နောက်တော့ အစ္စရေးစစ်ဘက်အကြံပေးတွေ စင်ကာပူဆီခေါ်ဆောင်လာခဲ့တယ်။ စင်ကာပူဟာ အစ္စရေးတွေဆီက အကူအညီတောင်းတာ အိမ်နီးချင်းမလေးတို့၊ အင်ဒိုတို့သိရင် စိတ်အခန့်မသင့်မှာစိုးလို့ စင်ကာပူမှာရှိနေတဲ့ အစ္စရေးအကြံပေးတွေကို မက္ကဆီကန်တွေဖြစ်တယ်ဆိုပြီး ပြည်တွင်းမှာ သတင်းလွှင့်လမ်းကြောင်းပြောင်းထားခဲ့တယ်စသည်ဖြင့် စိတ်ဝင်စားဖွယ် ပြောဆိုသွားပါတယ်။ နောက် ဂိုက်နဲ့အတူ စာရေးသူတို့ အုပ်စုဟိုတယ်အပြင်ဘက်ခဏထွက်ပြီး ဟိုတယ်ကြီးကိုအပြင်က ကြည့်ရင်း စကားတွေ ဆက်ပြောဖြစ်ကြပါတယ်။ နောက်ဆုံး ဟိုတယ်ထဲပြန်ဝင်ပြီး ရှစ်ထပ်အမြင့်မှာရှိတဲ့ ဟိုတယ်ခေါင်မိုးကနေ စင်ကာပူမြစ်နဲ့ စင်ကာပူမြို့ရှုခင်းကို ကြည့်ရှုကြပါတယ်။ ဟိုတယ်ခေါင်မိုးပေါ်တက်နေစဉ်မှာပဲ မိုးကစရွာလာနေပြီး ခေါင်မိုးပေါ်မှာ ရှုခင်းများကြည့်နေစဉ် မိုးကအတော်သည်းလာပါတယ်။ နောက် ဟိုတယ်ခေါင်မိုးပေါ်မှာပဲ နှုတ်ဆက်၊ လူစုခွဲလိုက်ကြပါတယ်။ လူစုမခွဲခင် ဂိုက်လုပ်သူက လာတဲ့သူအားလုံးကို ဟိုတယ်မှာ လက်ဖက်ရည်၊ ကော်ဖီနဲ့ အချိုပွဲစားဖို့ ကူပွန်လေးတွေ တစ်ယောက်တစ်ခု ပေးပါတယ်။ discount ကူပွန်တွေပါ။ အလကားတော့ မဟုတ်ပါဘူး။ တကယ်သွားစားရင်တော့ S$ ၁၈ ပေးရပါမယ်။ နေ့လယ်စာ၊ ညစာမဟုတ်ဘူး နော်။ လက်ဖက်ရည်ပွဲကို ပြောနေတာပါ။ မြန်မာငွေနဲ့ဆိုရင်တော့ တစ်ယောက်ကို ၂၀၀၀၀ နီးပါး ကျမယ်ထင်ပါတယ်။

စင်ကာပူနိုင်ငံမှာ အနေကြာတဲ့ စာရေးသူမိတ်ဆွေအချို့တောင် အခုလို ဖူလာတန်ဟိုတယ်ကပေးတဲ့ အခမဲ့ဝန်ဆောင်မှု အစီအစဉ်ရှိတယ်ဆိုတာ မသိကြပါဘူး။ စင်ကာပူမှာ ရှိနေတဲ့သူတွေ၊ စင်ကာပူကိုသွားမယ့်သူတွေ အခြေအနေပေးမယ်၊ အချိန်ရတယ်ဆိုရင် အဲဒီ The Fullerton Heritage Tour ကို သွားရောက်လေ့လာကြည့်စေချင်ပါတယ်။ ဒီခရီးစဉ်က အခမဲ့ဆိုပေမယ့် နေ့တိုင်း၊ အချိန်တိုင်းတော့မရှိပါဘူး။ တနင်္လာနေ့မှာ နံနက် ၁၁ နာရီ ၁၅ မိနစ်၊ ကြာသပတေးနေ့မှာ နံနက် ၁၁ နာရီ ၁၅ မိနစ်နဲ့ စနေနေ့မှာ နေ့လယ် ၃ နာရီ ၄၅ မိနစ်။ တစ်ပတ် သုံးရက်၊ တစ်နေ့တစ်ချိန်ပဲ ရှိပါတယ်။ စိတ်ဝင်စားရင် tfs.info@fullertonhotels.com နဲ့ enquiries@ fullertonhotels.com သို့အီးမေးလ်ပေးပို့ စုံစမ်းနိုင်ပြီး ခရီးစဉ်အသေးစိတ်အချက်အလက်များကိုလည်း https://www.thefullertonheritage.com/tours မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး အဆင်ပြေရင် တစ်ခါတည်း register ပါ လုပ်လို့ရကြောင်းပါ။ ။

> "ဖူလာတန်ဟိုတယ်ကြီးကို ၁၉၂၈ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပြီး အဲဒီတုန်းကတော့ ဖူလာတန်အဆောက်အအုံကြီး (Fullerton Building) လို့ လူသိများခဲ့ပါတယ်။ ဖူလာတန်ဟာ အရှေ့အာရှမှာ နာမည်ကျော်ကြားတဲ့ စင်ကာပူစာတိုက်ကြီးလည်း ဖြစ်ခဲ့ဖူးပြီး အခြားသော အစိုးရရုံးများ အခြေစိုက်ရာ အဆောက်အအုံကြီးလည်း ဖြစ်ခဲ့ပါတယ်။"


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
LUCKY
E-TOPUP
BONUS
Up To
120%
အစီအစဉ်တွင်ပါဝင်ရန်
*700#
ကို ဖုန်းခေါ်ဆိုရပါမည်။
၂၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ ငွေဖြည့်လက်ဆောင်များ ရရှိနိုင်ပါသည်။
E-topup သို့မဟုတ် MPT4U App မှ တစ်ဆင့် အနည်းဆုံး ၁၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းတိုင်း Lucky E-topup Bonus များ ရရှိနိုင်မည်ဖြစ်ပါသည်။
Promotion ကာလပြီးဆုံးမည့်အချိန်ကို MPT ၏ တရားဝင် Website တွင် ထုတ်ပြန်ကြေညာ ပေးသွားမည် ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ကျောက်ပန်းတောင်းကျောင်းစာသင်တိုက် (တာမွေ)
### မေတ္တာသင်တန်းကျောင်း (ပညာဒါန)

နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ။ 09 773511143/ 09 443080294

(၁၃)ကြိမ်မြောက် ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့်သွားရောက်အလုပ်လုပ်လိုသူများအတွက် 4 Skills, Basic, Grammar, EPS-TOPIK (မေးခွန်းများ) အောင်မြင်စွာဖြေဆိုနိုင်ရန် ဝါရင့်ဆရာမများမှသင်ကြားပေးမည်။နယ်မှတက်ရောက်လိုသူများအတွက် နေရာ (အခမဲ့) စီစဉ်ပေးသည်။

* လူဦးရေကန့်သတ်ထားသဖြင့် စာရင်းအမြန်ပေးသွင်းပါရန် *

Computer Basic (29-9-18),/Advance Excel, / LCCI I-II ( 30-9-18- Sun / Only) /Japan N5 (13-10-18,Sat, Sun),/ N4 (11-10-18,Thur, Fri) / English 4 Skills Basic (Sat, Sun/ 3-11-18) ဖွင့်မည်။အင်္ဂလိပ်စာအခြေခံ Level ( I ) Course အခြေခံ ABC မှစ၍ ဝါကျရေးနည်းများနှင့် ကာလ(၁၂)မျိုး အသေးစိတ်သင်ပေးခြင်း (5-11-18) ဖွင့်မည်။ ကျောင်းအပ်လက်ခံပြီ။


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7B/5600 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး၊(ရန်ကုန်အနောက်ပိုင်း)


## ဂုဏ်ထူး ဦးအောင်နိုင်

2019
ENGLISH QUESTION 5 SETS
၂၀၁၉ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ

မေးခွန်း တည်ဆောက်ပုံ အတိအကျ
အမှတ်ပေးစည်းမျဉ်း အသေးစိတ်
နမူနာမေးခွန်းနဲ့ အဖြေအပြည့်အစုံ
ထွက်ပြီ

၂၇၂ ပန်းဆိုးတန်းလမ်း၊ရန်ကုန်။ ၀၁ ၂၅၂၉၁၉ ၊ ၀၉ ၉၆၄၂၅၂၉၁၉



နိုင်ငံတကာ(၁၂)တန်းနှင့် ညီမျှပြီး ACT, USA မှ ပေးအပ်မည့်

## AMERICAN COLLEGE PROGRAM အတွက် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

အပတ်စဉ် - (၁၆)စက်တင်ဘာလ ၂၀၁၈

### Program လျှောက်ထားရန် လိုအပ်သည့် ပညာအရည်အချင်း

- မြန်မာဆယ်တန်းအောင်မြင်ထားသူများ
- iGCSE အနည်းဆုံး (၅) ဘာသာကို Grade " C " ဖြင့် အောင်မြင်ထားသူများ
- Grade 11 နှင့် ညီမျှသည့် ပညာရေးပြီးဆုံးထားသူများ

### ဝင်ခွင့်စာမေးပွဲ


- အင်္ဂလိပ်စာ
- သင်္ချာ

(လျှောက်ထားသူ၏ ပညာအရည်အချင်းနှင့် ရမှတ်များပေါ် မူတည်ပြီး ဝင်ခွင့်စာမေးပွဲ ကင်းလွတ်ခွင့်ရှိသည်၊၊

### သင်တန်းကာလ - (၁၂)လ

သင်ကြားမည့် ဘာသာရပ်များ -
- Academic English
- Mathematics
- Computing / Business / Science / Social Science / Psychology
- IELTS & ACT (American College Test)

သင်ကြားမှုပုံစံ | စစ်ဆေးမှုပုံစံ




အဆိုပါ ပရိုဂရမ်ပြီးဆုံးပါက အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်ကောလိပ်များမှ အသိအမှတ်ပြု အမေရိကန် (၁၂)တန်းလက်မှတ် ရရှိမည်ဖြစ်သည်၊၊ကျောင်းသားကျောင်းသူများ၏ GPA (Grade Point Average) အမှတ်များပေါ်မူတည်ကာ အမေရိကန်၊ ယူကေ၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် ကိုရီးယားတက္ကသိုလ်များသို့ ပညာ သင်ဆုများ၊ ဘာသာရပ် ကင်းလွတ်ခွင့်များဖြင့် ဆက်လက် တက်ရောက်နိုင်မည်ဖြစ်ပြီး ကျောင်းလျှောက်ထားမှုများအတွက် အခမဲ့ ဝန်ဆောင်မှု ပေးလျက်ရှိပါသည်၊၊

ဝင်ခွင့်စာမေးပွဲနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက
CROWN Education & Royal Academic Institute
KANBAWZA Tower, အမှတ် (၂၇၅) ၊ တတိယထပ်၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်၊၊
ဖုန်း - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ နှင့် ၀၉ ၄၅၀၀ ၅၆ ၃၀၀



## သုံးစွဲသူမိဘပြည်သူများအား ပန်ကြားအပ်ပါသည်

